ဗာဟုသစ္စဥ္စ တော် မင်္ဂလ မုတ္တမံ၊ အကြားအမြင်များခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၄ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၁၀)

ယနေ့ထုတ်
မြန်မာ့အလင်း
စောင်ရေ
၂၀၀၈၉၇

အမှာစကားပြောကြား

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)သို့ တက်ရောက်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်၏စေတနာမှန်ကိုသိမြင်ပြီးတိုင်းရင်းသားအဖွဲ့အစည်းများနိုင်ငံတော်နှင့်လက်တွဲမှု နယ်စပ်ဒေသအားလုံးနီးပါးအေးချမ်းပြီးမြို့ကြီးပြကြီးများနှင့်မခြား တိုးတက်ဖွံ့ဖြိုးလာ နယ်စပ်များတွင်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၉၇ရုံတည်ဆောက်နိုင်၍တိုင်းရင်းသားစည်းလုံးမှုပိုမိုတိုးတက် ဝန်ကြီးဌာနများကဆောင်ရွက်ပေးရမည့်လုပ်ငန်းများအကောင်အထည်ပေါ်ဖြစ်ထွန်းသည်အထိတာဝန်ယူဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ယနေ့မွန်းလွဲ၁နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၀၄)သို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❐

တရားသူကြီးများတရားရေးမဏ္ဍိုင် မယိမ်းယိုင်ရအောင်ထိန်းသိမ်းဆောင်ရွက် ပြည်သူများယုံကြည်ကိုးစားသည့်တရားစီရင်ရေးစနစ်ပေါ်ထွန်းလာအောင်ကြိုးပမ်း မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးတက်ကြွစွာပူးပေါင်းပါဝင်

ရန်ကုန် ဇန်နဝါရီ ၁၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သုနာပြုတက္ကသိုလ်ခန်းမ၌ တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများအားတွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

<u>**တက်ရောက်**</u>

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်များ၊ ဒုတိယရှေ့နေချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ **စာမျက်နှာ ၁၀ ကော်လံ ၁** ▼

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

ကျောက်မျက်ရတနာလုပ်ငန်းများ တိုးချဲ့ဆောင်ရွက် အမျိုးသားဝင်ငွေတိုးတက်ရရှိရေး ကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် မြေပေါ်မြေအောက် သယံဇာတပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ပုလဲရတနာများထွက်ရှိရာ ဘူမိနက်သန် နိုင်ငံဖြစ်သည်။

ကျောက်မျက်ရတနာများထွက်ရှိရာ မိုးကုတ်၊ မိုင်းရှူး၊ ပြင်လုံရတနာမြေများသာမက ကျောက်စိမ်းထွက်ရှိရာ ကချင်ပြည်နယ်မှ ဖားကန့်၊ လုံးခင်း၊ ဆားမော်ဒေသများ၊ စစ်ကိုင်းတိုင်း ခန္တီးဒေသ၊ မော်လူးမော်ဟန်ဒေသတို့သည် ပြည်တွင်းတွင်သာမက ကမ္ဘာသို့တိုင် ကျော်ကြားပျံ့နှံ့လျက်ရှိသည်။

အရည်အသွေးကောင်းပြီး ကမ္ဘာတွင် နာမည်ကြီးနေသည့် မြန်မာ့ရတနာများကို တိုးမြှင့်ရောင်းချနိုင်ရေးအတွက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ကျောက်မျက်ရတနာဥပဒေနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၇ ရက် မွန်းလွဲပိုင်းက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တာဝန်ရှိသူများ၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင်–

“မြန်မာနိုင်ငံ၏ တန်ဖိုးကြီးမားသည့် ကျောက်စိမ်း၊ ကျောက်မျက်ရတနာများကို တိုးချဲ့ရှာဖွေပြီး မြန်မာ့ကျောက်မျက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျဆောင်ရွက်ခဲ့သဖြင့် သတ္တုကဏ္ဍမှ နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရရှိလျက်ရှိကြောင်း၊ ကျောက်မျက်လုပ်ငန်းများအပြင် ရွှေ၊ ငွေ၊ ပုလဲနှင့် အခြားသတ္တုတူးဖော်မှုလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်ပြီး နိုင်ငံတော်အတွက် သတ္တုကဏ္ဍမှ ဝင်ငွေတိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရေး”

မှာကြားသည်။

ယခုအခါ နိုင်ငံတော်က ကျောက်မျက်ဈေးကွက်ဖြစ်ထွန်းရေး၊ ကျောက်မျက်ရတနာလုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းရေးနှင့် စနစ်တကျ မှန်ကန်မှုရှိရေးတို့အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်မျက်ရတနာနယ်မြေများအတွင်း သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များတွင် နိုင်ငံတော်နှင့်နိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးတူ ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်မှုရှိလာခြင်းမှာ နိုင်ငံတော်နှင့် နိုင်ငံသားပုဂ္ဂလိက ကုမ္ပဏီများပူးပေါင်းပြီး ကျောက်မျက်ရတနာ ဖက်စပ်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်များက ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးခြင်းနှင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသာယာလာခြင်းတို့ကြောင့် ဖြစ်သည်။

ထို့အပြင် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ပြည်တွင်း၌ ခင်းကျင်းပြသရောင်းချသကဲ့သို့ ပြည်ပနိုင်ငံများတွင် ခင်းကျင်းပြသရောင်းချသော ရတနာပြပွဲများသို့လည်း မြန်မာနိုင်ငံမှ တိုင်းရင်းသားပုဂ္ဂလိက ရတနာလုပ်ငန်းရှင်များအား သွားရောက်ရောင်းချမှုကို ခွင့်ပြုထားသည်။

ကျောက်မျက်ရတနာလုပ်ငန်းမှ နိုင်ငံတော်အတွက် အခွန်အခများရရှိသကဲ့သို့ ပုဂ္ဂလိက ကျောက်မျက်လုပ်ငန်းရှင်များအတွက်လည်း အကျိုးခံစားခွင့်များ ရရှိခဲ့ကြသည်။ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ အကျိုးစီးပွားဖြစ်ထွန်းမှုများ ရရှိကြသည့်နည်းတူ နိုင်ငံတော်အပေါ် မှန်မှန်ကန်ကန် သစ္စာရှိရှိဖြင့် ပြန်လည်အကျိုးပြုသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ကျောက်မျက်လုပ်ငန်းများအပြင် ရွှေ၊ ငွေ၊ ပုလဲနှင့် အခြားသတ္တုတူးဖော်မှုလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်ပြီး နိုင်ငံတော်အတွက် သတ္တုကဏ္ဍမှ အမျိုးသားဝင်ငွေ တိုးတက်ရရှိစေရန် နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိက ကျောက်မျက်လုပ်ငန်းရှင်များက ကြိုးပမ်းစွမ်းဆောင်သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။

ကြည့်ရှုစစ်ဆေး

ဇန်နဝါရီ ၁၅ ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်း ကျောက်တန်းမြို့နယ် မုတ္တမပင်လယ်ကွေ့ရှိ ရေငန်ပုစွန်များ မွေးမြူသည့် အောင်ချမ်းသာစခန်းသို့ ရောက်ရှိလာပြီး သဘာဝအလျောက် ကြီးပြင်းလာသည့် ကကတစ်ငါးများ ဖမ်းဆီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၂၁၀)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။



မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ အီးမေးလ်ဆက်သွယ်မှုသင်တန်း (E-Mail Operating Course)၊ အခြေခံ ဖိုင်ဘာကေဘယ်သင်တန်း (Basic Optical Fibre Course)၊ အော်တိုအိတ်ချိန်းအင်ဂျင်နီယာသင်တန်း (EWSD Engineering Course)၊ ဂြိုဟ်တုဆက်သွယ်ရေးသင်တန်း (Advancend Satellite Communication Course)၊ လက်ထောက်မန်နေဂျာသင်တန်း [Assistant Manager (P&T) Course] သင်တန်းများဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** သင်တန်းအသီးသီး၏ သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းအလိုက် ကိုယ်စားလှယ် တစ်ဦးစီနှင့် သင်တန်းတွင် ပထမ၊ ဒုတိယနှင့် သင်တန်းထူးချွန်ဆု ရရှိသူများကို ဆုများ ချီးမြှင့်သည်။ **(သတင်းစဉ်)**

ရွှေဟင်္သာ အမှတ်တရစာစဉ်မှ ထုတ်ဝေပြီး မျိုးဆက်သစ်စာပေ ဖုန်း–၂၄၉၉၄၁ က ဖြန့်ချိလိုက်သည့် သာမဏေကျော်၊ ဓမ္မာစရိယ ဓမ္မကထိက (ကိုး–ဘွဲ့ရ) ဆရာတော် အရှင်အာစာရာလင်္ကာရ ရေးသားပူဇော်သော အမေ့အတွက် ရွှေလက်ဆောင် တရားစာအုပ်မျက်နှာဖုံး။

(က–ပ)

မြန်မာ–ဂျပန်စာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်

ရန်ကုန် ဇန်နဝါရီ ၁၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Yuiji Miyamoto တို့သည် ယမန်နေ့နံနက် ၉ နာရီက အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်း၌ စာချွန်လွှာနှစ်ရပ်ကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

အဆိုပါ စာချွန်လွှာများအရ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက်အတွက် ယန်း ၄၆ သန်းနှင့် ယန်း ၁၁၃ သန်းတို့ကို ဂျပန်နိုင်ငံအစိုးရမှ အကူအညီပေးမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဗုဒ္ဓပူဇနီယပူဇော်ပွဲနှင့် ပဌာန်းပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ပဲခူးတိုင်း ညောင်လေးပင်မြို့ ကျက်သရေဆောင် မဟာတိလောက သမ္ဗုဂုကျောက်တော်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲ၊ အသံမစဲ မဟာပဌာန်း ပူဇော်ပွဲကို ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၉ရက်မှ လပြည့်ကျော် ၃ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး ဘုရားပွဲတော်တွင် သံဃာတော်များက ငါးရက်တိုင်တိုင် မဟာပဌာန်း မြတ်ပူဇော်ပြီး ဖေဖော်ဝါရီ၄ရက်မှ ၈ ရက်ထိ ငါးရက်တိုင် စတုဒိသာများ ဖြင့်ကျွေးမွေးညှော်ခံ၍ အားကစားပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့်စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး ဆိုင်ခန်းရယူလိုသူများ ဂေါပကအဖွဲ့နှင့် ဆက်သွယ်နိုင်ကြောင်းသိရသည်။**(က–ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

တိုးတက်မြင့်မားလာသော မြန်မာနိုင်ငံ ပညာရေးကဏ္ဍ

ကိုဖိုးကောင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ အရှည်တည်တံ့ခိုင်မြဲနေစေရန်အလို့ငှာ ပြည်သူတစ်ရပ်လုံး၏ ပညာရည်မြင့်မားရေးသည် အဓိကအခန်းကဏ္ဍက ပါဝင်နေသည်။ ပြည်သူတစ်ရပ်လုံး ပညာရည်မြင့်မားပြီး အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်မည်ဆိုလျှင် နိုင်ငံတော်သည် ကမ္ဘာတည်သရွေ့ အစဉ်တည်တံ့ခိုင်မြဲနေမည်မှာ မလွဲဧကန်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာကျောင်းများကို လိုအပ်ချက်နှင့်အညီ တိုးချဲ့မြှင့်တင် တည်ဆောက်ပေးလျက်ရှိသည်။

ထိုသို့ အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာကဏ္ဍမှ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ ၂၀၀၂–၂၀၀၃ ပညာသင်နှစ်အတွင်း အခြေခံပညာကျောင်းများအနေဖြင့် အထက်တန်းကျောင်း ၁၇၄၈ ကျောင်း၊ အလယ်တန်းကျောင်း ၃၀၈၂ ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၄၁၀၊ မူလတန်းကျောင်း ၃၂၇၅၇ ကျောင်း တည်ထောင်ဖွင့်လှစ်ပေးပြီး ဖြစ်သည်။ ထို့ပြင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ တည်ထောင်၍ ကလေးသူငယ်များအား ပညာသင်ကြားပေးလျက်ရှိရာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အလယ်တန်းအဆင့် ၁၁၇ ကျောင်း၊ မူလတန်းအဆင့် ၉၅၇ ကျောင်း တည်ထောင်ထားပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၄၉၇၂၂ ဦးကို ပညာသင်ကြားပေးလျက်ရှိသည်။

အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များကို ဝန်ကြီးဌာနများအလိုက် ဖွင့်လှစ်ထားရာ ဝန်ကြီးဌာန ၁၃ ခုတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ် ကောလိပ်ပေါင်း ၁၅၄ ကျောင်း ဖွင့်လှစ်ထားပြီး ဖြစ်သည်။ အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ကောလိပ်များတွင် တက်ရောက် ပညာသင်ကြားနိုင်ခြင်းမရှိသည့် ကျောင်းသား ကျောင်းသူများအတွက် "ပညာရေး ဝေးသည်မရှိ"ဟူသည့် ဆောင်ပုဒ်နှင့်အညီ အဝေးသင်ပညာရေးစနစ်ကိုလည်း ကျယ်ပြန့်စွာဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဝေးသင် ကျောင်းသားကျောင်းသူများအနေဖြင့် လေ့လာလိုသည့် သင်ခန်းစာများကို အလွယ်တကူလေ့လာနိုင်ရန်အတွက် e. Education Learning Centre များကို ပြည်နယ်နှင့် တိုင်းအသီးသီးတွင် ဖွင့်လှစ်ပေးခဲ့ရာ Learning Centre ပေါင်း ၄၅၅ ခု ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။ e. Education Learning Centre များ ဖွင့်လှစ်လိုက်ခြင်းအားဖြင့် နယ်တွင်ရောက်နေသော ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်များမှ ကထိကဆရာကြီး၊ ဆရာမကြီးများ၏ သင်ကြားပို့ချမှုများကို တိုက်ရိုက်ကြည့်ရှုလေ့လာနိုင်သည့် အခွင့်အရေးများ ရရှိနေကြပြီဖြစ်သည်။

နိုင်ငံတော်၏ ပညာရေးမျှော်မှန်းချက်မှာ **မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်** ဖြစ်သည်။ ပညာရေးရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် အနှစ်၃၀နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့သည်။အနှစ်၃၀ နှစ်ရှည်စီမံကိန်း (ပညာရေးကဏ္ဍ)မျှော်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

- နိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတော်တစ်ခုအဖြစ် တည်ဆောက်နိုင်စွမ်းရှိသည့် လူ့စွမ်းအား အရင်းအမြစ်ကို ဖန်တီးနိုင်ရန်၊
- ပညာစွမ်းရည်၊ ဉာဏစွမ်းရည်၊ လူမှုစွမ်းရည်မြင့်မားသည့် အရင်း အမြစ်သည် အလားအလာကောင်းသည့် အနာဂတ်ဖြစ်စေရန်အတွက် အာမခံချက်ဖြစ်သည်ကို တစ်မျိုးသားလုံးခံယူလျက် မြန်မာ့ပညာရေးစနစ်ကို တည်ထောင်ရန်၊
- မြန်မာ့ပညာရေးစနစ်သည် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ပင်မအရင်းအမြစ်ဖြစ်စေရန်နှင့် အလားတူ မြန်မာ့လူ့အဖွဲ့အစည်း တစ်ရပ်လုံးကိုလည်း မြန်မာ့ပညာရေးစနစ်၏ အရင်းအမြစ်အဖြစ် အသုံးပြုနိုင်စေရန်၊
- နိုင်ငံတော်တွင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက်လိုအပ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုများ တည်တံ့ခိုင်မြဲတိုးတက်နေစေရန်၊
- ခေတ်နှင့်အညီ ပေါ်ထွန်းလာမည့် နည်းပညာများကို အချိန်နှင့် တစ်ပြေးညီ အသုံးချနိုင်ပြီး အမြဲရှင်သန်နေသော အသိဉာဏ် အမြော်အမြင်တို့ဖြင့် ပြည့်စုံသည့် ပညာရေးပတ်ဝန်းကျင်ကို ဖန်တီးရန်၊
- နိုင်ငံတကာအဆင့်မီ သုတေသနလုပ်ငန်းများကို ပညာရေးကဏ္ဍတွင် သာမက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သော အခြားကဏ္ဍများတွင်လည်း ဆောင်ရွက်နိုင်ရန်၊
- လုပ်သားအင်အားတစ်ခုလုံးကို သင်ယူနေသော အင်အားအဖြစ် အသွင်ပြောင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊
- မြန်မာ့လူ့အဖွဲ့အစည်းကို ပညာလွှမ်းမိုးသော လူ့အဖွဲ့အစည်းအဖြစ် ဖြစ်ထွန်းလာရေးအတွက် ဆောင်ရွက်ရန်၊
- မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန်၊
- တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုတန်ဖိုး မြင့်တက်နေမှုနှင့် အတူ ပညာရေးကို မြှင့်တင်နိုင်ရန် အားထုတ်သကဲ့သို့ ပုဂ္ဂလိကပိုင်းဆိုင်ရာ အရင်းအနှီးနှင့် ထည့်ဝင်မှုတို့ကိုလည်း စီစဉ်ရန်၊
- မြန်မာနိုင်ငံ၏ ပညာရည်အဆင့်သည် နိုင်ငံတကာပညာရည်အဆင့် ဖြစ်စေရန်၊
- မည်သို့ပင် ကမ္ဘာ့နိုင်ငံအများ ဆက်စပ်ယှက်နွှယ် ဖြစ်ပေါ်ပြောင်းလဲလာသော်လည်း ပြည်ထောင်စုကို ချစ်မြတ်နိုးသော စိတ်ဓာတ်၊ အမျိုးသားရေး အကျိုးစီးပွား၊ အမျိုးသားရေးတန်ဖိုးနှင့် အမျိုးသားရေး စံနှုန်းများ လျော့ပါး ပျောက်ပျက်သွားခြင်း မရှိစေရန်။

အနှစ် ၃၀ နှစ်ရှည်စီမံကိန်း (အခြေခံပညာကဏ္ဍ) မျှော်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

- နိုင်ငံတော်တွင် ကျင့်သုံးလျက်ရှိသော နိုင်ငံရေး၊စီးပွားရေး၊လူမှုရေး အခြေခံများနှင့် လိုက်လျောညီထွေမှုရှိပြီး နိုင်ငံတကာပညာရေး အဆင့်နှင့် ရင်ပေါင်တန်းနိုင်သည့် အခြေခံပညာရေးစနစ် ဖြစ်ထွန်းလာရန်၊
- နိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာတတ်မြောက်ပြီး တိုးတက်ပြောင်းလဲလာသည့် သိပ္ပံပညာနှင့် နည်းပညာများ အကူအညီဖြင့် အေးချမ်းသာယာပြီး ခေတ်မီတိုးတက်သည့်နိုင်ငံတော်အဖြစ် တည်ဆောက်ကာကွယ်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာစေရန်၊
- လူမှုစီးပွားရေးအသီးသီးတွင် ထိုးထွင်းကြံဆမှုနှင့် တီထွင်ဖန်တီးမှု အရည်အသွေးပြည့်ဝစွာဖြင့် စွမ်းဆောင်နိုင်သူများ ပေါ်ထွန်းလာစေရန်၊
- ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရင့်သန်ခိုင်မာပြီး ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိသည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာစေရန်၊
- ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တကောင်းမွန်သည့် ဘက်စုံပညာပြည့်ဝသူများ ပေါ်ထွန်းလာစေရန်၊
- မိမိဘဝနှင့် လူမှုအဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်နိုင်သည့် ကမ္ဘာ့လူရည်မွန်များ ပေါ်ထွန်းလာစေရန်၊
- တစ်သက်တာသင်ယူမှုနှင့် စဉ်ဆက်ပညာရေး (Lifelong Learning and Continuing Education)၏ အကျိုးတရားကို နားလည်လက်ခံပြီး နိုင်ငံတော်နှင့် မိမိဘဝအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် အစဉ်လေ့လာ သင်ယူနေသော အဖွဲ့အစည်းအဖြစ် ပေါ်ထွန်းလာစေရန်၊
- မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် လေ့လာသင်ယူမှုအခွင့်အလမ်းများ တစ်ပြေးညီရရှိပြီး အသက်မွေးဝမ်းကျောင်းပညာအခြေခံဖြင့် ရွေးချယ်သင်ယူနိုင်စေရန်၊
- အခြေခံပညာကျောင်းများသည် ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ပင်မဌာနများအဖြစ် ပေါ်ထွန်းလာစေရန်။

အနှစ် ၃၀နှစ်ရှည်စီမံကိန်း (အဆင့်မြင့်ပညာကဏ္ဍ) မျှော်မှန်းချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

- နိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတော်တစ်ခုအဖြစ်တည်ဆောက်နိုင်စွမ်းရှိ သည့် လူ့စွမ်းအား အရင်းအမြစ်ကို ဖန်တီးနိုင်ရန်၊
- ပညာစွမ်းရည်၊ ဉာဏစွမ်းရည်၊ လူမှုစွမ်းရည်မြင့်မားသည့် အရင်းအမြစ်သည် အလားအလာကောင်းသည့် အနာဂတ်ဖြစ်စေရန်အတွက် အာမခံချက်ဖြစ်သည်ကို တစ်မျိုးသားလုံးခံယူလျက် မြန်မာ့ပညာရေးစနစ်ကို တည်ထောင်ရန်၊
- မြန်မာ့ပညာရေးစနစ်သည် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ပင်မအရင်းအမြစ်ဖြစ်စေရန်နှင့် အလားတူမြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးကိုလည်း မြန်မာ့ပညာရေးစနစ်၏ အရင်းအမြစ်အဖြစ် အသုံးပြုနိုင်စေရန်၊
- နိုင်ငံတော်တွင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက်လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုများ တည်တံ့ခိုင်မြဲတိုးတက်နေစေရန်၊
- ခေတ်နှင့်အညီ ပေါ်ထွန်းလာမည့် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ အသုံးချနိုင်ပြီး အမြဲရှင်သန်နေသောအသိဉာဏ်အမြော်အမြင်တို့ဖြင့် ပြည့်စုံသည့် ပညာရေးပတ်ဝန်းကျင်ကို ဖန်တီးရန်၊
- နိုင်ငံတကာအဆင့်မီ သုတေသနလုပ်ငန်းများကို ပညာရေးကဏ္ဍတွင်သာမက အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သောအခြားကဏ္ဍများတွင်လည်း ဆောင်ရွက်နိုင်ရန်၊
- လုပ်သားအင်အားတစ်ခုလုံးကို သင်ယူနေသော အင်အားအဖြစ် အသွင်ပြောင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊
- မြန်မာ့လူ့အဖွဲ့အစည်းကို ပညာလွှမ်းမိုးသော လူ့အဖွဲ့အစည်းအဖြစ် ဖြစ်ထွန်းလာရေးအတွက် ဆောင်ရွက်ရန်၊
- မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ခုဖြစ်လာစေရန်၊
- တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုတန်ဖိုး မြင့်တက်နေမှုနှင့်အတူ ပညာရေးကို မြှင့်တင်နိုင်ရန် အားထုတ်သကဲ့သို့ ပုဂ္ဂလိကပိုင်းဆိုင်ရာ အရင်းအနှီးနှင့် ထည့်ဝင်မှုတို့ကိုလည်း စီစဉ်ရန်၊
- မြန်မာနိုင်ငံ၏ပညာရည်အဆင့်သည် နိုင်ငံတကာပညာရည်အဆင့်ဖြစ်စေရန်၊
- မည်သို့ပင် ကမ္ဘာ့နိုင်ငံအများ ဆက်စပ်ယှက်နွှယ် ဖြစ်ပေါ်ပြောင်းလဲလာသော်လည်း ပြည်ထောင်စုကို ချစ်မြတ်နိုးသော စိတ်ဓာတ်၊ အမျိုးသားရေး အကျိုးစီးပွား၊ အမျိုးသားရေးတန်ဖိုးနှင့် အမျိုးသားရေးစံနှုန်းများ လျော့ပါး ပျောက်ပျက်သွားခြင်း မရှိစေရန်။

ပညာရေးကဏ္ဍတွင် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များ တိုးတက်လာသလို ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူအင်အားမှာအခြေခံပညာအဆင့်တွင်ကျောင်းသားကျောင်းသူ၇၅၅၂၆၈၆ ဦးနှင့် တက္ကသိုလ်ကောလိပ် ကျောင်းသားကျောင်းသူပေါင်း ၈၉၀၀၀၀ ကျော်အထိ တိုးတက်လာခဲ့ပြီဖြစ်သည်။ ထိုသို့ တိုးတက်လာသော ကျောင်းသားလူငယ်များ အနေဖြင့်ပညာရေး သာမက စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ၊မျိုးချစ်စိတ်ဓာတ်ပိုင်းဆိုင်ရာများတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် အတွက် ရည်ရွယ်ပြီး သင်ကြားရေး ဆရာ ဆရာမများအား လက်ရှိဖြစ်ပေါ်နေသော နိုင်ငံတော်အခြေအနေနှင့် ကမ္ဘာ့နိုင်ငံများအခြေအနေများကို သိရှိနိုင်စေရန်အတွက် ရည်ရွယ်၍ မွမ်းမံသင်တန်းများဖွင့်လှစ်ပို့ချခဲ့ရာ အခြေခံပညာအဆင့် ဆရာဆရာမများအတွက် (၅၄)ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး တက္ကသိုလ်ကောလိပ် ဆရာဆရာမများအတွက်သုံးကြိမ်ဖွင့်လှစ်ပြီးဖြစ်၍ လေးကြိမ်မြောက်ကို ဖွင့်လှစ်ပို့ချဆဲဖြစ်သည်။

၂၀၀၄ခုနှစ် ဇန်နဝါရီလ ၅ရက်နေ့တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တွင်ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ်ဆရာဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသားဆရာဆရာမများအား မိန့်ခွန်းပြောကြားရာတွင်–

"အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အနာဂတ်တည်တံ့ ခိုင်ခံ့စေရေးနှင့် နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ကြွားကြွား ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးကြရမည့် မျိုးဆက်သစ် ကျောင်းသူ ကျောင်းသား လူငယ်လူရွယ်များအား နိုင်ငံတော်ကို တည်ဆောက် ကာကွယ်နိုင်စေမည့် ပညာရပ်ဆိုင်ရာ စွမ်းအား၊ စိတ်ဓာတ်ရေးရာစွမ်းအား၊လူမှုရေးဆိုင်ရာစွမ်းအားတို့ ပြည့်ဖြိုးခိုင်မာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးထားနိုင်ရန်သည် နိုင်ငံတော်အတွက် ပဓာနအကျဆုံး အမျိုးသားရေးလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ အမျိုးသားရေးလိုအပ်ချက် ပီပြင်ပြည့်ဝစွာ အကောင်အထည်ပေါ်ထွန်းလာစေရေးမှာလည်း မျိုးဆက်သစ်လူငယ်များကို မူလတန်းအရွယ် ကျောင်းသူကျောင်းသားဘဝက စတင်ပြီး တက္ကသိုလ် ကောလိပ်များကနေ ဘွဲ့ဒီဂရီ ရရှိသည်အထိ လေ့ကျင့်ပျိုးထောင်ပေးနေကြသည့် အခြေခံပညာ ဆရာ ဆရာမများ၊တက္ကသိုလ်နှင့်ကောလိပ် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်ပင် အရေးပါလှကြောင်း၊ ယခုလို မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်၏လိုလားချက်နှင့်အညီ ပြုစုပျိုးထောင်ပေးနေသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတကာအခြေအနေများနှင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ရှေ့အနာဂတ်အလားအလာများ၊ နိုင်ငံတော်၏ ပညာရေးဆိုင်ရာမျှော်မှန်းချက်များကို နားလည်သဘောပေါက်စေခြင်းအားဖြင့် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ပိုမိုပြီး ပီပြင်စွာ ထမ်းဆောင်နိုင်ကြမှာဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ဆရာဆရာမများ အထူးမွမ်းမံသင်တန်းများကို နိုင်ငံတော်အစိုးရက အလေးထားဖွင့်လှစ်ပေးခဲ့ရာတွင် တက္ကသိုလ် ကောလိပ် ဆရာ ဆရာမများအတွက် သင်တန်းသုံးကြိမ်နှင့် အခြေခံပညာ ဆရာမများအတွက် သင်တန်း (၅၄)ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိနိုင်ငံ မိမိလူမျိုး နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာတိုးတက်မြင့်မားအောင် ဖော်ဆောင်ရေးမှာ ယနေ့ ကျောင်းသူ ကျောင်းသား လူငယ်လူရွယ်များကို ခေတ်မီအသိပညာ၊အတတ်ပညာများ တတ်ကျွမ်းရုံမျှမက မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရင့်သန်ခိုင်မာပြီး မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် မိမိတတ်ကျွမ်းသည့် အသိပညာ၊အတတ်ပညာစွမ်းအားဖြင့် ကြိုးပမ်းစွမ်းဆောင်လိုစိတ်ရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင်၊ လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်ကျောင်းသူ ကျောင်းသားများကို စိတ်ထားဖြူစင်မြင့်မြတ်ပြီး ကိုယ်ကျင့်တရား ဖြောင့်မတ်ခိုင်မာသည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များဖြစ်အောင်၊ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုနှင့် လူမှုရေးတန်ဖိုးများကို မြတ်နိုးလေးစားသည့် အသိပညာရှင်၊အတတ်ပညာရှင်များ ဖြစ်လာအောင် အထူးသဖြင့် အမျိုးသားရေးစိတ်ဓာတ်၊တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထက်သန်ခိုင်မာသည့် အသိပညာရှင်၊အတတ်ပညာရှင်များ ဖြစ်လာအောင် ဆရာ ဆရာမများက လေ့ကျင့်ပျိုးထောင်ပေးနိုင်သည်နှင့်အမျှ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်သည်လည်း ဖွံ့ဖြိုးစေစည်ခိုင်ခံ့ထည်ဝါမှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း" ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ မှာကြားချက်အတိုင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်နိုင်ရန်အတွက် အရေးအကြီးဆုံးဖြစ်သည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍမြှင့်တင်ရေးသည် အရေးအကြီးဆုံး အခန်းကဏ္ဍတစ်ခုဖြစ် သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ် ကလေးငယ်တိုင်း ကျောင်းနေနိုင်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အီရတ်နှင့်ပတ်သက်၍ ပြည်သူများယုံကြည်မှု ဘုရှ်ချေဖျက်ပစ်
အမေရိကန်အထက်လွှတ်တော်အမတ် အက်ဒ်ဝပ်ကနေဒီ ဝေဖန်

ဝါရှင်တန် ဇန်နဝါရီ ၁၇

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် မလိုအပ်သောပဋိပက္ခမှုအတွင်းသို့ အမေရိကန်ပြည်သူများကို အတင်းပါဝင်စေခြင်းဖြင့် အမေရိကန်ပြည်သူများ၏ ယုံကြည်မှုကို ချေဖျက်ပစ်ကြောင်းနှင့် အီရတ်ကို စစ်ပွဲဈေးကွက်ရှာခဲ့ကြောင်း ဒီမိုကရက်တစ်ခေါင်းဆောင် တစ်ဦးက ဗုဒ္ဓဟူးနေ့က ဝေဖန်ပြောကြားသည်။

ဘုရှ်နှင့် ၎င်း၏ အကြံပေးများသည် ၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက်တွင် တိုက်ခိုက်မှုမှဖြစ်ပေါ်လာသော ကြောက်ရွံ့မှုများကို အမြတ်ထုတ်ခဲ့ကြသည့်ပြင် အမေရိကန်နိုင်ငံခြားရေး မူဝါဒ၏ရာစုနှစ် နှစ်ခုကျော် အတွင်း အဆိုးရွားဆုံး အမှားတစ်ခုဖြစ်လာနိုင်သော ယင်းစစ်ပွဲကို တရားမျှတမှု ဖြစ်စေရန်အတွက် အမှန်တရားကို လှည့်စားပြီး ကစားခဲ့ကြောင်း အမေရိကန်အထက်လွှတ်တော်အမတ် အက်ဒ်ဝပ် ကနေဒီက ပြောကြားသည်။

ပြောဆို

၎င်းသည် ရီပတ်ဘလစ်ကင် အိမ်ဖြူကို အမေရိကန် ဘဏ္ဍာရေးဝန်ကြီး ပေါလ်အိုနီးလ်၏ မီးလောင်ရာလေပင့်သည့် ဝေဖန်ထိုးနှက်ချက်အပေါ် မှတ်ချက်ပေးရာတွင် ထိုသို့ပြောဆိုခြင်း ဖြစ်သည်။

ကနေဒီက ဘုရှ်သည် ဒီမိုကရက်တို့ ကွဲပြဲစေရန်အတွက် အီရတ်အချေတင်ဆွေးနွေးပွဲကို အချိန်ကိုက်လုပ်ဆောင်ခဲ့ပြီး စီးပွားရေးအကျပ်အတည်း ဖြစ်ပေါ်မှုအပေါ် အာရုံစိုက်မှုနှင့် အိုဆမာဘင်လာဒင် ဖမ်းဆီးမိရေး အကျပ်အတည်းတွေ့မှုအပေါ် အာရုံစိုက်ခြင်းတို့ကို ပြောင်းလဲခြင်းဖြင့် ၂၀၀၂ ကွန်ဂရက်ရွေးကောက်ပွဲ၌ ရီပတ်ဘလစ်ကင်တို့ အနိုင်ရအောင် အထောက်အကူပေးခဲ့သည်ဟု ပြောဆိုသည်။

မရှောင်နိုင်

ဗွန်လကုန်၌ အီရတ်အုပ်ချုပ်ရေးအဖွဲ့သို့ အုပ်ချုပ်ရေးလွှဲပြောင်းပေးရန် အမေရိကန်ပြည်ထောင်စုက ရည်ရွယ်ထားခြင်းနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုသည် စစ်ပွဲ၏အနိဋ္ဌာရုံများမှနေ၍ အလွယ်တကူရှောင်ခွာ မသွားနိုင်ကြောင်း ကနေဒီက ပြောကြားသည်။

ကြန့်ကြာ

ထို့ပြင် ကနေဒီက အီရတ်စစ်ပွဲကြောင့် အကြမ်းဖက်မှုရပ်တန့်ရေးကြိုးပမ်းချက် နှောင့်နှေး ကြန့်ကြာခဲ့ကြောင်း၊ အာဖဂန်စစ်ပွဲ၌ အယ်လ်ခိုင်ဒါကို မိမိတို့အလဲထိုးနိုင်ခဲ့သော်လည်း အီရတ်ကို စစ်ပွဲဆင်နွှဲခြင်းဖြင့် အယ်လ်ခိုင်ဒါ အုပ်စုကို ပြန်စုစည်းစေခဲ့ကြောင်း ပြောဆိုသည်။

အမ်အင်အေ၊ ရိုက်တာ

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

ဇန်နဝါရီ ၁၆ ရက်က ဘဂ္ဂဒက်မြို့အနီးတွင် အမေရိကန်တို့ ကျူးကျော်စစ်ဆင်နွှဲမှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသော အီရတ်တို့က အမေရိကန်စစ်ယာဉ်တစ်စီးရှေ့တွင် ဆန္ဒပြနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ချပ်ဝတ်တန်ဆာ မပြည့်စုံဘဲ အီရတ်သို့တပ်များစေလွှတ်မှု ဗြိတိန်ကာကွယ်ရေးဝန်ကြီး ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆို

လန်ဒန် ဇန်နဝါရီ ၁၆

ဗြိတိန်ကာကွယ်ရေးဝန်ကြီးသည် ဆန့်ကျင်ဝေဖန်မှုများနှင့် ရင်ဆိုင်နေရလျက်ရှိပြီး ပြည့်စုံလုံလောက်သည့် လက်နက်ခဲယမ်းများ တပ်ဆင်ပေးခြင်းမရှိဘဲ အီရတ်နိုင်ငံသို့ ဗြိတိန်တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့ခြင်းအတွက် နုတ်ထွက်ရန် တောင်းဆိုမှုများနှင့် ကြုံတွေ့နေရသည်။ တပ်ကြပ်ကြီး စတီဗင်ရောဘတ်သည် အီရတ်နိုင်ငံရှိ စစ်ဆေးရေးစခန်းတစ်ခုတွင် ရင်ဘတ်ကို ထိမှန်ပြီး သေဆုံးခဲ့ခြင်းကြောင့် ၎င်းသည် ကျည်ကာအင်္ကျီဝတ်ဆင်ထားပါက ယခုလို သေဆုံးမည်မဟုတ်ကြောင်း ရောဘတ်၏ မိသားစုက ပြောကြားလျက်ရှိသည်။

လက်နက်ခဲယမ်း၊ကိရိယာများမလုံလောက်ဖြစ်မှုနှင့်ပတ်သက်ပြီး စစ်မဖြစ်ပွားမီ သီတင်းပတ်က ၎င်း၏ဇနီးဖြစ်သူထံ ရေးသားခဲ့သော နေ့စဉ်မှတ်တမ်းကို ယခုအခါထုတ်ဖော်ပြသထားသည်။ ထိုနေ့စဉ်မှတ်တမ်းအရ တပ်ဖွဲ့ဝင်များသည် မည်ကဲ့သို့သော ကျည်ကာအင်္ကျီမျိုးများ ၎င်းတို့ရရှိမည်ဆိုသည်ကို စိတ်ဝင်စားနေကြပြီး စစ်ပွဲစတင်ချိန်တွင် ကျည်ကာအင်္ကျီများမရရှိဘဲ၊ စစ်ပွဲသို့ လိုအပ်သည့် လက်နက်ခဲယမ်း ကိရိယာများမပါဘဲ သွားခဲ့ကြသည်။

စစ်ပွဲစတင်ပြီး ငါးရက်အကြာတွင် စတီဗင်ရောဘတ်စ် သေဆုံးခဲ့သည်။ ထို့ကြောင့် ယခုအခါ လက်နက်ကိရိယာများမလုံလောက်မှုနှင့် ပတ်သက်ပြီး ဥပဒေပြုပုဂ္ဂိုလ်များ အချေအတင်ပြောဆိုနေကြပြီး ဂျော့ဖ်ဟွန်းရာထူးမှ နုတ်ထွက်ရမည်ဖြစ်ကြောင်း အတိုက်အခံများက ပြောကြားလျက်ရှိသည်။ ဒေါက်တာဒေးဗစ်ကယ်လီ သေဆုံးမှုနှင့်ပတ်သက်သည့်အစီရင်ခံစာကို ယခုလ ၂၈ ရက်တွင် ထုတ်ပြန်မည်ဖြစ်ပြီး တပ်ကြပ်ကြီး ရောဘတ် သေဆုံးမှုသည် စစ်ပွဲတွင် ပါဝင်ခြင်းနှင့် ပတ်သက်ပြီး နိုင်ငံရေးပြဿနာများထဲမှ နောက်ထပ်ပြဿနာတစ်ခု ဖြစ်ကြောင်း သိရသည်။

(စီအင်န်အင်န်)

အမေရိကန်တပ်များပစ်ခတ်၍ အီရတ်ရှစ်ဦးသေဆုံး

တီကရစ်(အီရတ်) ဇန်နဝါရီ ၁၆

အီရတ်နိုင်ငံမြောက်ပိုင်း ဆာမာရာမြို့တွင် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားရာ၌ အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် အီရတ်ရှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့ မြောက်ဘက်မိုင် ၆၀ အကွာရှိ ဆာမာရာမြို့တွင် ကင်းလှည့်ကြစဉ် အီရတ်တို့က မောင်းပြန်သေနတ်များဖြင့် စတင်ပစ်ခတ်ခြင်း ဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ပြီး တိုက်ခိုက်သူများနောက်သို့ လိုက်လံပစ်ခတ်ကြကြောင်း စစ်တပ်ပြောခွင့်ရ အမျိုးသမီးက ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် အီရတ်ရှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာ ရကာ အခြား ၂၆ဦးကို အမေရိကန် တပ်များက ဖမ်းဆီးမိခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

လက်နက်ရှာဖွေရေးအကြီးအကဲ အီရတ်သို့ပြန်မသွားဟုပြောဆို
လက်နက်ရှာဖွေတွေ့ရှိမည့် မျှော်လင့်ချက် စွန့်လွှတ်ပုံရ

ဝါရှင်တန် ဇန်နဝါရီ ၁၆

အီရတ်တွင်ရှိသော အမေရိကန်လက်နက်ရှာဖွေရေးအဖွဲ့အကြီးအကဲ ဒေးဗစ်ကေးက အီရတ်သို့ ၎င်းပြန်သွားမည်မဟုတ်ကြောင်း ပြောကြားသည်ဟု အမေရိကန်အစိုးရသတင်းရပ်ကွက်တစ်ခုက ကြာသပတေးနေ့၌ ပြောကြားသည်။

ယခုကဲ့သို့ ဒေးဗစ်ကေး၏ ဆောင်ရွက်မှုသည် ၎င်းအနေဖြင့် ပိတ်ပင်တားမြစ်ထားသော လက်နက်များ ရှာဖွေတွေ့ရှိမည့် မျှော်လင့်ချက်ကို စွန့်လွှတ်သည့်လက္ခဏာဖြစ်သည်ဟု ဆိုသည်။

ဒေးဗစ်ကေးက ၎င်းအနေဖြင့် အီရတ်သို့ပြန်မသွားလိုကြောင်းကို ဗဟိုထောက်လှမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူး ဂျော့တီနက်ကို ပြောကြားခဲ့ကြောင်း ရိုက်တာကဖော်ပြသည်။

စီအိုင်အေအနေဖြင့် မစ္စတာကေးကို ဖျောင်းဖျနိုင်ခြင်းရှိသည် မရှိသည်မှာ အတိအကျမသိရကြောင်း သတင်းရပ်ကွက်က ပြောကြားသည်။

ရှာမတွေ့ခဲ့

တီနက်သည် ဇီဝနှင့်ဓာတုလက်နက်များအပြင် နျူကလီးယားလက်နက်အစီအစဉ်ကို ဦးဆောင်ရှာဖွေရန် အထူးအကြံပေးအဖြစ် ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးဟောင်း ဒေးဗစ်ကေးကို လွန်ခဲ့သည့် ဇွန်လ၌ ခန့်အပ်ခဲ့သည်။

သို့ရာတွင် ရှာဖွေတွေ့ရှိခြင်း မရှိခဲ့ပေ။ ဇီဝနှင့်ဓာတုဗေဒလက်နက်များ သို့မဟုတ် တစ်စုံတစ်ရာ အထောက်အထားများ အီရတ်၌ ရှာမတွေ့ခဲ့ဘဲရှိသည်။ **(အင်တာနက်)**

ဇန်နဝါရီ ၁၆ရက်က တီကရစ်မြို့တွင် မြေမြှုပ်မိုင်းထိမှန်၍ ပျက်စီးသွားသော ကားတစ်စီးကို အမေရိကန်တပ်ဖွဲ့များက ကြည့်ရှုစစ်ဆေးနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဒေးဗစ်ကယ်လီသေဆုံးမှုစစ်ဆေးသော တရားသူကြီး နှစ်ပတ်အတွင်း အစီရင်ခံစာတင်ပြမည်

လန်ဒန် ဇန်နဝါရီ ၁၆

ဗြိတိန်လက်နက်ကျွမ်းကျင်သူ သေဆုံးခဲ့မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိသော တရားသူကြီးတစ်ဦးက ၎င်း၏အစီရင်ခံစာကို နှစ်ပတ်တာအတောအတွင်း ထုတ်ပြန်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သတင်းအကြောင်းတစ်ရပ်၏ မူရင်းဇာစ်မြစ်သတင်းပေးသူအဖြစ် ဖော်ထုတ်ခြင်းခံရပြီးနောက် ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးဟောင်းဖြစ်သူ ဒေးဗစ်ကယ်လီ သေကြောင်းကြံစည်ခဲ့သည်။ ထိုသတင်းထဲတွင် စစ်မဖြစ်မီက အီရတ်လက်နက် ကိုင်များနှင့် ခြိမ်းခြောက်နိုင်မှုကို ဝန်ကြီးချုပ် တိုနီဘလဲ၏ ရုံးခန်းက ချဲ့ကား ပြောကြားခဲ့ကြောင်း ပါရှိသည်။ ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျော့ဟွန်းသည်လည်း အဆိုပါကိစ္စတွင် ၎င်းပါဝင်ပတ်သက်သော အခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်း ဖော်ပြရန် ဖိအားပေးခြင်းခံရလျက်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အိန္ဒိယနှင့်ပါကစ္စတန် မီးရထားခရီးစဉ် ပြန်လည်စတင်

နယူးဒေလီ ဇန်နဝါရီ ၁၆

ပါကစ္စတန်နိုင်ငံမှ ထွက်ခွာလာသော မီးရထားတစ်စင်းသည် အိန္ဒိယနိုင်ငံသို့ ဇန်နဝါရီ ၁၅ရက်တွင် ရောက်ရှိလာသည်။ အိမ်နီးချင်းနှစ်နိုင်ငံကြား မီးရထားလမ်းကြောင်း ဆက်သွယ်မှု နှစ်နှစ်ကြာမျှ ပြတ်တောက်သွားခဲ့ပြီးနောက် နိုင်ငံကူး မီးရထားခရီးစဉ်များကို ပြန်လည် စတင်ခြင်းဖြစ်သည်။

ချစ်ကြည်ရေးဟု အမည်ပေးထားသော အမြန်ရထားသည် ပါကစ္စတန်နိုင်ငံရှိ မြို့ကြီးတစ်မြို့ ဖြစ်သော လာဟိုးမြို့မှ အိန္ဒိယနိုင်ငံ၏ နယ်စပ်ဒေသတွင် တည်ရှိသော အတ္တာရီဘူတာရုံသို့ ဆိုက်ရောက်လာခဲ့သည်။

(အင်တာနက်)

အီရတ် မြင်ကွင်း

အမေရိကန်တို့၏ပုံးဒဏ်ကြောင့် နေအိမ်များ ပျက်စီး

ကန်တို့ ယူရေနီယံအသုံးပြုမှု အီရတ်တို့ကင်ဆာဖြစ်ရ

ဘဂ္ဂဒက်နှင့် ဘာကူဘာမြို့တို့၌ ပေါက်ကွဲမှုများ ဖြစ်ပွား

အီရတ်နိုင်ငံ ဘာကူဘာမြို့၌ ဆိုင်ကယ်ဗုံးတစ်လုံး ပေါက်ကွဲပြီးနောက် လုံခြုံရေး ဧရိယာအတွင်း စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နေရာယူ

ဇန်နဝါရီ ၁၆ ရက်က ဘဂ္ဂဒက်မြို့၌ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာ၌ အမေရိကန်တပ်ဖွဲ့ဝင်များက လုံခြုံရေးနေရာယူထားစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ကမ္ဘာ့လူမှုရေးဖိုရမ် ဖွင့်ပွဲနေ့တွင် ဂျပန်ဓာတ်ပုံ၊ သတင်းထောက်နှင့် ငြိမ်းချမ်းရေးလိုလားသူများက ပင်လယ်ကွေ့စစ်ပွဲနှစ်ခုတွင် အမေရိကန်တပ်များက ယူရေနီယံများ အသုံးပြုတိုက်ခိုက်မှုကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ကာ ကင်ဆာဖြစ်ပွားနေသော အီရတ်လူမျိုးများ၏ ရုပ်ပုံကားချပ်များကို ကိုင်ဆောင်ကာ ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အခြေအနေဆိုးရွား

အီရတ်နိုင်ငံ၌ ခုခံတိုက်ခိုက်မှုများ အဆက်မပြတ် ဖြစ်ပွားလျက်ရှိသည်။ အောက်ပုံမှာ ဇန်နဝါရီ ၁၆ ရက်က ဘဂ္ဂဒက်မြို့၌ လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ယခုအခါ အီရတ်နိုင်ငံအတွင်း လုံခြုံရေးအခြေအနေ ဆက်လက်ဆိုးရွားနေလျက်ရှိကြောင်း သိရသည်။)

(ဓာတ်ပုံ–အင်တာနက်)



ဇန်နဝါရီ ၁၆ ရက်က ဘဂ္ဂဒက်မြို့ လမ်းတစ်လမ်းတွင် တောင်းရမ်းစားသောက်နေရသည့် အီရတ်အမျိုးသမီးကြီး ဖော်ဇီးရပ်ခါလက်ဖ်နှင့် သူမ၏သား ဂျက်ဆင်မိုဟာမက် တို့ကို တွေ့ရစဉ်။

(အဆိုပါ သားအမိက ပြောဆိုရာတွင် စစ်ပွဲအတွင်းက အမေရိကန်တပ်များ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ၎င်းတို့၏ အိမ်ပျက်စီး ဆုံးရှုံးခဲ့ရကြောင်း၊ ဘဂ္ဂဒက် မြို့တွင် ၎င်းတို့ကဲ့သို့ နေအိမ်ဆုံးရှုံးခံရသူ အများအပြား ရှိကြောင်း ဖွင့်ဟပြောဆိုသည်။)

(ဓာတ်ပုံ–အင်တာနက်)

ပါလက်စတိုင်းဟိုတယ်ကို အမေရိကန်တို့ပစ်ခတ်၍သတင်းထောက်များသေဆုံးခဲ့ရမှု သမ္မတဘုရှ်အစိုးရအဖွဲ့၌တာဝန်ရှိကြောင်းသတင်းမီဒီယာစောင့်ကြည့်ရေးအဖွဲ့က ပြောဆို

လန်ဒန် ဇန်နဝါရီ ၁၆

ဘဂ္ဂဒက်ဟိုတယ်တစ်ခုကို အမေရိကန်တို့ ပစ်ခတ်လိုက်သည့် ကျည်ထိမှန်ပြီး သတင်းစာဆရာနှစ်ဦး သေဆုံးခဲ့ရခြင်းသည် ရာဇဝတ်မှုနှင့်မကင်းသော ပေါ့ဆမှုကြောင့်ဖြစ်ကြောင်း၊ ယင်းကိစ္စတွင် သမ္မတဂျော့ဒဗလျူဘုရှ်၏အစိုးရအဖွဲ့၌ တာဝန်ရှိကြောင်း သတင်းမီဒီယာစောင့်ကြည့်အဖွဲ့က ကြာသပတေးနေ့၌ပြောကြားသည်။

သေဆုံး

ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားသည့် အမေရိကန်ဦးဆောင်သောစစ်ပွဲ၏ နောက်ဆုံးအဆင့်တွင် ဘဂ္ဂဒက်မြို့ရှိ ပါလက်စတိုင်းဟိုတယ်ကို ဧပြီ ၈ရက် ၌ အမေရိကန်တင့်ကားတစ်စီးက ပစ်ခတ်သည့် စိန်ပြောင်းကျည်တစ်ခု ထိမှန်ခဲ့သဖြင့် ရိုက်တာ ဓာတ်ပုံသတင်းထောက် တာရပ်စ်ပရော့တ်ယာ့ခ်နှင့် စပိန်ရုပ်မြင်သံကြား သတင်းထောက် ဂျို့စ်ကူဆိုတို့ သေဆုံးခဲ့ရသည်။

ပြောကြား

လူထုဆက်သွယ်ရေးကို ယင်းသို့ ပစ်ခတ်ခြင်းသည် တမင်ရည်ရွယ်ပစ်ခတ်ခြင်းမဟုတ်သော်လည်း ထိုဟိုတယ်၌ သတင်းစာဆရာ အများအပြားရှိကြောင်းကို တပ်မှူးများက အမေရိကန်တပ်ဖွဲ့ဝင်များကို ပြောထားပြီးဖြစ်မည်ဟု ပါရီအခြေစိုက် သတင်းထောက်များ စောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်ရှိ သတင်းစာဆရာများကို တမင်ရည်ရွယ်ပစ်ခတ်ခြင်း မဟုတ်ဟုဆိုသော်လည်း ယင်းလုပ်ရပ်သည် ရာဇဝတ်မှုနှင့်မကင်းသော ပေါ့ဆမှုဖြစ်သည်ဟု စောင့်ကြည့်အဖွဲ့က ပြောဆိုသည်။ ယင်းကိစ္စအတွက် အမေရိကန်စစ်တပ်က စုံစမ်းစစ်ဆေးမှုကို ပြန်ဖွင့်ပေးရန် တောင်းဆိုထားသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာသတင်းများ

အီရတ်တွင်ခုခံရေးစစ်ပွဲများ ဆက်လက်ရှိနေဦးမည်ဟုသတိပေး

တီကရစ် ဇန်နဝါရီ ၁၆

အီရတ်နိုင်ငံတွင် ရောက်ရှိနေကြသော အမေရိကန်စစ်တပ်များသည် အနာဂတ်တွင် အီရတ်အမျိုးသား ခုခံရေးသမားများနှင့်အီရတ်သို့ဝင်ရောက်လာကြသော နိုင်ငံခြားသားတိုက်ခိုက်ရေးသမား၏ အန္တရာယ်ကို ဆက်လက်ရင်ဆိုင်နေရဦးမည်ဖြစ်ကြောင်း အမေရိကန်ဗိုလ်ချုပ်တစ်ဦးက ကြာသပတေးနေ့တွင်သတိပေးစကားပြောကြားခဲ့သည်။

တိုက်ခိုက်မှုများ လျော့ကျလာသည်ဆိုသော်လည်း ဆက်ဒမ်၏သစ္စာခံမဟုတ်သော အီရတ်လူမျိုးများနှင့် နယ်စပ်မှဖြတ်ကျော်ဝင်ရောက်လာသည့် နိုင်ငံခြားသားများသည် အမေရိကန် ဦးဆောင်သော သိမ်းပိုက်ရေးတပ်များကိုဆက်လက် ဆန့်ကျင်တိုက်ခိုက်နေဦးမည့် အန္တရာယ်ရှိနေသေးကြောင်း ဗိုလ်ချုပ်ရေးမွန်အိုဒီရာဒိုက ပြောကြားသည်။အီရတ်များသည် နိုင်ငံခြားသားများ ၎င်းတို့ နိုင်ငံ၌ရှိနေသည်ကို မလိုလားကြောင်း၊ အီရတ်သည် အီရတ်လူမျိုးများအတွက်သာဖြစ်ရမည်ဟု သဘောထားကြောင်း၊ ၎င်းတို့သည် အနောက်တိုင်းသားများကို သဘောမကျကြသောကြောင့် ဆက်လက်ဆန့်ကျင်တိုက်ခိုက်ကြမည်ဖြစ်ကြောင်း၊ အီရတ်သည် အနောက်တိုင်း ယဉ်ကျေးမှုကို စစ်ခင်းရာနယ်မြေပင် ဖြစ်သည်ဟု မိမိယုံကြည်ကြောင်း ဗိုလ်ချုပ်အိုဒီရာဒိုက ဖြည့်စွက်ပြောကြားသွားသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ပြိုကွဲစေမည့်အမေရိကန်၏အစီအစဉ် ဘဂ္ဂဒက်၊ ဘာဆာရာနှင့်မိုဆူးလ်မြို့များ၌ကန့်ကွက်ဆန္ဒပြ

တီကရစ်/ ဘာဆာရာ ဇန်နဝါရီ ၁၆

အီရတ်တောင်ပိုင်းရှိ ဘာဆာရာမြို့တွင် အီရတ်ပြည်သူများသည် ၎င်းတို့၏ ခေါင်းဆောင် အယ်လ်အစ္စတာနီကို ထောက်ခံလျက် အမေရိကန်အလိုမရှိကြောင်း အော်ဟစ်ကာ ယမန်နေ့က ချီတက်ဆန္ဒပြခဲ့သည်။

ထို့ပြင် ဘဂ္ဂဒက်၊ ရာမာဒီနှင့် မိုဆူးလ်မြို့များ၌လည်း ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။ အီရတ်နိုင်ငံ အပိုင်းများကွဲမည့် အီရတ်၏အနာဂတ်ဆိုင်ရာ အမေရိကန်အစီအစဉ်ကိုဆန့်ကျင်ကန့်ကွက်ကာ ဆန္ဒပြကြခြင်း ဖြစ်သည်။

ဘဂ္ဂဒက်မြို့ မြောက်ဘက်သုံးနေရာ၌ ဖြစ်ပွားသော တိုက်ခိုက်မှုများတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် အီရတ်ခုနစ်ဦး သေဆုံးခဲ့ရသည်။

ဘာကူဘာမြို့ဝန်းကျင်၌ ဖြစ်ပွားသည့်တိုက်ခိုက်မှုနှစ်ခုတွင် အီရတ်တိုက်ခိုက်ရေးသမားခြောက်ဦး သေဆုံးကာ တစ်ဦး ဒဏ်ရာရခဲ့သည်။

ဘာကူဘာအနောက်ဘက် ၁၅ကီလိုမီတာ၌ရှိသော အဘူကာမာကျေးရွာ၌ ဖြစ်ပွားသည့် တိုက်ပွဲတွင် ခုခံတိုက်ခိုက်ရေးသမား လေးဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရခဲ့သည်။

(အင်တာနက်)

ဆန္ဒပြ

ဇန်နဝါရီ ၁၆ ရက်က ဘာဆာရာမြို့တွင် အီရတ်ပြည်သူများက ၎င်းတို့လိုလားသော အီရတ်ခေါင်းဆောင်တစ်ဦး၏ရုပ်ပုံကို ကိုင်ဆောင်၍ "အမေရိကန်တို့အလိုမရှိ"ဟူသော ကြွေးကြော်သံများ ကြွေးကြော်ကာ ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တိုက်ပွဲ၌မဟုတ်ဘဲကန်တပ်ဖွဲ့ဝင်များသေဆုံးမှုများပြား

ဘဂ္ဂဒက် ဇန်နဝါရီ ၁၆

အီရတ်နိုင်ငံတွင် အမှုထမ်းနေသော သားများ၊ သမီးများ၊ ခင်ပွန်းများနှင့် ဇနီးများ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးရသည့်အတွက် ဝမ်းနည်းပူဆွေးရမှုသည် တိုက်ပွဲ၌ သေဆုံးရမှုနှင့် အတူတူပင်ဖြစ်သည်။ ထိုသို့ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးရခြင်းများ သည် ကားမှောက်ခြင်း၊ ရေနစ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်းတို့ကြောင့်ဖြစ်ရာ ထိခိုက်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ သုံးပုံတစ်ပုံနီးပါးရှိကြောင်း သိရသည်။

စုစုပေါင်း သေဆုံးသောတပ်ဖွဲ့ ဝင်အရေအတွက်သည် ၅၀၀နီးပါး ကပ်ချိန်တွင် ထိုကဲ့သို့ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးသူများ၏ ရာခိုင်နှုန်းသည်မြင့်မားဖွယ်ရှိသည်။

(အင်တာနက်)

ဇန်နဝါရီ၁၆ ရက်က ဘဂ္ဂဒက်မြို့ရှိ လမ်းတစ်လမ်းတွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့၏ကျူးကျော်စစ်ဆိုးကျိုး အီရတ်ကလေးငယ်များ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုဖြစ်ခဲ့ရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၆

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ အီရတ်ကို ကျူးကျော်စစ်ဆင်နွှဲခဲ့သည့် ဆိုးကျိုးကြောင့် အီရတ်နိုင်ငံရှိ ကလေးငယ်များ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများဖြစ်ခဲ့ရသည်။

ဘဂ္ဂဒက်တောင်ဘက်၌ရှိသော ဆီးဆင်းအနုပညာကျောင်း ရည်မှန်းချက်ပန်းတိုင်သည် လေ့လာသင်ကြားရေးမဟုတ်ဘဲ ကလေးဘဝဆုံးရှုံးနစ်နာခဲ့ရသော အီရတ်ကလေးငယ်များကို ကလေးဘဝ ပြန်လည်ပေးဆပ်ရန်ဖြစ်သည်။

ထိုကျောင်းတွင် အတန်းလည်း မရှိသကဲ့သို့ စာမေးပွဲလည်း မရှိချေ။ အခြားကျောင်းများ၌ တရားဝင်သင်ခန်းစာများကို လေ့လာကျက်မှတ်ခဲ့ကြပြီးသည့်အခါ အသက်ငါးနှစ်မှ ၁၈နှစ်ထိရှိသောကလေး ၁၈၀သည် တစ်နေ့လျှင်နာရီအနည်းငယ်မျှ ဤကျောင်းသို့ လာရောက်ကြပြီး ဆရာမ သင်ကြားပြသပေးသော အနုပညာတေးဂီတတို့ကို ဆရာမ အကူအညီဖြင့် သင်ယူကြရသည်။

တေးဂီတသို့မဟုတ် ပန်းချီရေးဆွဲခြင်းသည် ကလေးငယ်များအား ၎င်းတို့၏ အမှန်တကယ်အဖြစ်အပျက် ခံစားနေရသောဘဝကို မေ့ပျောက်စေကြောင်း အဆိုပါကျောင်းအဖွဲ့ဝင် အမှုထမ်းတစ်ဦးက ပြောကြားသည်။ ကလေးဘဝ၏အသံဟုခေါ်သော အဆိုပါကျောင်းကို အစိုးရနှင့်မဆိုင်သော အီရတ်အဖွဲ့အစည်းတစ်ခုက လွန်ခဲ့သည့် အောက်တိုဘာလထဲ၌ ထူထောင်ခဲ့ခြင်းဖြစ်ပြီး မသန်စွမ်းသော ကလေးများ၊ ချို့တဲ့သော ကလေးများကို လက်ခံသည်။ **အမ်အင်အေ၊ ရိုက်တာ**

အီရတ်မပြိုကွဲရေး အိမ်နီးချင်းနိုင်ငံများ ပါဝင်ကူညီမည်

အန်ကာရာ ဇန်နဝါရီ ၁၆

ရေနံကြွယ်ဝသော အီရတ်နိုင်ငံမြောက်ပိုင်းဒေသကို ထိန်းချုပ်ရန် အကယ်၍ ကာ့ဒ်တို့က ကြိုးပမ်းမည်ဆိုလျှင် ကာ့ဒ်တို့ကို ရပ်တန့်သွားအောင်လုပ်မည်ဖြစ်ကြောင်း၊ အီရတ် နိုင်ငံမပြိုကွဲရေးအတွက် အီရတ်၏ အိမ်နီးချင်းများက ပါဝင်ကူညီမည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ်က အီရတ်ခေါင်းဆောင်တစ်ဦးကို ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

အကယ်၍ အီရတ်နိုင်ငံပြိုကွဲရေးဆီသို့ ဦးတည်လုပ်ဆောင်မည်ဆိုလျှင် အိမ်နီးချင်းနိုင်ငံများ ပါဝင်ကူညီမည်ဖြစ်ကြောင်း၊ ဆီးရီးယားနှင့်အီရန်နိုင်ငံတို့ကလည်း အလားတူ စဉ်းစားကြမည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ်ရီဆက်ပ်တေယစ် အာဒိုဂန်က ပြောဆိုသည်။

(အင်တာနက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံဆရာဝန်ညီလာခံဥက္ကဋ္ဌ၏ ဂုဏ်ပြုညစာစားပွဲတက်ရောက်ချီးမြှင့်

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံဆရာဝန်အသင်း အကြိမ်(၅၀)မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံဥက္ကဋ္ဌ၏ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညဖ နာရီခွဲတွင် ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်၌ ကျင်းပရာ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂)ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရ အဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသား ကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အကြိမ်(၅၀)မြောက်မြန်မာနိုင်ငံဆရာဝန် ညီလာခံကိုယ်စားလှယ်ဆရာဝန်များ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန်ညီလာခံသို့ ပြည်ပမှတက်ရောက်လာကြသည့် မြန်မာဆရာဝန်ကြီးများနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

(သတင်းစဉ်)



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ ဆရာဝန်အသင်းအကြိမ်(၅၀)မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံဥက္ကဋ္ဌ၏ တည်ခင်းသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။

(သတင်းစဉ်)

● မြန်မာ့မဟာဂီတမှ

(၁) မြန်မာ့ရိုးရာယဉ်ကျေးမှု ဂီတအနုပညာကို တစ်မျိုးသားလုံးမှ ထိန်းသိမ်းစောင့်ရှောက်ရာတွင် မိမိတို့ တတ်ကျွမ်းသော ခေတ်မီနည်းပညာ ရပ်များဖြင့် တစ်တပ်တစ်အား ပါဝင်နိုင်ရန်၊

(၂) မြန်မာ့ယဉ်ကျေးမှု မဟာဂီတအနုပညာကို နိုင်ငံတကာမှ သိရှိပျံ့နှံ့လာစေရန်၊

(၃) နိုင်ငံတကာနှင့် မြန်မာ လူငယ်လူရွယ်များကမ္ဘာသုံးဂီတသင်္ကေတဖြင့်မြန်မာ့မဟာဂီတကို လေ့လာသင်ယူတီးခတ်နိုင်စေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊၂၀၀၀ ပြည့်နှစ်က ထုတ်ဝေခဲ့သည့် မဟာဗုဒ္ဓဝင် CD-Rom နှင့် ဗီဒီယိုအခွေ Project ပြုလုပ်စဉ်က ဂီတသံစဉ်ပိုင်းတွင် တာဝန်ယူဆောင်ရွက်ခဲ့သည့် ဂီတပညာရှင်များသည် ကွန်ပျူတာ နည်းပညာဖြင့် နောက်ခံမြန်မာ့သံစဉ်များ ဖန်တီး တီးခတ်ခဲ့သည့် အတွေ့အကြုံများကိုရယူကာမဟာဂီတ အခြေခံသင်ရိုးကြိုး ၁၃ ပုဒ်ကို နိုင်ငံတကာသုံး ဂီတသင်္ကေတဖြင့် ရေးသား ထိန်းသိမ်းရန် စတင်ဆောင်ရွက်ခဲ့ပါ ကြောင်း။

CD-Rom ရေးသားရာတွင် Computerပညာရှင်များ၊ မဟာဂီတနှင့် Staff Notation သင်္ကေတ ကျွမ်းကျင်သူများ၊ တူရိယာပညာရှင်များ၊ ပန်းချီ၊ဒီဇိုင်းပညာရှင်များစသည်ဖြင့် မြန်မာ့ရိုးရာ အနုပညာနှင့် Computerနည်းပညာတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြရပါကြောင်း။

မြန်မာ့ဂီတအခြေခံ CD-Rom တွင် အပိုင်း လေးပိုင်းထည့်သွင်းထားပါကြောင်း။

(၁) ကမ္ဘာသုံးဂီတ သင်္ကေတနည်းပညာ (ကမ္ဘာ့ဂီတ သင်္ကေတ လေ့လာသင်ကြားရေး)

(၂) မြန်မာ့မဟာဂီတ အခြေခံသင်ရိုး (ကြိုး) သီချင်း ၁၃ပုဒ်

(၃) မြန်မာ့ရိုးရာ တူရိယာများနှင့်

(၄) မြန်မာ့ဂီတ စာဆိုကြီးများတို့ ဖြစ်ကြပါကြောင်း။

မဟာဂီတအခြေခံသင်ရိုး(ကြိုး) ၁၃ပုဒ်ကို အဆို+အတီး၊ အတီးသက်သက်၊ ပတ္တလား လက်ကွက်နမူနာဆိုပြီး သုံးကဏ္ဍစီစဉ်ထားကြောင်း၊ ထို့အပြင်မြန်မာ့ရိုးရာတူရိယာများ ဖြစ်သော စောင်း၊ဆိုင်းနှင့်ပတ္တလားစသည့်များတွင် ကြိုးညှိနည်းသံစဉ်များ၊ တူရိယာတို့၏ အသံထွက်၊ တီးနည်းတီးဟန်အနေအထားများ၊ ဆိုင်း အုပ်စုများဖြစ်သော ပတ်ဝိုင်း၊ ကြေးနောင်၊ နှဲ၊ ပလွေ၊ မောင်းဆိုင်း၊ ပတ်မချောင်း၊ စည်း/ဝါး၊ ဒိုးပတ်၊ အိုးစည် စသည်ဖြင့် တူရိယာတစ်ခုချင်းအလိုက် ပတ်စာကပ်၊အသံညှိတီးနည်းတီးဟန် အသံထွက်များကိုအသေးစိတ်ရှင်းလင်းတင်ပြထားပါကြောင်း။

မြန်မာ့မဟာဂီတစာဆိုကြီးများ ကဏ္ဍတွင် ကြိုးသီချင်း ၁၃ ပုဒ်ကို တေးပြုစုသွားကြသော ဝန်ကြီးပဒေသရာဇာ၊ လက်ဝဲနော်ရထာ၊ မြဝတီမင်းကြီးဦးစနှင့်တကွ မြန်မာ့မဟာဂီတတွင် ထင်ပေါ်ကျော်ကြားသော ပြင်စည်မင်းသားကြီး(မောင်နဂါး)နှင့် အမျိုးသမီးစာဆိုတော် လှိုင်ထိပ်ခေါင်တင်တို့၏ ဘဝတစ်စိတ်တစ်ပိုင်းကို ဖော်ပြထားခြင်းဖြစ်ပါကြောင်း၊အဆိုပါ မဟာဂီတအဆိုတော်ကြီးများ၏အတ္ထုပ္ပတ္တိများကို လေ့လာဖတ်ရှုနိုင်ပြီး ၎င်းတို့ ရေးစပ်ခဲ့သော တေးသီချင်း အချို့ကို နားဆင်နိုင်ပါကြောင်း။

မဟာဂီတစွယ်စုံကျမ်းသဖွယ်

ဤကဲ့သို့ မြန်မာ့မဟာဂီတနှင့် ပတ်သက်၍သိသင့်သိထိုက်သည့်အခြေခံ အချက် အလက်များအားလုံးကို CD-Romတစ်ချပ်တည်းဖြင့် လေ့လာနိုင်စေရန်ပြုစုတင်ပြထားခြင်းဖြစ်ကြောင်း။

ဤ Multimedia CD-Romသည်မြန်မာ့မဟာဂီတ၏ စွယ်စုံကျမ်းငယ် တစ်ခုသဖွယ် သိမ်းဆည်းထားနိုင်ရုံသာမကမြန်မာ့မဟာဂီတအနုပညာ အခြေခံကို သင်ကြားပေးနိုင်သော ဆရာတစ်ဆူသဖွယ်လည်းဖြစ်ပါကြောင်း၊ ထို့အပြင် ပညာရှင်များကိုယ်တိုင် သီဆိုပေးထားသော မဟာဂီတသီချင်းကြီးများကိုလည်းကောင်း၊ သမ္မာရင့်မြန်မာ့သမားစဉ်ဆိုင်းတီးလုံးများကိုလည်းကောင်း နားဆင်ခံစားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့မဟာဂီတ အခြေခံစီဒီရွှမ်ကိုအသုံးပြု၍ မြန်မာ့မဟာဂီတသီချင်းကြီးများ တီးခတ်သီဆိုသရုပ်ပြတင်ဆက်ရာ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)မှ လက်ထောက်ကထိက ဦးဖော်ဝင်းမင်းက ကွန်ပျူတာဖြင့် ဆိုင်းဝိုင်း၊ စောင်းနှင့် ပတ္တလားတူရိယာသံများတီးခတ်လျက်ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ တတိယနှစ် (ဂီတ) ကျောင်းသူ မသဲမြတ်စိုးက မြန်မာ့ မဟာဂီတကြိုးသီချင်းများကို သီဆို သရုပ်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနက ဝယ်ယူထားသော မြန်မာ့မဟာဂီတအခြေခံစီဒီရွှမ်များကိုInforithm-Maze Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသောင်းစုငြိမ်းက အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်ထံ ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံ Inforithm- Maze Co., Ltd. မန်နေဂျင်းဒါရိုက်တာဦးသောင်းစုငြိမ်းက မြန်မာ့မဟာဂီတအခြေခံစီဒီရွှမ်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍအသီးသီးမှပညာရှင်များ၏တီထွင်ကြံဆကြိုးပမ်းမှု၊ ပူးပေါင်းဆောင်ရွက်မှုများ စဉ်ဆက် မပြတ်ဖြစ်ထွန်းနေမှသာ အမိနိုင်ငံတော်ကြီးဘက်စုံကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

ချီးကျူးဂုဏ်ပြု

ယခု မြန်မာ့မဟာဂီတ အခြေခံ CD-Rom မှာ မြန်မာ့မဟာဂီတ ပညာရှင်ကြီးများနှင့် ကွန်ပျူတာ ပညာရှင်များ၏နှစ်နှစ်ကျော် ကာလတိုင် ပူးပေါင်း အားထုတ်ကြိုးပမ်းမှု၊ တီထွင်ကြံဆဆောင်ရွက်မှုများကြောင့် ပေါ်ထွန်းလာခြင်းဖြစ်ရာများစွာချီးကျူးဂုဏ်ပြုကြိုဆိုရမှာဖြစ်ကြောင်း။

မြန်မာ့မဟာဂီတကို စနစ်တကျ လေ့လာသင်ယူနိုင်ရေး၊ နိုင်ငံတကာသို့ ဝင်ဆံ့ရေးအတွက် ယဉ်ကျေးမှုကဏ္ဍနှင့် ကွန်ပျူတာနည်းပညာကဏ္ဍများ ပေါင်းစပ်ကြိုးပမ်းထားခြင်းဖြစ်ရာ နိုင်ငံတော်အတွက် များစွာအကျိုး ဖြစ်ထွန်းစေမှာဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည်တော်မှတ်တမ်းတွင်လက်မှတ်ရေးထိုးပြီး အခမ်းအနားတက်ရောက်လာကြသော မြန်မာ့ မဟာဂီတအခြေခံစီဒီရွှမ်ပြုစုကြသည့်ဂီတပညာရှင်များ၊ကွန်ပျူတာ ပညာရှင်များအားရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၈–၁–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“ကံလေးမျိုးတရားတော်”**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(ဝါဏိဇ္ဇဗေဒ) (ခ)ပထမနှစ်(အင်္ဂလိပ်စာ)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ညီအစ်မလေးဖော်”** (အပိုင်း–၁၈)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လှိုင်းပုနှင့် သောင်းချမ်”** (အပိုင်း–၂၂)
၁၈။ သင့်အတွက်မနက်ဖြန်
၁၉။ ပြီးပါပြီ။

မြန်မာ့ရုပ်မြင်သံကြား

၁၈–၁–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ပရိတ် တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အဆိုပြိုင်ပွဲ
၈:၂၀ ၇။ စလင်းချောင်းရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Say It In English

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ပသောင်းတံတား
၁၁:၃၅ ၄။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၄၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“နက်ရှိုင်းမေတ္တာ”** (အပိုင်း–၈)
၁၂:၁၅ ၆။ Milo Success in Soccer
၁၂:၃၀ ၇။ မြန်မာဗီဒီယိုဇာတ်လမ်း **“အချစ်နှစ်ခုကြားကကိုယ်”** (လူမင်း၊ စိုးမြတ်နန္ဒာ၊ လှမျိုးသဉ္ဇာနွယ်) (ဒါရိုက်တာ– မောင်နန္ဒ)
၁၄:၄၅ ၈။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၀ ၄။ လက်ဆင့်ကမ်းပေးဂီတတေး
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၁၇:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၂၀ ၇။ တေးဂီတအစီအစဉ်
၁၇:၃၀ ၈။ **“ဘဝနှင့်ရင်း၍”** (ဖြိုးငွေစိုး၊ သူထူးစံ၊ ကျော့ကေသွယ်)[ဒါရိုက်တာ–သိန်းတန်(ဖီးနစ်)]
၁၇:၃၅ ၉။အမျိုးသားကာကွယ်ဆေးတိုက်နေ့တေးများ
၁၇:၅၀ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉:၂၀ ၁၄။ တေးဂီတအစီအစဉ်
၁၉:၃၅ ၁၅။ Myanmar ICT Week ဂုဏ်ပြုအစီအစဉ်(အပိုင်း–၁)
၁၉:၄၅ ၁၆။ ထက်မြက်ထူးချွန် ပညာရည်ချွန် **(အပိုင်း–၁)**
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ Calcio Serie A ဘောလုံးပွဲထုတ်လွှင့်မှုအစီအစဉ်

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❐ နိုင်ငံတော်မှ

ညီနိုင်းအစည်းအဝေးသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များနှင့်ဆပ်ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အလားအလာကောင်းများရှိ

ရှေးဦးစွာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၀၄)တွင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ယခင်ဆောင်ရွက်ပြီး လုပ်ငန်းများကို ပြန်လည်သုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်ဖွယ်လုပ်ငန်းများကို ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ မိမိတို့အစိုးရက နိုင်ငံတော်တာဝန်ကို ယူခဲ့ရသည့်အချိန်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မြဲမြဲတည်ဆောက်နိုင်မှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဆိုသည့် ခံယူချက်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရရှိဖြစ်ထွန်းအောင် အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန်ကြည်ဖြူ ခွင့်လွှတ်မှုတို့ကို အခြေခံပြီး ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်၏ စိတ်စေတနာအမှန်ကို သိမြင်သည့် တိုင်းရင်းသားအဖွဲ့အစည်းအများစုသည် နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီးဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်လာကြသည့်အတွက် ယခုဆိုလျှင် နယ်စပ်ဒေသများအားလုံးနီးပါး တည်ငြိမ်အေးချမ်းပြီး မြို့ကြီးပြကြီးများနှင့်

ထို့ပြင် အချက်အချာကျသောဒေသများတွင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေးစသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံလိုအပ်ချက်များကို ဦးစားပေး ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ထို့အပြင် သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုကို ထိန်းသိမ်းနိုင်ရန်နှင့် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်စားသောက်နေထိုင်ကြသည့် နယ်စပ်ဒေသတိုင်းရင်းသားများ၏ ဆင်းရဲနွမ်းပါးမှုကိုလျှော့ချပြီး လူနေမှုဘဝမြှင့်တင်ပေးနိုင်ရန်အတွက် ရွှေ့ပြောင်းတောင်ယာစနစ်ကို အစားထိုးမည့် ကုန်းမြင့်လယ်ယာမြေဖော်ထုတ် စိုက်ပျိုးရေးစီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ရာ ယခုဆိုလျှင် ၁၄နှစ်နီးပါးကာလရှိခဲ့ပြီး ပင်မစီမံကိန်း(Master Plan)အရ ဒုတိယနှစ်လတ် ငါးနှစ်စီမံကိန်းကာလ၏ တတိယနှစ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဤအချိန်တွင် နယ်စပ်ဒေသများ၏ လူမှုစီးပွားရေးအခြေခံ အဆောက်အအုံများသည် မျှော်မှန်းထားသည်ထက် ပိုမိုတိုးတက်အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ နယ်စပ်ဒေသက ယခင်ကျေးရွာများသည် ယခုဆိုလျှင် ခေတ်မီတိုက်တာ အဆောက်အအုံများဖြင့် ခမ်းနားထည်ဝါနေသော နယ်စပ်မြို့များအဖြစ် တိုးတက်ဖြစ်ထွန်းလာသည်ကို အထင်အရှားမြင်တွေ့နေကြရပြီဖြစ်ကြောင်း။

အရှိန်အဟုန်ဖြင့်တိုးတက်

ယခုလို ဖွံ့ဖြိုးတိုးတက်မှုများ မြန်ဆန်စွာဖြစ်ထွန်းလာရတာကလည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒလမ်းညွှန်ချက်များအပေါ် မိမိတို့လုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများနှင့် ဝန်ကြီးဌာနအသီးသီးတို့၏ ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးမှုကြောင့်ပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားညီအစ်ကိုများကလည်း နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရောပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ယခုလို အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေခြင်းဖြစ်ကြောင်း။

စာမတတ်သူပပျောက်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နယ်စပ်ဒေသများရှိ ကျောင်းနေသက်လွန်တိုင်းရင်းသားများ စာတတ်မြောက်အောင် နွေရာသီ“အ”သုံးလုံး ရက်တိုသင်တန်းများကို နယ်စပ်ဒေသအသီးသီးမှာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ယခုအချိန်အထိ သင်တန်းသား ၃၁၈၇၉ဦးကို သင်ကြားပေးနိုင်ခဲ့ပြီး ဆက်လက်ပြီးတော့လည်း သင်တန်းများဖွင့်လှစ်သင်ကြားပေးသွားမှာဖြစ်ကြောင်း၊ ထို့အပြင် နယ်စပ်ဒေသများမှာ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး၊ အဆင့်ဆင့် ပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရေးကိုလည်း တာဝန်ရှိသူအဆင့်ဆင့်က ဆက်လက်ကူညီပံ့ပိုး စည်းရုံးဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်မှာ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးနှင့် ဒေသအလိုက်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေးတို့ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိရာမှာ နယ်စပ်ဒေသများမှ ပညာရည်မြင့်မားသော တိုင်းရင်းသား လူငယ်များမွေးထုတ်ပေးနိုင်အောင်နယ်စပ်ဒေသအသီးသီးတွင် တိုင်းရင်းသား လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းပေါင်း ၁၉ ကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုပညာသင်တန်း ကျောင်း ၁၃ ကျောင်း၊ ရန်ကုန်နှင့် မန္တလေးတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုအသီးသီး ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ ထူးခြားဖြစ်ထွန်းမှုအနေဖြင့် ယင်းဒီဂရီကောလိပ်နှစ်ခုမှ နယ်စပ်ဒေသတိုင်းရင်းသားဘွဲ့ရလူငယ်များကို နှစ်ကြိမ်စီမွေးထုတ်ပေး နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံပြီး တိုင်း ရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ရှစ်ကျောင်းကိုလည်း လားရှိုး၊ ပင်လုံ၊ ဘားအံ၊ ပခုက္ကူ၊ ဖလမ်း၊ တွန်းခံ၊ ကလေးနှင့်ထန်တလန်တို့တွင် တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ထို့အတူ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းလေးကျောင်းကိုလည်း ချင်းပြည်နယ် ဖလမ်း၊ မတူပီ၊ မင်းတပ်၊ တီးတိန် တို့တွင်လည်း ဖွင့်လှစ်သွားဦးမှာ ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ အမျိုးသားကျန်းမာရေးကော်မတီက “ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာမှာ ကျေးလက်ဒေသများသာမက

တိုင်းရင်းသားပြည်သူအားလုံး ဆုကြိုးနှိမ့်မြင့်ကွာဟချက်နည်းပြီး စီးပွားရေးလူမှုရေးမြင့်မားအောင်ဆောင်ရွက်လျက်ရှိ

ကြားကွက်လပ်ကျန်သေးသည့် ပြည်နယ်နှင့်ဒေသများအတွင်း ဆက်လက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်

မခြား တိုးတက်ဖွံ့ဖြိုးနေတာ အားလုံးအသိအမြင်ပဲဖြစ်ကြောင်း၊ ဆက်လက်တိုးတက်ဖြစ်ထွန်းရန်လည်း ကြိုးပမ်းလျက်ရှိရာမှာ အလားအလာကောင်းများလည်းရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းရင်းသားညီအစ်ကိုများအကြား အထင်လွဲမှားမှု၊ စိတ်ဝမ်းကွဲပြားမှု၊ သူတစ်ပါးသွေးခွဲသပ်လျှိုမှုများကို နားယောင်မှုများ မဖြစ်ပေါ်စေရန်အပြင် ပြည်နယ်တိုင်းဒေသများအားလုံး ဟန်ချက်ညီညီမျှမျှတစွာဖွံ့ဖြိုးတိုးတက်စေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းစေအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ရှည်လျားခိုင်မာသော မြန်မာ့သမိုင်းကြောင်း အစဉ်အလာမှပေါက်ဖွားလာသည့် အမျိုးသားရေးမူဝါဒများနှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်ခံ့အောင်၊ ပြည်ထောင်စုကြီးခိုင်မြဲအောင်၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့အောင်၊ ရေရှည်အာမခံနိုင်မည့် စည်းလုံးညီညွတ်ပြီး တည်ငြိမ်အေးချမ်းသာယာဝပြောသော စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေးရှေးရှုပြီး ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကိုလည်း ချမှတ်ကာ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်စွာအကောင်အထည်ဖော်ဖြစ်ထွန်းလာစေရေးအတွက် တိုင်းရင်းသားပြည်သူများအားလုံးက တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်တို့ကို အခြေခံပြီး တစ်စိတ်တည်း တစ်ဝမ်းတည်း ညီညွတ်တက်ကြွစွာ လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်မှာဖြစ်ကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ်ကစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ပထမပိုင်း၌ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်ခဲ့ရာမှာ မျှော်မှန်းတာထက် ပိုမိုအောင်မြင်ခဲ့ကြောင်း၊ ထိုအောင်မြင်မှုများပေါ်အခြေခံပြီး နောက်ပိုင်းမှာ ပြည်နယ်နှင့်တိုင်းအားလုံး နယ်စပ်ဒေသအစွန်အဖျား ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြန့်ကြက်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိခြင်းဖြစ်ကြောင်း။

ယခုလို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး နိုင်ငံတော်အတွင်း တည်ရှိပြီးဖြစ်သည့် ပြည်နယ်နှင့်တိုင်း ၁၄ခုစလုံး အကြားအလပ်မရှိ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအပြင် ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းများကိုပါ ထပ်ဆောင်းချမှတ်ပြီး တစ်ဆက်တစ်စပ်တည်းဆက်လက် အကောင်အထည်ဖော်လျက်ရှိကြောင်း။

အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပိုမိုတိုးတက်ဖြစ်ထွန်းပြီး တိုင်းရင်းသားပြည်သူများအားလုံး ဆုကြိုးနိမ့်မြင့် ကွာဟချက်နည်းပါးပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာအောင်၊ စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းလာအောင်၊ အေးချမ်းတည်ငြိမ်ပြီး သာယာဝပြောစည်ပင်လာအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကြားကွက်လပ်လို ကျန်နေသေးသည့် ပြည်နယ်နှင့်ဒေသများအတွင်းလည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်အားလုံး မျှမျှတတဖွံ့ဖြိုးလာအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း။

ယနေ့ နယ်စပ်ဒေသများတွင် ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများကို ပြန်သုံးသပ်ကြည့်မည်ဆိုလျှင် လမ်းတံတားကဏ္ဍနှင့် ပတ်သက်၍ နိုင်ငံတော်က အထူးဦးစားပေးဆောင်ရွက်ခဲ့ရာ ယနေ့အထိ ဘဏ္ဍာငွေကျပ် ၂၇၂၄၈ သန်းကျော် အကုန်အကျခံပြီး နယ်စပ်ဒေသအသီးသီးမှာ မြေလမ်း ၂၈၁၂ မိုင်၊ ကျောက်ခင်းလမ်း ၁၆၈၃မိုင်နှင့် ကတ္တရာလမ်း ၁၀၉မိုင် ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ လမ်းဟောင်း ၃၀၃၀ မိုင်ကိုလည်း အဆင့်မြှင့်ပြုပြင်ထိန်းသိမ်း ပေးနိုင်ခဲ့သည့်အပြင် တံတားကြီး ၄၃ စင်း၊ တံတားငယ် ၆၆၁ စင်း၊ ကြိုးတံတား ၁၆ စင်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့တာကြောင့် ဒေသတစ်ခုနှင့် တစ်ခု ကူးလူးဆက်သွယ်မှုမြန်ဆန်လာကာ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ဖြစ်ထွန်းလာနေပြီဖြစ်ကြောင်း၊ ဆက်လက်ပြီးလည်း လမ်းတံတားများ တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍လည်း နိုင်ငံတော်က ယနေ့အထိနယ်စပ်ဒေသ ပညာရေးကဏ္ဍအတွက် ဘဏ္ဍာငွေကျပ် ၃၂၈၂ သန်းကျော် အကုန်အကျခံပြီး ဆောင်ရွက်ပေးခဲ့ရာမှာ မူလတန်းကျောင်း ၆၂၇ ကျောင်း၊ အလယ်တန်းကျောင်း ၆၁ ကျောင်းနှင့် အထက်တန်းကျောင်း ၆၂ ကျောင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဒါကြောင့် ၁၉၈၉-၉၀ ပညာသင်နှစ်မှာ မူလတန်းကျောင်းသား မဆိုသလောက်သာရှိခဲ့သည့် နယ်စပ်ဒေသများသည် ယခုအခါ မူလတန်းကျောင်းသား ၆၉၂၀၄ ဦး၊ အလယ်တန်းကျောင်းသား ၃၂၀၃၆ဦးနှင့်အထက်တန်း ကျောင်းသား ၇၃၈၁ဦး စုစုပေါင်း ၁၀၈၆၂၁ဦး တက်ရောက်သင်ကြားနေပြီဖြစ်လို့ နယ်စပ်ဒေသပညာရေးကဏ္ဍသည် အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားနေပြီဖြစ်ကြောင်း။

အထူးအလေးထားဆောင်ရွက်

ယနေ့ကျင့်သုံးနေသော အမျိုးသားပညာရေးစနစ်မှာ ကျောင်းသားကျောင်းသူများ၏ စိတ်ဓာတ်ရေးရာမြင့်မားခိုင်မာမှုကို ပဓာနကျသည့် ပညာရေးဆိုင်ရာမျှော်မှန်းချက်များအဖြစ် စနစ်တကျချမှတ် အကောင်အထည်ဖော်လျက်ရှိရာမှာ အထူးသဖြင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အသက်ဝိညာဉ်သဖွယ်ဖြစ်သည့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်တို့ကို ကျောင်းသားကျောင်းသူလူငယ်များအကြားမှာ ထွန်းကားပြန့်ပွားခိုင်မာစေရန်အတွက် လေ့ကျင့်ပျိုးထောင်ပေးမှုများကို နယ်စပ်ဒေသပညာရေးကဏ္ဍမှာပါ အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ရန်”ဆိုသည့် အမျိုးသားကျန်းမာရေးမူဝါဒတစ်ရပ်ကိုချမှတ်ပြီး နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် ယနေ့အထိ နယ်စပ်ဒေသကျန်းမာရေးကဏ္ဍအတွက် ဘဏ္ဍာငွေကျပ် ၁၄၆၁ သန်းကျော် အကုန်အကျခံပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုကြောင့် ၁၉၈၈ ခုနှစ်က ဆေးရုံရှစ်ရုံ၊ ဆေးပေးခန်းခြောက်ခန်းသာရှိခဲ့ရာမှာ ယခုဆိုလျှင် ဆေးရုံ ၅၂ရုံ၊ ဆေးပေးခန်း ၈၂ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၂၉ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၀ တို့ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်လို့ နယ်စပ်ဒေသကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ အရှိန်အဟုန်ဖြင့်တိုးတက်ဖြစ်ထွန်း နေပြီဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးကဏ္ဍနှင့် ပတ်သက်၍ နိုင်ငံတော်က ယနေ့အထိ ဘဏ္ဍာငွေကျပ်သန်း ၈၂၀ ကျော်အကုန်အကျခံပြီး နယ်စပ်ဒေသ အသီးသီးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံပေါင်း ၉၇ ရုံ တည်ဆောက်ထုတ်လွှင့်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်နေမှုများဖြင့် နိုင်ငံတော်၏ မူဝါဒဆိုင်ရာလမ်းညွှန်ချက်များကို နယ်စပ်ဒေသတိုင်းရင်းသားသွေးချင်းများသိရှိနားလည်စေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တိုးတက်ဖြစ်ထွန်းစေလျက်ရှိတာ တွေ့ရကြောင်း။

စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ နိုင်ငံတော်က ယနေ့ထိ ဘဏ္ဍာငွေကျပ် ၉၉၉ သန်းကျော် အကုန်အကျခံပြီး နယ်စပ်ဒေသစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ပေးခဲ့ရာ နယ်စပ်မြို့ရှစ်မြို့ကို အငယ်စားနှင့်အလတ်စားရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးနိုင်ခဲ့ပြီး လျှပ်စစ်ဓာတ်အားပေးစက် ၂၅၁ လုံး တပ်ဆင်ပေးခြင်းအားဖြင့် မြို့ရွာ ၁၈၆ ခုမှာလည်း မီးလင်းနေပြီဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍမြှင့်တင်နိုင်

စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ “စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု လုံးဝချုပ်ငြိမ်းစေရန်” ဆိုသည့် ရည်မှန်းချက်နှင့်အညီ နယ်စပ်ဒေသတိုင်းရင်းသားများအတွက် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေး လုပ်ငန်းများထူထောင်နိုင်အောင် နိုင်ငံတော်က ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ ယနေ့အထိ နိုင်ငံတော်က ဘဏ္ဍာငွေကျပ် ၁၃၂၅ သန်းကျော်ကျခံပြီး နယ်စပ်ဒေသအသီးသီးမှာ စိုက်ပျိုးရေးနည်းစနစ်ပေးသော စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၅ ခုတို့ကို ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ဒါ့အပြင် တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီးဆည်၄၀ ခု၊ တိုင်းတာပြီး ဆည် ၁၇ ခု၊ တူးမြောင်းလေးခုနှင့် ထွန်စက်စခန်း ၁၁ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး နယ်စပ်ဒေသ မြေပြန့်တွေမှာ မြေလွတ်မြေရိုင်းများ ဖော်ထုတ်မှုနှင့်ကုန်းမြင့်ဒေသတွေမှာ ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်မှုတွေ ဆောင်ရွက်ပေးပြီး စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စီးပွားကူးသန်း ရှေ့သို့လှမ်း

ယခုလိုဆောင်ရွက်ပေးမှုကြောင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားဖြစ် လုပ်ငန်းများတိုးမြှင့်လုပ်ကိုင်လာနိုင်ပြီး ယခင်က အသက်မွေးဝမ်းကျောင်းအဖြစ် မှီခိုနေရသော ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများကို စွန့်လွှတ်နေပြီဖြစ်ကြောင်း၊ ယခင်ဘိန်းစိုက်ပျိုးရာ ဒေသတွေမှာ ယခုဆိုလျှင် ဘိန်းအစားထိုး စိုက်ပျိုးရေး စီမံကိန်းကြီးများ ဖြစ်ထွန်းနေတာကို ထင်ရှားသည့် သာဓကအနေဖြင့် 'ဝ' ဒေသ၊ ပန်ဆန်း၊ မိုင်းဖော၊နမ့်တစ်၊ဝမ်ဟုန်နှင့် တာချီလိတ်ဒေသတွေမှာ မြင်တွေ့ရမှာဖြစ်ကြောင်း၊ ဒါ့အပြင် ရှမ်းပြည်နယ်ကိုးကန့်ဒေသနှင့်ကချင်ပြည်နယ် ပန်ဝါဒေသတွေမှာလည်း စတင်ပေါ်ထွန်းလာတာကိုအားရဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

မျှော်မှန်းသည့်ထက်အောင်မြင်

မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းနှင့်ပတ်သက်၍ နယ်စပ်ဒေသများမှာ ကိုလိုနီလက်ထက်ကတည်းက ထွန်းကားလာခဲ့သည့် မူးယစ်ဆေးဝါးစိုက်ပျိုးမှုများ ချုပ်ငြိမ်းအောင် နိုင်ငံတော်က ၁၅ နှစ်စီမံကိန်းရေးဆွဲချမှတ်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ဖို့ နိုင်ငံတော်က ခွင့်ပြုပေးခဲ့သည့် ရန်ပုံငွေ မှာ ကျပ်သန်းပေါင်း ၅၀၂၄၅ သန်းနှင့် နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၅၀၆ သန်းရှိပြီးဖြစ်သည်ကိုကြည့်လျှင် နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေး၊ ဒေသတွင်းလူနေမှုအဆင့်အတန်းတိုးတက်မြင့်မားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတို့ ပွားခိုင်မာရေး၊ မူးယစ်ဆေးဝါးချုပ် ငြိမ်းပပျောက်ရေးတို့အတွက် ငွေကြေး မြောက်မြားစွာသုံးစွဲပြီး အထူးဦးစားပေးဆောင်ရွက်ပေးနေခြင်းကိုအထင်အရှားပင်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးတို့ကို ပိုမိုဖြစ်ထွန်းစေမှာဖြစ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကြီး အောင်မြင်ဖြစ်ထွန်းအောင် အရှိန်အဟုန်မြှင့်ပြီး ဆက်လက်အကောင်အထည်ဖော်ရင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာအကောင်အထည်ပေါ်စေရေးအတွက် အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆောင်ရွက်ပေးနိုင်ခဲ့

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ရှင်းလင်းနယ်စပ်ဒေသအသီးသီးတွင် အမျိုးသမီးအိမ်တွင်းမှု ပညာသင်ကျောင်းများ ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိရာ ယခုဆိုလျှင် ၁၃ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့အထိ နယ်စပ်ဒေသ အမျိုးသမီးငယ် ၁၂၂၀၉ ဦးအား အိမ်တွင်းမှုပညာရပ်များ သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်းတင်ပြပါကြောင်း။

ထို့အပြင် ယခင်က ဟားခါးမြို့ အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်းတစ်ကျောင်းသာ ဖွင့်လှစ်ထားရှိခဲ့သည့် ချင်းပြည်နယ်တွင် အထူးအစီအစဉ်အနေဖြင့် နောက်ထပ်အိမ်တွင်းမှုကျောင်း လေးကျောင်းကို ဖလမ်း၊ မတူပီ၊ မင်းတပ်နှင့် တီးတိန်တို့မှာ ဖွင့်လှစ်ရေးဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်လက်၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများအခြေအနေကိုတင်ပြရာ၌ UNDOCနှင့် ပူးပေါင်း ဆောင်ရွက်

နယ်စပ်ဒေသဖွံ့ဖြိုးရေး နိုင်ငံတော်က ကျပ်သန်းပေါင်း ၅၀၂၄၅ သန်းနှင့် နိုင်ငံခြားငွေ ၅၀၆ သန်း အသုံးပြုခဲ့

နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး ပိုမိုဖြစ်ထွန်းစေမည်

အတွက် ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး မူးယစ်ဆေးဝါးပပျောက်ရေး ပန်းတိုင်သစ် စီမံကိန်းကို ထပ်မံအားဖြည့်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံတိုင်းရင်းသားများအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ မူးယစ်ဆေးဝါးပပျောက်ရေး၊ ချုပ်ငြိမ်းရေးလုပ်ငန်းတွေမှာ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့တာကြောင့် လုပ်ငန်းများမျှော်မှန်းတာထက် ပိုမိုအောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ယခုဆိုလျှင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးကော်မရှင်မှာ အဖွဲ့ဝင်အဖြစ်တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခံထားရပြီး ဖြစ်သကဲ့သို့ ကုလသမဂ္ဂနိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးဘုတ်အဖွဲ့ကလည်း နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးတိုက်ဖျက်မှုဆိုင်ရာ သန္နိဋ္ဌာန်ချမှတ်ထားမှုနှင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးဆိုင်ရာ အောင်မြင်မှုများကိုလည်း အသိအမှတ်ပြုထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုများ ရှိနေသည်ဆိုသည့် လက်ညှိုးထိုးစွပ်စွဲမှုတွေကို နိုင်ငံကြီးအချို့ကလုပ်ဆောင်နေဆဲဖြစ်ကြောင်း၊ ဒီနိုင်ငံကြီးအချို့သည် အပြစ်တင်စွပ်စွဲရုံသာရှိပြီး ကူညီပံ့ပိုးမှုများ လုံးဝမရှိသလို မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း မသိကျိုးကျွန် ပြုလုပ်လျက်ရှိကြောင်း၊ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အနေဖြင့် တိကျခိုင်မြဲစွာချမှတ်ထားသော မူးယစ်ဆေးဝါးပပျောက်ရေး၊ ချုပ်ငြိမ်းရေးရည်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းအောင် ကိုယ့်အားကိုယ်ကိုးပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပင်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းအရ ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး မူးယစ်ဆေးဝါးကင်းစင်ရေးရည်မှန်းချက်ထားဆောင်ရွက်နေသော်ငြားလည်း 'ဝ'နှင့် ကိုးကန့်ဒေသအနေဖြင့် ၂၀၀၅ခုနှစ်မှာ မူးယစ်ဆေးဝါးလုံးဝကင်းစင်စေရမည်ဆိုသည့် ရည်မှန်းချက်ဖြင့် ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများက အာမခံချက်ပေးကာ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းတို့၏ရည်မှန်းချက်အတိုင်းအောင်မြင်အောင်ဆပ်ကော်မတီအသီးသီးတို့က ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ဆက်လက်ကူညီပံ့ပိုးဆောင်ရွက်ပေးသွားကြရန် အထူးလိုအပ်မှာဖြစ်ကြောင်း၊ နယ်စပ်ဒေသအမျိုးသမီးငယ်များကဏ္ဍနှင့်ပတ်သက်၍ အစွန်အဖျားနယ်စပ်ဒေသများသည် ဖွံ့ဖြိုးမှုနောက်ကျခဲ့ပြီး ယခင်က ပညာပေးစည်းရုံးမှုများလည်း အားနည်းခဲ့တာကြောင့် ဒေသခံတိုင်းရင်းသူ အမျိုးသမီးငယ်များမှာ ဗဟုသုတနည်းပါးပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်များလည်း မတတ်မြောက်သည့် အတွက် လူပွဲစားများ၏ လိမ်လည်ဖြားယောင်းမှုကြောင့် အိမ်နီးချင်းနိုင်ငံကို သွားရောက်အလုပ်လုပ်ကြရာမှာ ဒုက္ခမျိုးစုံကြုံတွေ့နေတာတွေရှိနေကြောင်း၊ ထို့ကြောင့် ကိုယ်ပိုင်တတ်မြောက်ထားသည့် အိမ်တွင်းမှုပညာရပ်များနှင့် ကိုယ့်နိုင်ငံအတွင်းမှာပင် အသက်မွေးဝမ်းကျောင်းမှုပြုနိုင်အောင် နယ်စပ်ဒေသအသီးသီးမှာ အမျိုးသမီးအိမ်တွင်းမှု ပညာသင်တန်းကျောင်းပေါင်း ၁၃ ကျောင်းဖွင့်လှစ်သင်ကြားပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း၊ တစ်ဖက်ကလည်း နယ်စပ်ဒေသက အမျိုးသမီးငယ်များကို ထိန်းသိမ်းစောင့်ရှောက်ပေးသည့်အတွက် နယ်စပ်ဒေသအမျိုးသမီးငယ်များအကြားအသိအမြင်နှင့် ခံယူချက်တိုးတက်ပြီးနိုင်ငံတော်အပေါ်အားကိုးအားထားပြုမှုများ ပြန်လည်ဖြစ်ထွန်းလာနေသည်ကိုတွေ့ရကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကိန်းဂဏန်းပေါ်တွင် အခြေပြုချမှတ်ရတာကြောင့်ကိန်းဂဏန်းများမှန်ကန်စွာရရှိရေးအထူးအလေးထားဆောင်ရွက်သွားကြဖို့လိုအပ်မှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ပေါ်စေရေးအတွက် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့် ကဲဆင့်ကဲတာဝန်ရှိသူများအနေဖြင့် အခြေခံကျေးလက်ဒေသများအထိသွားရောက်ပြီး ဒေသခံပြည်သူ၏ စီးပွားရေး၊ပညာရေး၊ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များကို သိရှိအောင်လေ့လာပြီး လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်သွားကြရန်လိုအပ်မှာဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးမှာ မြို့နယ်အဆင့်သည် အခြေခံအကျဆုံးဖြစ်သည့်အတွက်ကြောင့် မြို့နယ်တာဝန်ခံများအနေဖြင့် မိမိမြို့နယ်၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတွင် တာဝန်အရှိဆုံးဆိုသည့် သဘောထားခံယူချက်ဖြင့် စေတနာနှင့်တာဝန် ပေါင်းစပ်ပြီး ဝီရိယစိုက်ထုတ်အလုပ်လုပ်သွားကြဖို့၊ မိမိအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိကလည်း အထက်အဆင့်သို့ တင်ပြဆောင်ရွက်သွားရန်နှင့် အထက်အဖွဲ့အစည်းကလည်း မိမိတို့ဖြေရှင်းဆောင်ရွက်ပေးနိုင်သည်များကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

တက်ညီလက်ညီကြိုးပမ်း

နိဂုံးချုပ်အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ၁၉၈၉ခုနှစ်မှ ၂၀၀၃ နှစ်ကုန် အထိ တင်ပြရာတွင် ၁၉၈၉-၉၀ ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ နယ်စပ်ဒေသအသီးသီးတွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သော လုပ်ငန်းများကို အကျဉ်းချုပ်တင်ပြလိုကြောင်း၊ လမ်း၊ တံတားလုပ်ငန်းကဏ္ဍအနေဖြင့် မြေလမ်း ၂၈၁၂မိုင်၊ ကျောက်ခင်းလမ်း ၁၆၈၃ မိုင်၊ ကတ္တရာလမ်း ၃၀၉မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၃၀၃၀မိုင်၊ တံတားကြီး ၄၃ စင်း၊ တံတားငယ် ၆၆၁ စင်း၊ ကြိုးတံတား ၁၆ စင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် ဆေးရုံ ၅၂ရုံ၊ ဆေးပေးခန်း ၈၂ ခန်း၊ ကျေး လက် ကျန်းမာရေးဌာန ၂၉ ခု၊ ကျေး လက် ကျန်းမာရေးဌာနခွဲ ၄၀ တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ပညာရေးလုပ်ငန်းကဏ္ဍအနေဖြင့် အမက ၆၂၇ကျောင်း၊ အလက၆၁ ကျောင်း၊ အထက၆၂ကျောင်းတို့ တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍအနေဖြင့် စိုက်ပျိုးရေးရုံး၃၁ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၅ခု၊ တည်ဆောက်ဆဲနှင့်တည်ဆောက်ပြီးဆည်၄၀၊ တိုင်းတာပြီး ဆည်၁၇ခု၊ တူးမြောင်းလေးခုနှင့် ထွန်စက်စခန်း၁၁ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

သစ်တောလုပ်ငန်းကဏ္ဍအနေဖြင့် သတ်မှတ်ပြီးကြိုးဝိုင်း သစ်တောလေးခုနှင့် စီစဉ်ဆဲကြိုးဝိုင်းသစ်တောလေးခု၊ သစ်စက်၁၂ခု၊ သစ်တောပျိုးဥယျာဉ်ခုနစ်ခုတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

မွေးမြူရေးလုပ်ငန်းကဏ္ဍအနေဖြင့် မွေးမြူရေးခြံ၁၉ခြံ၊ တိမွေးကုရုံး၄၁ရုံး၊ နွားနှင့် မြည်းမျိုးဖြန့်ဖြူးပေးခြင်း ၁၁၁ ကောင်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

စွမ်းအင်လုပ်ငန်းကဏ္ဍအနေဖြင့် နယ်စပ်မြို့ ရှစ်မြို့ကို အငယ်စားနှင့် အလတ်စားရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးနိုင်ခဲ့ပြီး မြို့ရွာ ၁၈၆ခုကိုလည်း မီးစက် ၂၅၁လုံး တပ်ဆင်ပေးခြင်းဖြင့် မီးလင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကဏ္ဍ အနေဖြင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၉၇ရုံကို တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍအနေဖြင့် စာတိုက်၄၇ခု၊ ကြေးနန်းရုံး၃၅ရုံးနှင့် တယ်လီဖုန်းလုပ်ငန်းပေါင်း၈၀တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစတင်ဆောင်ရွက်ခဲ့သည့် ၁၉၈၉-၉၀ဘဏ္ဍာရေးနှစ်မှ ၃၁-၁၂-၂၀၀၄ ရက်နေ့အထိ သုံးစွဲပြီးဖြစ်သည့် ရန်ပုံငွေအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ်ငွေ၂၄၈၂၉ဒသမ၇၃ သန်း၊ အခြားဝန်ကြီးဌာနအသီးသီး၏ ရန်ပုံငွေမှကျပ်ငွေ ၂၅၄၁၆ဒသမ၀၂ သန်းဖြစ်လို့ စုစုပေါင်းကျပ်ငွေ သန်း ပေါင်း၅၀၂၄၅ ဒသမ၇၅သန်း သုံးစွဲပြီး ဖြစ်ပါကြောင်း။

အထိရောက်ဆုံးသုံးစွဲ

နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ပတ်သက်၍ ယခု ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ၃၁-၁၂-၂၀၀၃ ရက်နေ့အထိ ခွင့်ပြုချက်ရရှိပြီးဖြစ် သည့် ရန်ပုံငွေအနေဖြင့် သာမန်အသုံးစရိတ်ငွေကျပ် ၁၀၃၅ဒသမ၉၉သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၅၅၉၄ဒသမ၁၃သန်းနှင့် ထောက်ပံ့ ရန်ပုံငွေကျပ် ၁၆၄၄ဒသမ၃၅သန်း စုစုပေါင်းငွေကျပ် ၈၂၇၄ဒသမ၄၇ သန်းဖြစ်ပါကြောင်း၊ နိုင်ငံတော်က ခွင့်ပြုပေးသည့်ငွေကြေးအခြေအနေအရ စိစစ်ပြီး ခြိုးခြံချွေတာကာ အထိရောက် ဆုံးဖြစ်အောင် သုံးစွဲလျက်ရှိပါကြောင်း။

ဆက်လက်ပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုနှင့်ပတ်သက်၍ နယ်စပ်ဒေသအသီးသီးတွင် တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်းပေါင်း ၁၉ ကျောင်း ဖွင့်လှစ်ပြီး တိုင်းရင်းသားလူငယ်များကို ပညာသင်ကြားပေးလျက်ရှိရာ ယခုပညာသင်နှစ်တွင် မူလတန်း ၃၇၅ဦး၊ အလယ်တန်း၁၀၆၅ဦးနှင့် အထက်တန်း ၄၇၅ဦး စုစုပေါင်း တိုင်းရင်းသားလူငယ်၁၉၁၅ဦး တက်ရောက်သင်ကြားလျက်ရှိပါကြောင်း၊ ထပ်မံ၍ လူငယ်ဖွံ့ဖြိုးရေးသင်တန်း ကျောင်းရှစ်ကျောင်းကိုလည်း လားရှိုး၊ ပင်လုံ၊ ဘားအံ၊ ပခုက္ကူ၊ ဖလမ်း၊ တွန်းခံ၊ ကလေးနှင့် ထန်တလန်တို့မှာ ဖွင့်လှစ်နိုင်ရေးစီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်း။

အဆိုပါသင်တန်းကျောင်းများက ပညာရည်မြင့်မားသော တိုင်းရင်းသားလူငယ်များကို တက္ကသိုလ်ပညာဆက် လက်သင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခုကို ရန်ကုန်နှင့် မန္တလေးများမှာ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာမှာ ယနေ့အထိ တိုင်းရင်းသားလူငယ် ၁၄၁ ဦးကို ဘွဲ့၊ ဒီဂရီရရှိအောင် ပြုစုပျိုးထောင်ခဲ့ပြီး ယခုပညာသင်နှစ်မှာလည်း တိုင်းရင်းသားလူငယ် ၃၈၈ ဦးကို ဝိဇ္ဇာ/သိပ္ပံနှင့် AGTIပညာရပ်များ သင်ကြားပေးလျက်ရှိပါကြောင်း။

အမျိုးသမီး အိမ်တွင်းမှုပညာ သင်ကျောင်းများနှင့်ပတ်သက်၍ နယ်စပ်ဒေသအမျိုးသမီးငယ်များ တစ်ဖက်နိုင်ငံကိုသွားရောက်အလုပ်လုပ်ကြသည့်အခါ အကျင့်စာရိတ္တပျက်ပြားမှု၊ လူမှုရေးအရ နစ်နာမှုမဖြစ်စေရန် အဓိကရည်ရွယ်ပြီး နေဆဲဖြစ်သည့် "ဝ"ဒေသတောင်ပိုင်းအစားထိုးဖွံ့ဖြိုးရေးစီမံကိန်းကို အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၂သန်းနှင့် မြန်မာအစိုးရထည့်ဝင်ငွေ ကျပ် ၂၈ ဒသမ ၃၆သန်းဖြင့် ၁၉၉၈ ခုနှစ် ဩဂုတ်လမှ ၂၀၀၃ ခုနှစ် ဇူလိုင်လအထိ ငါးနှစ်စီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းအား ၂၀၀၅ခုနှစ် နှစ်ကုန်အထိ ဆက်လက်ဆောင်ရွက်ရန်အတွက် စီမံကိန်းနှစ်နှစ်တိုးမြှင့်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

UNDPနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်ခဲ့သည့် HDIဝေးလံ မြို့နယ်များအတွက် လူမှုဖွံ့ဖြိုးရေး စီမံကိန်း(CDRT)အဆင့်(၁၂၂၃)ကို ၁၉၉၄ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ စီမံကိန်းအဆင့်(၄)ကိုလည်း ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်များအတွင်း မြို့နယ် ၁၂ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤစီမံကိန်းအတွက် UNDPထည့်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းဖြစ်ပြီး စီမံကိန်းကာလမှာ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ သုံးနှစ်တာကာလဖြစ်ပါကြောင်း။

ဆွစ်ဇာလန်နိုင်ငံရှိ အစိုးရအဖွဲ့အစည်းမဟုတ်သည့်(SWISSAID)နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ဖွံ့ဖြိုးရေးစီမံကိန်းမှာ ၂၀၀၁ခုနှစ်မှ ၂၀၀၄ခုနှစ်ထိ အမေရိကန်ဒေါ်လာ ၄ဒသမ၅သိန်းဖြင့် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မှာ စိုက်ပျိုးရေးကဏ္ဍအတွက် ငွေကျပ် သိန်း ၄၁၀၊ သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲရေးအတွက် ငွေကျပ် သိန်း၂၄၀၊ အရည်အချင်းမြှင့်တင်ရေးနှင့် ပညာရေးအတွက် ငွေကျပ်သိန်း ၃၃၀၊ ငွေစုဘဏ်၊ဆန်စပါးဘဏ်၊ရေရရှိရေးနှင့် မြစ်ကူးတံတားတည်ဆောက်ရေးအတွက် ငွေကျပ် ၁၃၅သိန်းနှင့်စီမံခန့်ခွဲရေး လုပ်ငန်းများအတွက် ငွေကျပ် ၁၇၅သိန်း စုစုပေါင်းငွေ ကျပ်သိန်း ၁၂၉၀ထောက်ပံ့ဆောင်ရွက်လျက်ရှိပါကြောင်း။

ဂျပန်နိုင်ငံရှိ Nippon Foundationအထောက်အပံ့ဖြင့် ရှမ်းပြည်နယ်အတွင်း စာသင်ကျောင်း ၁၀၀ဆောက်လုပ်လှူဒါန်းရေးစီမံကိန်းကို နတလနှင့် ဂျပန်နိုင်ငံအစိုးရမဟုတ်သည့် စေတနာအဖွဲ့က ၂၀၀၂ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ၂၀၀၂ ခုနှစ်အတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ လေးကျောင်းနှင့်(တောင်ပိုင်း)မှာ ခြောက်ကျောင်း စုစုပေါင်း ၁၀ကျောင်း ဆောက်လုပ်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၀၃ ခုနှစ်အတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ကျောင်း ၁၀ ကျောင်းနှင့်(တောင်ပိုင်း)မှာ ကျောင်း ၂၀ စုစုပေါင်း ကျောင်း ၃၀ ဆောက်လုပ်ပြီးစီးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၆ သိန်းထောက်ပံ့မှုဖြင့် ဆန်တန်ချိန် ၇၆၀ကို အခမဲ့ပေးဝေခြင်းနှင့် လူထုအကျိုးပြုလုပ်ငန်းလုပ်ကိုင်သူများကို လုပ်အားခသဘောဆန်ထောက်ပံ့ပေးသည့်စနစ်ဖြင့် ကုန်ကြမ်းဒေသ၊ တာရွှေထန်ဒေသနှင့် ရောက်ကိုင်ဒေသများသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါကြောင်းနှင့် ကိုးကန့်၊ 'ဝ'နှင့် အခြား ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသများမှာ ထပ်မံထောက်ပံ့ပေးနိုင်ရေးကွင်းဆင်းလေ့လာလျက်ရှိပါကြောင်းစသည် ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ၂၄-၁၁-၂၀၀၃ ရက်နေ့ ချင်းပြည်နယ်ခရီးစဉ်၊ ၂၈-၁၂-၂၀၀၃ ရက်နေ့ ကချင်ပြည်နယ်ခရီးစဉ်နှင့် ၁၁-၁-၂၀၀၄ ရက်နေ့ တနင်္သာရီတိုင်း ခရီးစဉ်များအတွင်း လမ်းညွှန်မှာကြားချက်များအပေါ်အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဥပဒေဆောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားအဖွဲ့အစည်းများ တွေ့ဆုံရာတွင် တိုင်းရင်းသားအဖွဲ့အစည်းများ၏ တင်ပြချက်အရ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဆိုပါရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို အကောင်အထည်ပေါ်ဖြစ်ထွန်းလာသည်အထိ တာဝန်ယူဆောင်ရွက်သွားကြရန်မှာကြားသည်။

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် Relaxation Zone ရှိ ပုဂံလုံးကျွန်းသို့ရောက်ရှိကြရာ ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကန်တော်ကြီးဥယျာဉ် Relaxation Zone ပုဂံလုံးကျွန်းအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများ၊ Education Zone မြေပဒေသာကျွန်းရှိအရောင်းဆိုင်များနှင့် ပန်းအလှစိုက်ခင်းများဆောင်ရွက်ခြင်းလုပ်ငန်းများ၊ ငါးပြတိုက်ဆောက်လုပ်မည့်နေရာ၊ Central Symbol Zone ရှိ Water Plaza တည်ဆောက်ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇုန်နယ်မြေအလိုက်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညနေ ၅နာရီတွင် ကန်တော်ကြီးဥယျာဉ်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရားစီရင်ရေးနှင့် ပတ်သက်သည့်ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အကျင့်ပျက်ဝန်ထမ်းအချို့၏လာဘ်ပေးလာဘ်ယူလုပ်ရပ်များ တိုင်းကျိုးပြည်ပြုအားထုတ်ကြိုးပမ်းမှုများကိုချေဖျက်ရာရောက်

▼ *တရားသူကြီးများမှ*

တာဝန်ရှိပုဂ္ဂိုလ်များ၊ တရားရုံးချုပ်တရားသူကြီးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများ၊ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် တရားစီရင်ရေးနှင့်ပတ်သက်သည့် ဌာနများမှတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အထူးသတိပြုဆင်ခြင်

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌ ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေးအတွက် ကြိုးပမ်းစွမ်းဆောင်လျက်ရှိရာမှာ အနာဂတ်ကာလတွင်ဖြစ်ပေါ်လာမည့် နိုင်ငံတော်သစ်ကြီးနှင့် ဆီလျော်ထိုက်တန်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို စနစ်တကျ ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ဤကဲ့သော အခြေခံကောင်းများ ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိရာမှာ တရားဥပဒေရေးရာကဏ္ဍမှာလည်း နိုင်ငံတော်တစ်ဝန်းလုံး တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ၏ဘဝ လုံခြုံချမ်းမြေ့စေရေး၊ ပြည်သူအများ ဥပဒေဘောင်အတွင်း စိတ်အေးချမ်းမြေ့စွာ နေထိုင်နိုင်ရေးစသည့် အကျိုးရလာဒ်ကောင်းများ ဖြစ်ထွန်းလာစေရေးအတွက် စနစ်တကျ ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်ပေးလျက်ရှိကြောင်း။

ဤသို့သော အခြေအနေ အချိန်အခါမျိုးတွင် နိုင်ငံတော်အစိုးရက မွန်မြတ်မြင့်မားသော ဦးတည်ချက်များချမှတ်ပြီး မျှော်မှန်းတည်ဆောက်ပေးနေသည့် တရားဥပဒေရေးဆိုင်ရာ အခြေခံကောင်းများ၊ အကျိုးရလာဒ်ကောင်းများ မျှော်မှန်းချက်နှင့်အညီ ဖြစ်ထွန်းလာစေရေးသည် တရားစီရင်ရေးအပါအဝင် ဥပဒေထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍတစ်ရပ်လုံးတွင် တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်နေကြသော တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များ၊ ရဲအရာရှိများ၊ တရားရုံးကို အထောက်အကူပြုရသည့် စုံစမ်းစစ်ဆေးရေးအရာရှိများ၊ ဓာတုဗေဒပညာရှင်များ၊ မှုခင်းဆရာဝန်များစသည့် ပညာရှင်များ၊ စီမံခန့်ခွဲသူများ၏ အရည်အသွေးမြင့်မားသော စွမ်းဆောင်ရည်၊ တည်ကြည်ဖြောင့်မတ်သော စာရိတ္တနှင့် ထက်သန်မြင့်မားသော စိတ်ဓာတ်တို့အပေါ်မှာ အဓိကတည်မှီလျက်ရှိနေကြောင်း။

ထို့ကြောင့် အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသော နိုင်ငံတော်သစ်ကြီးဖြစ်ထွန်းလာစေရေးတွင် တရားစီရင်ရေးအပါအဝင် တရားဥပဒေစိုးမိုးရေးကဏ္ဍမှ တာဝန်ရှိပုဂ္ဂိုလ်များ၏အရေးပါသည့် အခန်းကဏ္ဍကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုပြီး မှာကြားသင့်သည်များကို ယခုလို အခါအားလျော်စွာ တွေ့ဆုံပြီး မှာကြားရခြင်းဖြစ်ကြောင်း။

ယခုလို အခါအားလျော်စွာ တွေ့ဆုံမှာကြားခဲ့သည်များမှ အဓိကကျသည့် မှာကြားချက်တစ်ချို့ကို ပြန်ပြောရမည်ဆိုရင်–

- **တရားစီရင်ရေးဆိုင်ရာ အခြေခံမူ ခုနစ်ချက်နဲ့အညီ ဖြောင့်မတ်မှန်ကန်စွာ တရားစီရင်ကြရန်၊**
- **တရားသူကြီးများ အကျင့်သီလ၊ သမာဓိ၊ ပညာဆိုသည့် သိက္ခာများနှင့် ပြည့်စုံပြီး တံစိုးသုံးပါး၊ အဂတိတရားလေးပါး ကင်းရှင်းစွာဖြင့် တရားရေးမဏ္ဍိုင် မယိမ်းယိုင်ရအောင် ထိန်းသိမ်းဆောင်ရွက်ကြရန်၊**
- **တရားရုံးများကို ပြည်သူက ယုံကြည်ကိုးစားလာရန်နှင့် ဥပဒေဖောက်ဖျက်သူတွေက မထီမဲ့မြင်မပြုနိုင်ရန်အတွက် အမှန်တရားဖော်ထုတ်ရေးကို မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ကြရန်၊**
- **တရားသူကြီးများ၊ ဥပဒေအရာရှိများအပါအဝင် တရားစီရင်ရေးနှင့် ဆက်နွယ်နေသော နိုင်ငံ့ဝန်ထမ်းအားလုံးအနေဖြင့် အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်၏ ဦးတည်ချက်များ အောင်မြင်အကောင်အထည်ပေါ်လာအောင် တရားစီရင်ရေးကဏ္ဍမှာ တည့်မတ်မှန်ကန်စွာ ဆောင်ရွက်သွားကြရန်၊**
- **ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းခိုင်မြဲနေစေရန်အတွက် မှန်ကန်ခြင်း၊ တရားမျှတခြင်း၊ စာနာထောက်ထားခြင်း တရားများကို လက်ကိုင်ထားပြီး ဆောင်ရွက်သွားကြရန်၊**
- **တရားရုံးတွင် လိုက်ပါဆောင်ရွက်နေကြသည့် ရှေ့နေ၊ရှေ့ရပ်များသည် အစိုးရဝန်ထမ်းများ မဟုတ်သော်လည်း တရားရုံးကို အထောက်အကူပြုရသည့် အကျိုးဆောင်များဖြစ်သဖြင့် ရုံးတော်သဟာယများအဖြစ် အမှန်တရား ပေါ်ပေါက်ရေးအတွက် တရားရုံးနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊**
- **တရားရုံးများ၏ ဆုံးဖြတ်ချက်များသည် စီရင်ရမည့် ဥပဒေပိုင်းနှင့် ပတ်သက်၍ ကွဲလွဲမှုမရှိစေရန်အတွက် ဥပဒေ၊ ကျင့်ထုံး၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၏ ကွပ်ကဲမှုအောက်တွင် တိတိကျကျ ဆောင်ရွက်ကြရန်၊**
- **အကျင့်ပျက်ဝန်ထမ်းအချို့၏ လာဘ်ပေးလာဘ်ယူမှုများနှင့် မသမာမှုလုပ်ရပ်များသည် နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြု အားထုတ်ကြိုးပမ်းမှုများကို ချေဖျက်ရာရောက်ပြီး နိုင်ငံတော်အစိုးရအပေါ် ပြည်သူများက အကြည်ညိုပျက်စေနိုင်ရာ ရောက်သည်ဆိုသောအချက်ကို အထူးသတိပြု ဆင်ခြင်ဆောင်ရွက်ကြရန်**

စသည့် မှာကြားချက်များကို ယခင်ကပင် အဓိကအားဖြင့် မှာကြားထားခဲ့ပြီးဖြစ်ကြောင်း။

လေ့လာသုံးသပ်ဆင်ခြင်ပြုပြင်

ဤမှာကြားချက်များနှင့် ပတ်သက်ပြီး တရားစီရင်ရေးကဏ္ဍက တာဝန်ရှိသူအသီးသီးအနေဖြင့် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ တရားရုံးအသိုင်းအဝိုင်းတွင်သော်လည်းကောင်း၊ တရားစီရင်ရေးကဏ္ဍတစ်ရပ်လုံးတွင်သော်လည်းကောင်း မည်မျှအတိုင်းအတာအထိ အကောင်အထည်ပေါ်ဖြစ်ထွန်းနေပြီ၊ မည်သည့်အပိုင်းကဏ္ဍမှာ ချို့ယွင်းချွတ်ချော်နေသေးသည်ဆိုသည်ကို အမြဲမပြတ် လေ့လာသုံးသပ်ဆင်ခြင်ပြီး ပြုပြင်ဆောင်ရွက်နေရန်လိုအပ်မှာဖြစ်ကြောင်း။

မိမိတို့ကိုယ်တိုင်သာမက ပြည်သူအများကပါ ဥပဒေကိုလေးစားလိုက်နာတတ်သည့် အလေ့အကျင့်ရှိစေရန်၊ ဥပဒေ၏တန်ဖိုးကို လက်တွေ့သိမြင်ခံစားကြရစေရန်၊ ဥပဒေ၏အထိန်းအကွပ်ကိုသာမက ဥပဒေ၏ အကာအကွယ်ကိုပါ ညီညီမျှမျှခံစားကြရစေရန် တရားစီရင်ရေးကဏ္ဍကနေ ထိန်းသိမ်းပြုပြင်သွားကြရန် ထပ်လောင်းမှာကြားလိုကြောင်း။

မိမိတို့အစိုးရသည် တရားစီရင်ရေးစနစ်မှာ ဥပဒေတတ်သိကျွမ်းကျင်သော ပညာရှင်များက တရားစီရင်သည့်စနစ်၊ ပြည်သူအများ၏အကျိုးစီးပွားကို ဥပဒေပညာရှင်များက ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရသည့် စနစ်တို့ကို လိုအပ်သည့်ဥပဒေများပြဋ္ဌာန်းပြီး အစဉ်တစိုက် ချမှတ်ကျင့်သုံးလာခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် တရားစီရင်ရေးကဏ္ဍက တာဝန်ရှိသူအသီးသီးအနေဖြင့် မိမိတို့သည် ဥပဒေပညာရှင်များက တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာမြင့်မားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်သာမက အများပြည်သူ လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက်ပါ မှန်ကန်ခိုင်မာသောလမ်းကြောင်းများ ချမှတ်တည်ဆောက်ပေးနေရခြင်းဖြစ်သည်ကို သိမြင်နားလည်ကြရန် လိုအပ်မှာဖြစ်ကြောင်း၊ ဤသဘောထားခံယူချက်နှင့်အညီ တရားရေးကဏ္ဍ၏ တာဝန်ဝတ္တရားများကို အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်ဖြင့် တက်တက်ကြွကြွ၊ ကျေကျေပွန်ပွန် ဆောင်ရွက်သွားကြရန်လည်း တစ်ဆက်တည်းမှာကြားလိုကြောင်း။

ယနေ့ တရားစီရင်ရေးကဏ္ဍ၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများကိုကြည့်လျှင် အောင်မြင်ဖြစ်ထွန်းမှုများရှိနေသကဲ့သို့ ချို့ယွင်းချွတ်ချော်မှုများလည်း ရှိနေရဆဲအခြေအနေ ရှိနေသည်ကိုတွေ့ရကြောင်း။

တရားစီရင်ရေးအခြေအနေနှင့်ပတ်သက်ပြီး အမှုလက်ကျန်ကျဆင်းရေး စီမံချက်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သည့်အပြင် တရားစီရင်ရေးနှင့်ဆက်နွယ်နေသော ဌာနအသီးသီး၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် ပြစ်မှုဆိုင်ရာမှုခင်းများ ကြန့်ကြာမှုမရှိတော့ကြောင်းကို တင်ပြသည့် စာရင်းဇယားများအရ လေ့လာတွေ့ရှိရကြောင်း၊ အမှုနှင့်ချုပ်နှောင်ထားပြီး တရားရုံးအသီးသီးမှာ သုံးနှစ်အထက်၊ နှစ်နှစ်အထက် မပြီးပြတ်ဘဲ ကြန့်ကြာနေသည့် အမှုမျိုးများ ယခုဆိုလျှင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မရှိတော့သည်ကို တွေ့ရကြောင်း။

တရားရုံးအဆင့်ဆင့်၏ အမှုများ စစ်ဆေးစီရင်မှုနှင့်ပတ်သက်၍ ၂၀၀၂ ခုနှစ်အတွင်း တစ်နှစ်တာကာလတွင် စစ်ဆေးပြီးပြတ်ခဲ့သော ပြစ်မှုဆိုင်ရာအမှုပေါင်း သုံးသိန်းငါးသောင်းကျော်ရှိပြီး ၂၀၀၃ခုနှစ်အတွင်းမှာ နိုဝင်ဘာလကုန်အထိ သုံးသိန်းခုနစ်သောင်းကျော်ရှိသောကြောင့် စစ်ဆေးပြီးပြတ်မှုနှုန်းသည် ယမန်နှစ်ကထက် ပိုလာသည်ကိုတွေ့ရကြောင်း။

သို့သော်လည်း တရားမမှုခင်းများ၊ စစ်ဆေးစီရင်ဆုံးဖြတ်မှုနှင့် ပတ်သက်၍ ၂၀၀၂ ခုနှစ်တွင် အမှုပေါင်း နှစ်သောင်းသုံးထောင်ကျော်စစ်ဆေးပြီးပြတ်ပြီး ၂၀၀၃ ခုနှစ်အတွင်း နိုဝင်ဘာလကုန်ထိ အမှုပေါင်း နှစ်သောင်းကျော်သာ စစ်ဆေးပြီးပြတ်သည်ကို တွေ့ရှိရသည့်အတွက် မလိုလားအပ်သော ကြန့်ကြာမှုများ မပေါ်ပေါက်စေရန် တရားရုံးချုပ်အနေဖြင့် ကြပ်မတ်ထိန်းကျောင်းမှုများ ယခုထက်ပိုမိုဆောင်ရွက်ရန်လိုကြောင်း။

တစ်ဖက်မှာလည်း တရားစီရင်ရာတွင် မြန်ဆန်ရုံမျှဖြင့် မလုံလောက်ဘဲ အမှုများကို တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်မျှတမှန်ကန်စွာ ဆုံးဖြတ်နိုင်ရန် အထူးလိုအပ်ကြောင်း၊ ပြည်သူများအနေဖြင့် ဥပဒေအရ နစ်နာမှုများကို ကုစားနိုင်ရေးတွင် တရားရုံးကိုပင် မှီခိုအားထားကြရသည့်အတွက် တရားရုံး၏ စီရင်ဆုံးဖြတ်ချက် မှားယွင်းချွတ်ချော်သည်နှင့်အမျှ ပြည်သူအများနစ်နာမှု၊ စိတ်မချမ်းမြေ့ဖွယ်ဖြစ်မှု၊ မကျေမနပ်မှုများ ရရှိခံစားကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ အေးချမ်းသာယာမှု၊ စိတ်နှလုံးတည်ငြိမ်ချမ်းမြေ့ပျော်ရွှင်မှုရရှိအောင် ပြည်သူများကြုံတွေ့ခံစားနေရသည့် ပြဿနာများကို ဥပဒေဘောင်အတွင်းက တရားစီရင်ရေးလမ်းကြောင်းမှန်အတိုင်း တရားရုံးများက နည်းလမ်းတကျဖြင့် တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးကြမည်ဆိုလျှင် တရားရုံးများသည် ပြည်သူများ မှီခိုအားထားရာဌာနကြီးအဖြစ် ထိုက်တန်သည့် ဂုဏ်သတင်းဖြင့် သိက္ခာရှိရှိ ရပ်တည်နိုင်မှာဖြစ်ကြောင်း။

ချွတ်ယွင်းအားနည်းချက်များရှိနေဆဲ

တရားရုံးများ၏လုပ်ငန်းဆောင်ရွက်မှုများကို စိစစ်ကြည့်သည့်အခါတွင် တရားသူကြီးအချို့၏ ချွတ်ယွင်းအားနည်းချက်များ ရှိနေဆဲဖြစ်သည်ကို တွေ့ရကြောင်း။ သာဓကအနေဖြင့် ထုတ်နုတ်ပြောကြားရမည်ဆိုလျှင်–

- **တရားသူကြီးအချို့သည် အမှုအတွက် သက်သေခံချက်များရယူရာတွင် နှစ်ဖက်ရှေ့နေ၊ ရှေ့ရပ်များ စစ်ဆေးဖော်ထုတ်ချက်အပေါ်ကိုသာ အားကိုးနေကြမှုများ၊ ဘက်လိုက်ထွက်ဆိုသော သက်သေများ၏ထွက်ချက်များကို အလေးထားသုံးသပ် စီရင်မှုများရှိနေသည်ကို တွေ့ရကြောင်း။**
- **လောင်းကစားမှုများတွင် အမှုနှင့်မသက်ဆိုင်သည့် အမှုနှင့် အလွန်အလှမ်းကွာဝေးသော ငွေကြေးများ၊ တန်ဖိုးရှိပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းတရားစွဲဆိုမှုများရှိနေကြောင်း။**
- **အမှုနှင့်ပတ်သက်သော သက်သေခံပစ္စည်းများ လက်ခံထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းပြုသည့်နေရာတွင် စနစ်တကျမှတ်တမ်းဖြင့် လက်ခံရန် ပျက်ကွက်မှုများ၊ သက်သေခံပစ္စည်းအခြေအနေကို မျက်ခြည်မပြတ် အကဲမခတ်ဘဲ အမိန့်ချမှုများ၊ တရားသူကြီးတစ်ဦး ပြောင်းရွှေ့သွားသည့်အခါတွင် သက်သေခံပစ္စည်းများကို စနစ်တကျ လွှဲပြောင်းခြင်းမပြုခဲ့မှုများရှိနေကြောင်း**

ယခုလို ချွတ်ယွင်းမှုများကို တွေ့မြင်နေရဆဲဖြစ်သည့်အတွက် ဤချို့ယွင်းချွတ်ချော်မှုများကို ပြုပြင်သွားရန် လိုအပ်မှာဖြစ်ကြောင်း။

ထို့ပြင် တရားရုံးများနှင့်ပတ်သက်ပြီး

- **တရားရုံးအချုပ်သို့ ပို့အပ်ထားသော ရုံးထုတ်တရားခံများကို အမှန်တကယ်စစ်ဆေးရန် အသင့်ဖြစ်သည့်အချိန်ရောက်မှသာ စစ်ဆေးမည့် တရားသူကြီး၏ ညွှန်ကြားချက်ဖြင့် တရားခွင်သို့ ထုတ်ယူမည့်အစား အခြားဝန်ထမ်းတစ်ဦးက ရဲအစောင့်ကို ထုတ်ယူစေခြင်းမျိုးကြောင့် အချုပ်တရားခံ ထွက်ပြေးမှုများရှိနေကြောင်း။**
- **ချိန်းဆိုထားသော သက်သေများကို ချိန်းဆိုသည့်အချိန်အတွင်း တရားရုံးများက ကုန်စင်အောင် စစ်ဆေးမပေးမှုကြောင့် သက်သေများမှာ စီးပွားရေး၊ လူမှုရေး၊ အခက်အခဲကြုံတွေ့ရမှုများ ရှိနေသေးကြောင်း၊**
- **အချို့သောအမှုများမှာ အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းရန် အကြောင်းပေါ်ပေါက်သည့်အခါ တရားစီရင်ချက်မိတ္တူနှင့် သက်သေထွက်ချက်များ မိတ္တူရေးကူးရာတွင် အချိန်ကြန့်ကြာမှုများရှိနေသည်များကိုတွေ့ရကြောင်း၊**
- **အချို့သောတရားရုံးများတွင် သက်သေများကို စစ်ဆေးပြီးသည့်အခါ မှန်/မမှန် ပြန်လည်ဖတ်ပြခြင်း၊ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးစေခြင်းများမရှိမှုများ၊ အချို့သောအမှုများမှာ တရားရုံးအစစ်ခံချက်များသည် အမှန်တကယ် ထွက်ဆိုချက်နှင့်မတူကြောင်း တွေ့ရှိရမှုများ ရှိနေသည်ကို တွေ့ရကြောင်း၊**
- **တရားခံအချုပ်ဖြင့်ရှိနေသော အမှုများကို အချိန်နောက်ကျမှ စစ်ဆေးသည့်အတွက် တရားခံများကို အကျဉ်းထောင်သို့ပြန်ပို့ရာတွင် လုံခြုံရေးအထူးဂရုပြုရခြင်း၊ အကျဉ်းထောင်စည်းကမ်းအရ အချိန်ကန့်သတ်ချက်ကြောင့် လက်မခံခြင်း စသည့်ဖြစ်ရပ်များ ကြုံတွေ့နေရဆဲဖြစ်ကြောင်း၊**

စာမျက်နှာ ၁၁ ကော်လံ ၁

တရားရုံးများသည် ပြည်သူများမှိုခိုအားထားရာဌာနကြီးအဖြစ် သိက္ခာရှိရှိရပ်တည်

စာမျက်နှာ ၁၀ မှ

- **တရားရုံးမှစစ်ဆေးနေဆဲတွင် အာမခံပေးထားသောတရားခံကို ထောင်ဒဏ်ချမှတ်မည့် အခြေအနေဖြစ်လာသည့်အခါ အာမခံရုပ်သိမ်းပေးရေးကို ညှိနှိုင်းမှုမရှိခဲ့သည့်အတွက် တရားခံကကြိုတင်သိရှိပြီး ထွက်ပြေး တိမ်းရှောင်သွားမှုများ ရှိနေခြင်းကိုတွေ့ရကြောင်း၊**
- **ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ချမှတ်ရမည့် အမှုမျိုးတွင် ပြစ်ဒဏ်အနည်းငယ်သာ ချမှတ်မှုများ၊ ပြစ်မှုဟောင်း တွဲဖက်တင်ပြပါလျက် ထိရောက် ဟန့်တားလောက်သော ပြစ်ဒဏ်မချမှတ်မှုများ၊ ထိရောက်ဟန့်တားလောက်သော ပြစ်ဒဏ်မျိုး စီရင် ပိုင်ခွင့်မရှိသည့် တရားသူကြီးက စီရင်သည့်အတွက် ပြစ်ဒဏ်အနည်းငယ်သာ ချမှတ်နိုင်မှုများ ရှိနေသေးကြောင်း**

ယခုလို ချွတ်ချော်တိမ်းပါးမှုများ တွေ့နေရဆဲဖြစ်သည့်အတွက် ဤ ချွတ်ချော်တိမ်းပါးမှုများ ပျောက်ကွယ်သွားစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အလားတူပင် တရားရုံးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသည့် အဖွဲ့အစည်းများအပိုင်းကလည်း ချွတ်ချော်မှားယွင်းမှုများ ရှိနေသေးသည်ကို တွေ့ရကြောင်း၊ သာဓကအနေဖြင့် ပြောရမည်ဆိုလျှင်–

- **တရားရုံးကထုတ်ဆင့်သည့် အမိန့်ဆင့်စာများ၊ ဖမ်းဆီးဝရမ်းများနှင့် ပတ်သက်၍ အချို့သောရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ပံ့ပိုးကူညီမှုများပြုလုပ်ရမည့်အစား တရားရုံး၏အမိန့်ဆင့်စာ၊ ဝရမ်းများကို တိမ်းရှောင်လိုသူ မသမာသူများဘက်က ပူးပေါင်းကာကွယ်ပေးနေခြင်းကြောင့်တရားရုံး၏အမိန့်ဆင့်စာများ၊ ဖမ်းဆီးဝရမ်းများကို အချိန်မီအတည်မပြုနိုင်မှုများရှိနေကြောင်း။**
- **နိုင်ငံတော်၏အဖိုးတန်သယံဇာတပစ္စည်းများ နိုင်ငံခြားသို့ တရားမဝင် သယ်ဆောင်တင်ပို့မှုများ၊ လူမှောင်ခိုကုန်ကူးမှုများ၊ ပြည်ပက မော်တော်ယာဉ်နှင့် ကုန်ပစ္စည်းအမျိုးမျိုးကို တရားမဝင်တင်သွင်းမှုများ၊ မူးယစ်ဆေးဝါးအမှုများ စသည့် ထိရောက်ဟန့်တား လောက်သော ပြစ်ဒဏ်ပေးရမည့် အမှုမျိုးများတွင် အမှုစုံစမ်းထောက်လှမ်းဖမ်းဆီး တရားစွဲဆိုသည့် ဝန်ထမ်းအချို့အနေဖြင့် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးချုပ်နှောင်မှု၊ အမှုနှင့် သက်ဆိုင်အကျုံးဝင်သော ပစ္စည်းများကို ရှာဖွေသိမ်းဆည်းမှုတို့ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ကိုင် ဆောင်ရွက်မှုမရှိခြင်းကြောင့် အမှုမှန်ဖြစ်ပါလျက် လွတ်လိုက်ရသည့် အမှုမျိုးများရှိနေကြောင်း၊**
- **အချို့သောဒေသဆိုင်ရာအဖွဲ့အစည်းများက တရားရုံးက အမိန့်တစ်စုံတစ်ရာ မချမှတ်မီအတွင်း သက်သေခံပစ္စည်းယာဉ်နှင့် စက်ကိရိယာပစ္စည်းများ၊ မြေ၊ အိမ်၊ တိုက်တာဆောက်အအုံများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် မညီညွတ်ဘဲ ရယူသုံးစွဲနေမှုများ၊ အဖွဲ့အစည်းတစ်ခုကနေ တစ်ခု လွှဲပြောင်းပေးအပ်ရာ၌ စည်းကမ်းတကျဆောင်ရွက်မှု မရှိခြင်းများ ရှိနေကြောင်း၊**
- **တရားခံကို တရားရုံးက အပြီး အပြတ်လွှတ်လိုက်ခြင်းမှာ အကြောင်းအခြင်းအရာနှင့် ဥပဒေကြောင်းအရ မှန်ကန်ခြင်းမရှိသည့်အတွက် ရှေ့နေချုပ်ရုံးက တရားရုံးချုပ်ကို အယူခံတက်ရောက်သော အမှုများမှာ တရားရုံးက အမှုမှ အပြီးအပြတ်လွှတ်ခြင်းခံရသည့် တရားခံများကို ပြန်လည်ဖမ်းဆီးရမိခြင်းမရှိသည့်အတွက် တရားရုံးချုပ်မှာ အမှုများမပြီးပြတ်သော အခြေအနေများ ဖြစ်ပေါ်နေမှုများကိုလည်း တွေ့ရမှာဖြစ်ကြောင်း**

ယခုလို ချို့ယွင်းအားနည်းမှုတွေ ဖြစ်ပေါ်နေဆဲဖြစ်သည့်အတွက် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများဘက်က မှန်ကန်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း။

အထူးဆင်ခြင်

ထို့ကြောင့် တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရေးတွင် တရားသူကြီးများ၏ တရားမျှတမှန်ကန်မှုလိုအပ်သည့်အပြင် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ဥပဒေအရာရှိများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စသော ဆက်စပ်ပတ်သက်နေသည့် အဖွဲ့အစည်းများကပါ လိုအပ်သော ညှိနှိုင်းပေါင်းစပ်မှုများ၊ တရားစီရင်ရေးအာဏာထိရောက်မှုရှိစေရေးအတွက် ဥပဒေနှင့်ညီညွတ်သော ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်သည်ဟုပြောကြားလိုကြောင်း။

ထို့အပြင် အမှုတစ်မှုချင်းအလိုက် တရားစီရင်ရေးကဏ္ဍတွင် ဝင်ရောက်စွက်ဖက်မှုမျိုးမပြုလုပ်မိစေရန် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကို အထူးသတိပေး ပြောကြားလိုကြောင်း၊ အချို့သောအဖွဲ့အစည်းများအနေဖြင့် တရားရုံးတွင်ရှိသည့် မှုခင်းများနှင့်ပတ်သက်ပြီး ပုဂ္ဂိုလ်ရေးဆန်ဆန် ဝင်ရောက်စွက်ဖက်မှုမျိုးပြုလုပ်ခြင်းသည် တရားစီရင်ရေးဆိုင်ရာ မူခုနစ်ချက်တွင်ပါသည့် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးဆိုသော တရားစီရင်ရေးဆိုင်ရာမူကို ဆန့်ကျင်ပြုလုပ်ရာရောက်သည့်အတွက် အထူးဆင်ခြင်ကြရန် လိုအပ်သည်ကို တစ်ဆက်တည်း ပြောကြားလိုကြောင်း။

အားလုံးခြုံငုံပြောကြားရမည်ဆိုလျှင် တရားစီရင်ရေးမဏ္ဍိုင် မတိမ်းစောင်းရေး၊ မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေးအတွက် တရားသူကြီးများသာမက တရားစီရင်ရေးတွင် ပါဝင်ကြသော တရားစွဲအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များအားလုံးက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဂရုပြုဆောင်ရွက်သည့်အပြင် ဌာနတစ်ခုနှင့်တစ်ခု၊ အဖွဲ့အစည်း တစ်ခုနှင့်တစ်ခုညှိနှိုင်းဆောင်ရွက်မှု၊ တစ်ဌာန၏လိုအပ်ချက်ကို အခြားတစ်ဌာနက ဖြည့်ဆည်းပေးမှု၊ အပြုသဘောဖြင့် မှန်ကန်သော အနေအထားရောက်အောင် ကူညီထိန်းသိမ်းတည့်မတ်ပေးမှုများကို အပြန်အလှန်နားလည်မှုရှိရှိဖြင့် ဆောင်ရွက်ကြမှသာ မှန်ကန်တည့်မတ်ခိုင်မာသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

သတိပေးပြောကြားလို

တရားမမှုများအပိုင်းကို ပြောရမည်ဆိုလျှင် တရားမမှုများသည် အမှု၏ သဘောသဘာဝအရ မြန်မြန်မပြီးပြတ်နိုင်သည့် အမှုမျိုးဖြစ်ကြောင်း၊ သို့သော်လည်း မူလတရားလို၊ တရားပြိုင်များကွယ်လွန်သွားကြပြီး သား၊ သမီး၊ မြေး၊ မြစ်လက်ထက်ထိအောင် နှစ်ပရိစ္ဆေဒကြာမြင့်စွာ မပြီးပြတ်မှုမျိုး မဖြစ်စေရန် တရားရုံးအဆင့်ဆင့်တွင်ရှိကြသည့် တရားသူကြီးများမှာရော၊ ရှေ့နေ၊ ရှေ့ရပ်များမှာပါ တာဝန်ရှိခြင်းကြောင့် အထူးဂရုစိုက်ကြရန် သတိပေးတိုက်တွန်းလိုကြောင်း၊ တန်ဖိုးအားဖြင့် ကျပ်သိန်း ၂၀ ထက်မကျော်သော အမှုများသည် ဥပဒေအရ အယူခံတစ်ကြိမ်သာဝင်ခွင့်ရှိသည့်အတွက် ယင်းအမှုမျိုးများကို မူလတရားရုံးနှင့် ပထမအယူခံတရားရုံးများက အဂတိမဖက်ဘဲ မှန်မှန်ကန်ကန် ဆုံးဖြတ်ရန် အထူးလိုအပ်မှာဖြစ်ကြောင်း၊ အထူးအားဖြင့် ပထမအယူခံခွင့်အာဏာကို ကျင့်သုံးသည့် ခရိုင်တရားရုံးများသည် နောက်တစ်ဆင့် အယူခံဝင်ခွင့်မရှိတော့သည့်အမှုများကို သက်ဆိုင်သူများ မနစ်နာစေရအောင် မှန်ကန်သောအဖြေကို ထုတ်ပေးရန် အဓိကတာဝန်ရှိကြောင်း သတိပေး ပြောကြားလိုကြောင်း။

တရားစီရင်ရေးလုပ်ငန်းများတွင် တစ်ပိုင်းတစ်ကဏ္ဍပါဝင်ကြသော ရှေ့နေ၊ ရှေ့ရပ်များအနေဖြင့် တရားရုံးအဆင့်ဆင့်က ဥပဒေနှင့်ညီညွတ်စွာအမှန်တရားကို ဆုံးဖြတ်နိုင်အောင် တရားရုံးအရာရှိများအဖြစ် သတ်မှတ်ထားခြင်းခံရသူများဖြစ်သည်နှင့်အညီ အမှန်တရားပေါ်ပေါက်ရန်၊ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် လိုအပ်မှာဖြစ်ကြောင်း၊ ရှေ့နေ၊ ရှေ့ရပ်များ၏ ထုံးတမ်းစဉ်လာနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းကြရန် လိုအပ်သည်ဟု ပြောကြားလိုကြောင်း။

ကြားသိရသည့် သတင်းအချက်အလက်များအရ အချို့ရှေ့နေများသည် ရဲစခန်း၊ ဥပဒေရုံး၊ တရားရုံး စသည်တို့နှင့် နီးစပ်မှုယူပြီး တရားရုံးများတွင် နယ်စား၊ ပယ်စား ရှေ့နေလုပ်နေမှုများ၊ တရားရုံးကိုပိုင်နိုင်လို့ အမှုနိုင်စေရမည် ဆိုပြီး အမှုသည်များကို မမှန်မကန်လှည့်ပတ်ဆွဲဆောင်မှုများ၊ အမှုလိုက်ရုံသာမက အမှုပွဲစားလုပ်နေမှုများ၊ တရားစီရင်ရေးလမ်းကြောင်း လွဲမှားသွားအောင် မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြောဆိုရေးသားမှုများ၊ တရားရုံးရှေ့တွင် နှစ်ဖက်လျှောက်လဲချက် မပေးခင်ဖြစ်စေ၊ လျှောက်လဲချက်ပေးပြီးနောက်မှဖြစ်စေ အမှုသည်များအတွက် တိုင်စာရေးပေးမှုများ၊ ကိုယ့်အမှုသည်အတွက် တရားဥပဒေနှင့်အညီ ဆောင်ရွက်ပေးရမည့်တာဝန်များကို တမင်လစ်ဟင်း ပျက်ကွက်မှုများ၊ အမှုကြန့်ကြာအောင် နည်းအမျိုးမျိုးနှင့် တမင်ပြုလုပ်မှုများ၊ တရားခံကို တရားလိုဖြစ်အောင် အမှုကိုအပြန်အလှန် မမှန်မကန်စွဲဆိုစေမှုများ၊ သက်သေများကို နည်းမျိုးစုံစည်းရုံးဖြားယောင်းပြီး လိမ်လည်ထွက်ဆိုစေမှုများ၊ စာချုပ်စာတမ်းများကို မမှန်မကန်ပြုလုပ်ပေးနေမှုများ၊ ကိုယ့်လူသူ့ဘက်သားအဖြစ် တစ်ဖက်အမှုသည်နှင့် ပူးပေါင်းပြီး ဆောင်ရွက်မှုများ၊ အမှုကို နည်းမှန်လမ်းမှန်အတိုင်း မဆောင်ရွက်စေဘဲ လာဘ်ပေးလာဘ်ယူပြုရန် တိုက်တွန်းမှုများ၊ မိမိကိုယ်တိုင် သွားရောက်လာဘ်ပေးမှုများ၊ အမှုများကို ပိုမိုရှုပ်ထွေးအောင်၊ ပိုမိုပွားများလာအောင် ပူးပေါင်းလုပ်ကြံဆောင်ရွက်မှုများ စသည့် ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုမျိုးများကို ပြောင်ပြောင်တင်းတင်း ဆောင်ရွက်နေကြမှုများ ရှိနေဆဲဖြစ်သည်ကို သိရှိရကြောင်း။

ယခုလို လုပ်ရပ်များကြောင့် ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုဖြင့် တရားရုံးချုပ်က ရှေ့နေ၊ရှေ့ရပ်များဆိုင်ရာ ဥပဒေများအရ အရေးယူခဲ့ရသည့် ရှေ့နေဦးရေမှာ အတော်ပင် များပြားလာခြင်းကြောင့် ရှေ့နေ၊ရှေ့ရပ်များအနေဖြင့် မိမိတို့၏ ကျင့်ဝတ်သိက္ခာများကို စောင့်စည်း ထိန်းသိမ်းပြီး တရားစီရင်ရေး လုပ်ငန်းများမှာ ကူညီကြရန် လိုအပ်သည်ဟု ပြောကြားလိုကြောင်း။

တရားစီရင်ရေးကဏ္ဍ၏ အန္တိမတာဝန်မှာ အမှန်တရားရှာဖွေဖော်ထုတ်ပြီး နစ်နာမှုများကို ဥပဒေနှင့်အညီ ကုစားပေးနိုင်စေရန်ပင်ဖြစ်ကြောင်း၊ ဤရည်မှန်းချက် ပြည့်မြောက်အောင်မြင်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လိုက်နာကျင့်သုံးရမည့်လက်စွဲများ၊ ညွှန်ကြားချက်များ အစရှိသည့် စည်းမျဉ်းစည်းကမ်း ကျင့်ဝတ်များနှင့် ထိန်းကွပ်ပေးထားခြင်းဖြစ်ကြောင်း၊ ယခုလို မြားမြောင်လှသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို နည်းလည်ကျွမ်းကျင်သည့်အတွက် ဤဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ ဌာနဆိုင်ရာ အရာရှိများနှင့် ရှေ့နေ၊ရှေ့ရပ်များကို နိုင်ငံတော်က တရားစီရင်ရေးကဏ္ဍဆိုင်ရာ တာဝန်များကို ယုံကြည်စွာ လွှဲအပ်အပ်နှင်းထားခြင်းပင်ဖြစ်ကြောင်း။

စနစ်တကျစီမံဆောင်ရွက်ပေးနေ

ထို့ကြောင့် ထိုပုဂ္ဂိုလ်များသည် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်စွမ်းရှိကြရမှာဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် ကလည်း မကျွမ်းကျင်၊ ကျွမ်းကျင်ပါလျက် အမှုမှန်ဖော်ထုတ်ရာတွင် အသုံးမပြုဘဲ မလျော်မကန် အသုံးချနေကြမည်ဆိုလျှင် တရားရေးမဏ္ဍိုင်ယိမ်းယိုင်ပြီး တရားရုံးဝန်းကျင်တွင် အနိဋ္ဌာရုံများ သက်ဆိုးရှည်နေဦးမှာပင်ဖြစ်ကြောင်း။

တရားမဲ့ပြုကျင့်မှုဖြစ်သည်ဟု ဥပဒေကပြဋ္ဌာန်းသတ်မှတ်ပေးထားသည့် ပြစ်မှုများကို တစ်စုံတစ်ဦးက ကျူးလွန်ဖောက်ဖျက်သည့်အတွက် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုများကို တရားဥပဒေနှင့်အညီသာလျှင် ပြန်လည်ကုစားပေးရမှာ ဖြစ်ကြောင်း၊ သို့မှသာ တရားမျှတပြီး ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို ဖော်ဆောင်နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက် လိုအပ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံ ကောင်းများအခိုင်အမာတည်ဆောက်ပေးလျက်ရှိရာတွင် တရားစီရင်ရေးကဏ္ဍကို အခြားသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများနှင့် အပြန်အလှန် အကျိုးပြုဖွံ့ဖြိုးတိုးတက်လာစေရန်၊ တရားစီရင်ရေးကဏ္ဍကို အနာဂတ်ကာလ အမျိုးသားရေးမျှော်မှန်းချက်များနှင့် အညီစနစ်တကျတိုးတက်ဖြစ်ထွန်းလာစေရန် စနစ်တကျ စီမံဆောင်ရွက်ပေးနေဖြစ်ပင်ဖြစ်ကြောင်း။

ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍတိုးတက်ဖြစ်ထွန်းမှုများတွင် ပြုပြင်ဖွယ်ရာအချို့ရှိနေသေးသော်လည်း ယေဘုယျအားဖြင့် တိုးတက်မှု တွေ့ရှိနေသောကြောင့် အားရကျေနပ်ဖွယ် ရှိသည်ဟု ပြောကြားလိုကြောင်း၊ သို့သော်လည်း ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန် လိုသေးကြောင်း၊

တက်ညီလက်ညီပါဝင်ကြိုးပမ်း

ယခုလိုရရှိဖြစ်ထွန်းနေသည့် ပြည်သူအများ စိတ်အေးချမ်းမြေ့စွာ လူမှုသုခအပေါင်း အပြည့်အဝရရှိခံစားနိုင်မှု၊ တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းနေမှု၊ ဥပဒေစည်းကမ်းဘောင်အတွင်း ပြည်သူအချင်းချင်း ညီညွတ်မျှတစွာ ကျင့်ဝတ်စည်းကမ်း အပြန်အလှန်လိုက်နာကျင့်ကြံနေထိုင်နိုင်မှု၊ မသမာမှုများကြောင့် ပေါ်ပေါက်လာသည့် နစ်နာမှုများကို တရားရေးကဏ္ဍက မှန်ကန်မျှတစွာ ပြုပြင်တည့်မတ်ပေးနိုင်မှု စသည့် အခြေခံကောင်းများ ဆက်လက်ဖြစ်ထွန်းနေစေရေးကို ရေရှည်အာမခံနိုင်မည့် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးအတွက် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပရေး အပါအဝင် နိုင်ငံတော်ရှေ့ဆက်ချီတက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်ကြီး ခုနစ်ရပ်ကို နိုင်ငံတော်အစိုးရက စတင်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

ထို့ကြောင့် တရားသူကြီးများ၊ ဥပဒေအရာရှိများအပါအဝင် တရားစီရင်ရေးကဏ္ဍက တာဝန်ရှိသူပုဂ္ဂိုလ်အသီးသီးကလည်း တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာပြီး တရားဥပဒေစိုးမိုးသော၊ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် မိမိတို့ကျရာကဏ္ဍက တက်ညီလက်ညီ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေးဦးတည်ပြီး တရားဥပဒေစိုးမိုးရေး၊ လွတ်လပ်မျှတပြီး ဥပဒေနှင့်ညီညွတ်သော တရားစီရင်ရေးစနစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာစေရေးတို့အတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **နိုင်ငံတော်၏ တရားစီရင်ရေး ရည်မှန်းချက်နှင့် တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရေးအတွက် တည့်မတ်မှန်ကန်ပြီး ပြည်သူများ ယုံကြည်ကိုးစားရသည့် တရားစီရင်ရေးစနစ် ပီပီပြင်ပြင် ပေါ်ထွန်းလာစေရအောင် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြပါ၊**
- **နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ချောမောစွာ ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် မိမိတို့ ကျရာကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၁–၁–၂၀၀၄)ရက်မှ (၂၄–၁–၂၀၀၄)ရက်ထိ
MICT Park ၊ ရန်ကုန်မြို့

မင်္ဂလာဗျူဟာအသင်းချုပ် နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ် (၄၇)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၂၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ စုံညီစွာတက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

နိုင်ငံတော်တစ်ဝန်းလုံး အကြားအလပ်မရှိ မျှမျှတတဖွံ့ဖြိုးရေးစီမံကိန်းချမှတ်ဆောင်ရွက်နေ ပြည်သူများကလည်း နိုင်ငံတော်၏ဦးဆောင်မှုအောက်တွင် စည်းလုံးညီညွတ်စွာ တစ်လုံးတစ်စည်းတည်းလိုက်ပါ

ရန်ကုန် ဇန်နဝါရီ ၁၇

ကချင်ပြည်နယ် ဗန်းမော်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယ ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ဗန်းမော်မြို့နယ် စင်းခန်းတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ စီမံကိန်း ရှင်းလင်း ဆောင်၌ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၆) ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းကြည်က စင်းခန်းတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှု နှင့် ပြီးစီးမှုအခြေအနေများ၊ ဖြည့်ဆည်း ပေးရန် လိုအပ်သည်များကို ရှင်းလင်း တင်ပြပြီး ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးနေစိုးနိုင်က ဖြည့်စွက် ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ တကောင်း-ကသာ လမ်း ဖောက်လုပ်ရေး အထူးအဖွဲ့ အင်ဂျင်နီယာမှူးဦးအေးနိုင်ထွန်းက တကောင်း-ကသာ လမ်းဖောက်လုပ် နေမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် တို့က တံတားကိုသတ်မှတ်ကာလ ပြီးစီးအောင် တည်ဆောက်ရေး၊ စံချိန် စံညွှန်းကောင်းမွန်အောင်တည်ဆောက် ရေးနှင့် လမ်းပိုင်းဆိုင်ရာ ဆောင်ရွက် သင့်သည်များကို ရှင်းလင်း မှာကြား ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စင်းခန်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဧရာဝတီမြစ် အရှေ့ဘက်ခြမ်း ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေး-တကောင်း-ကသာ-ဗန်းမော်-မြစ်ကြီးနားလမ်းသစ်ကို ဖောက်လုပ်ခဲ့ပြီး ယင်းလမ်းသစ်၌ တည်ရှိသည့် ရွှေလီမြစ်ကူး ရွှေလီ တံတားကိုလည်း တည်ဆောက်ဖွင့်လှစ် ပြီး ဖြစ်သည်။

ယခု တည်ဆောက်လျက်ရှိသည့် စင်းခန်း တံတားမှာ မန္တလေး-တကောင်း-ကသာ-ဗန်းမော်-မြစ်ကြီးနားလမ်းသစ် တွင်တည်ရှိ သည့် တံတားတစ်စင်းဖြစ်သည်။ စင်းခန်းတံတား တည်ဆောက်ပြီးစီး ပါက ယင်းဒေသများ၏ ဆက်သွယ် သွားလာမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

စင်းခန်းချောင်းကို ဖြတ်သန်း တည်ဆောက်လျက်ရှိသည့် စင်းခန်း တံတားမှာ ပေ ၄၆၀ ရှည်မည့် တံတား ဖြစ်သည်။ တံတား၏ခံနိုင်ဝန်မှာ တန် ၆၀ ရှိမည်ဖြစ်ပြီး တံတား၏ယာဉ်သွား လမ်းအကျယ်မှာ ၂၈ ပေဖြစ်သည်။ ဘိုးပိုင်အုတ်မြစ်နှင့် သံကူကွန်ကရစ် ရက်မတံတားအဖြစ် တည်ဆောက် နေခြင်း ဖြစ်သည်။

တံတား၏ အုတ်မြစ် ၃၈ လုံး အနက် ၂၈ လုံး ပြီးစီးနေပြီဖြစ်သည်။ ရေလယ်တိုင် လေးတိုင်အနက် နှစ်တိုင် ပြီးစီးနေပြီဖြစ်သည်။ သတ်မှတ်ရက် အတွင်း တည်ဆောက်ပြီးစီး ဖွင့်လှစ် နိုင်ရေးအတွက် စီမံကိန်းဝန်ထမ်း များက ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များ သည် စီမံကိန်းမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ဒေသခံများ၊ကျောင်းသား ကျောင်းသူများအားလည်းရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်မှာကြားကြသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေလီတံတားအား ရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ သည် နံနက် ၁၀ နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် စစ်ကိုင်းတိုင်း ကသာ မြို့နယ်ရှိ ရွှေလီတံတားသို့ရောက်ရှိ ကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသိန်းလှိုင်၊ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမျိုးချစ်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်း အဖွဲ့ဝင်များက ကြိုဆိုကြ သည်။

ထို့နောက် ရွှေလီတံတားရှင်းလင်း ဆောင်၌ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်း အောင်ကရွှေလီတံတားအနီး၌ရေတိုက် စားခြင်းမှ ကာကွယ်နိုင်ရေးအတွက် ကျောက်စီရေကာတန်းတည်ဆောက် ခြင်း လုပ်ငန်းနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေလီတံတားအနီး ငါးအိုးနှင့်ပျဉ်ထောင်လေးကျေးရွာ တို့မှ ရပ်မိ ရပ်ဖတို့က ရွှေလီမြစ် စီးဆင်းမှု သဘာဝအခြေအနေများကို ရှင်းလင်းတင်ပြရာ သက်ဆိုင်ရာဌာန အကြီးအကဲများနှင့် တာဝန်ရှိသူတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေက ရွှေလီမြစ်ရေတိုက် စားမှုမှ ကာကွယ်နိုင်ရေးအတွက် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်က ကျောက်ရရှိရေး ပံ့ပိုးဆောင်ရွက်ပေး ခဲ့သည့် အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ လမ်းအထူးအဖွဲ့ (၁၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမောင်က ၆၆ မိုင်ရှိ ငါးအိုး-မဘိမ်း ကားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

၆၆ မိုင်ရှိ ငါးအိုး-မဘိမ်း ကား လမ်းတွင် ပေ ၄၀ အကျယ်ရှိ တစ် ကြောင်းထိုးလမ်းအဖြစ် ၂၂ မိုင် ဖောက် လုပ်ပြီးစီးနေပြီဖြစ်သည်။ ပေ ၆၀ အကျယ်ရှိ တောရှင်းခြင်းလုပ်ငန်းမှာ ၁၆ မိုင် ပြီးစီးနေပြီ ဖြစ်ကြောင်း သိရှိ ရသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင် များအား ကသာခရိုင် ပြည်သူ့ဆောက် လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးကိုကိုက ၁၅ မိုင်ရှိ ကသာ-ငါးအိုး ကားလမ်းသစ်ဖောက်လုပ်သွားမည့် အခြေအနေများကို ဆက်လက် ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားပြီး အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းက ရေတိုက်စားမှုမှ ကာကွယ်ရေးအတွက် ကျောက်စီ ရေကာတန်းတည်ဆောက်ခြင်းလုပ်ငန်း များကို ယခုပွင့်လင်းရာသီ ပြီးစီးအောင် ဆောင်ရွက်ရန်၊ လမ်းလုပ်ငန်းများကို လည်း တိုးတက်မှုရှိအောင် ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရွှေလီတံတားကို ဖြတ်သန်းကြည့်ရှုပြီး ငါးအိုး တိုက်နယ် ပြည်သူ့ဆေးရုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ဝင်ရောက်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ကျောက်စီ ရေကာတန်းတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ရွှေလီ တံတားပေါ်မှ ကြည့်ရှုကြသည်။

စစ်ကိုင်းတိုင်း ကသာမြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မဘိမ်းမြို့ နယ်သို့ ဆက်သွယ်သည့် ရွှေလီတံတား ကို ၂၀၀၃ခုနှစ် မတ်၇ ရက်တွင် ဖွင့်လှစ် ခဲ့ခြင်းဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင် များသည်ရွှေလီတံတားမှ ဟုမ္မလင်းမြို့ သို့ ရဟတ်ယာဉ်ဖြင့် ဆက်လက် ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးညီထွန်းနှင့် တာဝန်ရှိသူ များက ကြိုဆိုကြသည်။

ထို့နောက် ဟုမ္မလင်းလေယာဉ် ကွင်းတည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်ကခရီးသည်လေယာဉ် များ ပြေးဆွဲမှုအပါအဝင် ဟုမ္မလင်း လေဆိပ်နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဟုမ္မလင်းလေယာဉ်ကွင်းတွင် လေဆိပ် အဆောက်အအုံ၊ လေယာဉ်ရပ်နားရန် နေရာနှင့် လေကြောင်းထိန်းမျှော်စင် တည်ဆောက်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက ဟုမ္မလင်းမြို့နှင့် စပ်လျဉ်းသည့် အချက် အလက်များကို ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် လေကြောင်း ထိန်းမျှော်စင် တည်ဆောက်ခြင်းလုပ် ငန်း၊ လေဆိပ်အဆောက်အအုံတည် ဆောက်ခြင်းလုပ်ငန်းနှင့် လေယာဉ် ရပ်နားရန် နေရာတည်ဆောက်ခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကြ သည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ဟုမ္မလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ် ဆရာမ ကြီး ဒေါ်ခင်စန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆို ကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေး ကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည်စာသင်ခန်း၁၂ခန်းပါ နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ် နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Computer Skill Room၊ Learning Centre၊ Audio Visual Media Class Room၊ Electronic Centre စသည့် သင်ကြားမှု သင်ယူမှုအထောက် အကူပြု စာသင်ခန်းများကို ကြည့်ရှု စစ်ဆေးပြီး ကျောင်းသား ကျောင်းသူ များ လေ့ကျင့်သင်ယူနေမှုများကို အား ပေးကြသည်။

ထို့နောက် ဟုမ္မလင်းမြို့ ဖွံ့ဖြိုး တိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ ဆေးရုံသို့ ရောက်ရှိပြီး လူနာဆောင် များနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေး ကော်မတီဒုတိယဥက္ကဋ္ဌအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဟုမ္မလင်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ဆေးရုံဆောက်လုပ် ရန် လျာထားသည့် နောင်ပကျစ် တောင်ပေါ်ရပ်ကွက်ရှိ မြေနေရာကို ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်ဆေးရုံ အုပ်ကြီး ဒေါက်တာမျိုးမြင့်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်အားကစား ခန်းမ၌ ဟုမ္မလင်းမြို့နယ်မှ ဌာနဆိုင်ရာ များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးအသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် ချက်များနှင့် ဖြည့်ဆည်းပေးရန်လိုအပ် သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ် လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ် သည်များကို ဖြည့်ဆည်းဆောင်ရွက် ပေးပြီးမှာ ကြားရာတွင် နိုင်ငံတော် တစ်ရပ်လုံးအကြားအလပ်မရှိ မျှမျှ တတဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ တော်အစိုးရအနေဖြင့် ကဏ္ဍအလိုက် စီမံကိန်းများချမှတ်၍ ဆောင်ရွက်ပေး လျက်ရှိရာ ဟုမ္မလင်းဒေသသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း။

ကားလမ်း၊ ရေလမ်းကိုသာ အသုံးပြုသွားလာနေရသည့် ဟုမ္မလင်း ဒေသတွင် လေယာဉ်ကွင်းသစ်ကြီး တည်ဆောက်ထားပြီးဖြစ်သဖြင့် ဆက် သွယ်သွားလာမှုပိုမိုလွယ်ကူလာပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်သူတစ်ရပ်လုံးအပေါ်စေတနာ ထားဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း နိုင်ငံတော် အစိုးရ၏ဦးဆောင်မှုနှင့်အတူ တစည်း တလုံးတည်းလိုက်ပါ၍ ညီညွတ် စွာဖြင့်ခေတ်မီနိုင်ငံတော်ကြီးတည် ဆောက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) သည် ဟုမ္မလင်းဒေသဖွံ့ဖြိုးတိုးတက် ရေးဆောင်ရွက်ဖွယ်ရာများကိုရှင်းလင်း ပြောကြားပြီး ဒေသမှ ထူးချွန်ထက် မြက်သည့် လူငယ်လူရွယ်များပေါ် ထွက်လာရေးအတွက်လည်း အားပေး ဖြည့်ဆည်းရန်လည်းလိုကြောင်းဖြင့် မှာကြားကာ အခမ်းအနားသို့တက် ရောက်လာကြသူများအား ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဟုမ္မလင်း တပ်နယ်ခန်းမသို့ သွားရောက်ပြီး တပ်နယ်မှ အရာရှိ၊စစ်သည်မိသား စုများနှင့်တွေ့ဆုံရာ နိုင်ငံတော်အေး ချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဝင်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ် သည်များမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံ တော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်တို့သည် အရာရှိ၊စစ်သည်မိသားစု များအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် လေရှီးမြို့သို့ ရောက်ရှိကြရာ စစ်ကိုင်း တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သာအေး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ နာဂတိုင်းရင်းသား အကြီးအကဲများ၊ နာဂတိုင်းရင်းသား ယဉ်ကျေးမှု အဖွဲ့ များက ကြိုဆိုကြသည်။

ထို့နောက် လေရှီးမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ များနှင့် တွေ့ဆုံရာ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှထွန်းက လေရှီးမြို့နယ် နှင့် အခြားဒေသများ ဆက်သွယ်သည့် ကားလမ်းများအခြေအနေ၊ လေရှီးမြို့ နှင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပြီးစီးမှု၊ မြို့နယ်၏ ပညာ ရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များ ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အဆင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများက ဌာန အလိုက် လုပ်ငန်းဆောင်ရွက်ချက်များ နှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည် များကို ရှင်းလင်းတင်ပြကြရာ ဌာန အကြီးအကဲများ၊ ဒုတိယဝန်ကြီးများ

စာမျက်နှာ ၁၄ ကော်လံ ၄ သို့

နာဂဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ကျပ်သိန်း ၃၂၃ဂ ကျော် ဖြည့်ဆည်းပေးခဲ့
နာဂဒေသသို့တိုက်ရိုက်သွားလာနိုင်သည့် ခန္တီး(ဆင်သေ)–လဟယ်နှင့် ထမံသီ–လေရှီးလမ်းဖောက်လုပ်လျက်ရှိ

▼ အတွင်းရေးမှူး(၁)မှ

၂၀၀၄ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာချမ်းငြိမ်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ အခြေချ ခန္တီး စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခန္တီးခရိုင်နှင့် ခန္တီး၊ လေရှီး၊ ဟုမ္မလင်း၊ နန်းယွန်း၊ လဟယ်မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဝင်များ၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီဝင်များ၊ နာဂတိုင်းရင်းသားအကြီးအကဲများ၊ ခန္တီး၊ ဟုမ္မလင်း၊ လေရှီး၊ နန်းယွန်း၊ လဟယ်နှင့် တမူးမြို့နယ်တို့မှ နာဂမျိုးနွယ်စုတိုင်းရင်းသား ကိုယ်စားလှယ်များ၊ လေရှီးမြို့နယ်နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ နာဂတိုင်းရင်းသားများ၊ နာဂရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း၇၅၀၀ခန့်နှင့် ပွဲတော်သို့ လာရောက်လေ့လာသည့် ကမ္ဘာလှည့်ခရီးသည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ခန္တီးမြို့နယ်မှ ဦးဆန်ခါးနောင်ကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် လေရှီးမြို့နယ်မှ ဦးခေါ်လာဆော၊ လဟယ်မြို့နယ်မှ ဦးကိုင်လီ၊ နန်းယွန်းမြို့နယ်မှ ဦးဂျွန်ဟန်နှင့် ဟုမ္မလင်းမြို့နယ်မှ ဦးမောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးများအဖြစ် ခန္တီးမြို့နယ်မှ မရှနားဖိုင်းနှင့် လေရှီးမြို့နယ်မှ မပိုင်နှင်းသေးတို့က ဆောင်ရွက်ကြပြီး မြန်မာ–အင်္ဂလိပ်နှစ်ဘာသာဖြင့် အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာကြသည်။

နှစ်သစ်ကူးပွဲတော်ဖွင့်လှစ်

ရှေးဦးစွာ အခမ်းအနားမှူးများက ၂၀၀၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို ဖွင့်လှစ်ကြောင်းကြေညာကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ ပွဲတော်သို့ တက်ရောက်လာကြသူများသည်နိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် သဘာပတိ ဦးဆန်ခါးနောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် ဧည့်သည်တော်များနှင့် ညီအစ်ကို နွယ်ဖွားနာဂတိုင်းရင်းသားများအားလုံးနှစ်သစ်တွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့ပါစေဟုဆုမွန်ကောင်းတောင်းပါကြောင်း။

အမျိုးသားရေးစွမ်းရည်ဖော်ပြ

မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်ကြပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းရင်း အမျိုးအနွယ်များကို စောင့်ရှောက်ကာ ရှည်လျားခိုင်မာသည့် သမိုင်းစဉ်တစ်လျှောက်၌ တစ်ဦးနှင့်တစ်ဦး လေးစားချစ်ကြည်မှု၊ နားလည်စာနာမှု၊ ကြည်ဖြူ ခွင့်လွှတ်မှုများဖြင့် ညီညီညွတ်ညွတ် နေထိုင်လာခဲ့ကြကြောင်း၊ ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်လေးစားပြီး တညီတညွတ်တည်း စုပေါင်းနေထိုင်ခဲ့သည့် အစဉ်အလာကောင်းများသည် ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားပြီး ညီညွတ် မျှတသည့် လူ့ဘောင်အဖွဲ့အစည်းကိုတည်ထောင်ထားနိုင်သည်ဆိုသည့် အမျိုးသားရေးစွမ်းရည်ကို ဖော်ပြနေခြင်းပင် ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား စစ်ကိုင်းတိုင်း ခန္တီးခရိုင် လေရှီးမြို့တွင်ကျင်းပသော ၂၀၀၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် နာဂတိုင်းရင်းသား အကြီးအကဲ ဦးလှုဖေက နာဂရိုးရာခြုံထည်ကို အမှတ်တရပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စစ်ကိုင်းတိုင်း ခန္တီးခရိုင် လေရှီးမြို့တွင်ကျင်းပသော ၂၀၀၄ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် လေရှီး၊ လဟယ်၊ နန်းယွန်း၊ ခန္တီးနှင့် ဟုမ္မလင်းရှိ ဒေသခံတိုင်းရင်းသားများအား လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

နာဂရိုးရာနှစ်သစ်ကူးပွဲတော်သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အထောက်အကူပြုနိုင်ရန်အတွက် နာဂတိုင်းရင်းသားများက တက်တက်ကြွကြွပါဝင်ဆောင်ရွက်သွားရန်၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားရန်နှင့် မိမိတို့ ယဉ်ကျေးမှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် နိုင်ငံတော်က ချမှတ်ထားသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင် ပြီး နိုင်ငံတော်၏ ဦးတည်ချက် ၁၂ရပ် ကိုလည်း တက်တက်ကြွကြွပါဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဆိုသည့် ရည်ရွယ်ချက်များချမှတ်ပြီး ကျင်းပခဲ့ခြင်းဖြစ်ကြောင်း။

နာဂတိုင်းရင်းသား အများစုသည်ခန္တီး၊နန်းယွန်း၊လဟယ်နှင့်လေရှီးဒေသတို့တွင်နေထိုင်လျက်ရှိသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ရှေးယခင်က တစ်ပေါင်းတစ်စည်းတည်းကျင်းပခဲ့ခြင်းမဟုတ်ဘဲ နယ်မြေဒေသအလိုက်၊ လူမျိုးနွယ်စုအလိုက် ပွဲတော်များကျင်းပခဲ့ကြကြောင်း၊ ၁၉၈၉ခုနှစ်တွင် နိုင်ငံတော်၏လမ်းညွှန်မှုဖြင့် နာဂရိုးရာယဉ်ကျေးမှုကော်မတီကို ဖွဲ့စည်းပြီး နယ်ပေါင်းစုံပွဲတော်တစ်ခုအဖြစ် ခမ်းနားစွာကျင်းပနိုင်ရေးစီမံပြီး ၁၉၉၂ ခုနှစ် ဇန်နဝါရီလ၁၅ရက်နေ့မှစတင်ကာ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကြီးကို နာဂဒေသအသီးသီးမှကိုယ်စားလှယ်များ စုဝေး၍ ကျင်းပနိုင်ခဲ့ကြောင်း။

တိုးချဲ့ဖောက်လုပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းကြီးများ ရေးဆွဲချမှတ်အကောင်အထည်ဖော်လျက်ရှိရာတွင် ကဏ္ဍအသီးသီးမှ အရှိန်အဟုန်မြင့်အောင်မြင်မှုများရရှိပြီး ပြည်နယ်နှင့်တိုင်းဒေသအနှံ့အပြား၌ ယခင်နှစ်များနှင့်မတူဘဲ ထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းနှင့်ပြည်နယ်အဝန်း ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရာတွင် မိမိတို့၏ ညီအစ်ကိုများဖြစ်သည့် နာဂဒေသကိုလည်း ခေတ်နောက်ကျမကျန်ရစေဘဲ အထူးအလေးအနက်ထား၍ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်ပြီး နာဂဒေသကို ပြည်မနှင့်ဆက်သွယ်သွားလာရာတွင် အဓိကကျသည့် သက္ကယ်ကျင်း–ဟုမ္မလင်း–ခန္တီးလမ်းမကြီးကိုလည်း နှစ်စဉ် ဘဏ္ဍာငွေမြောက်မြားစွာအကုန်အကျခံပြီး ရာသီမရွေးသွားလာနိုင်သည့် လမ်းမကြီးဖြစ်အောင် လမ်း၊ တံတားများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်မွမ်းမံပြင်ဆင်လျက်ရှိကြောင်း၊ ချင်းတွင်းမြစ်ကြောင်းအတွင်း၌လည်း ရေယာဉ်များပြေးဆွဲခြင်း၊ လေယာဉ်ကွင်းများကို ပြုပြင်တိုးချဲ့ဖောက်လုပ်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် နာဂဒေသကို တိုက်ရိုက်ဆက်သွယ် သွားလာနိုင်ရန် အတွက် အရေးပါသည့် ခန္တီး(ဆင်သေ)–လဟယ်လမ်း ၅၃/၀မိုင်၊ ထမံသီ–လေရှီးလမ်း ၄၁/၀မိုင်ကိုလည်းနိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံကာ ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တိုးချဲ့ပြုပြင် ဖောက်လုပ်လျက်ရှိသည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ ထို့အပြင် နာဂဒေသတစ်ခုလုံးဒေသတွင်း ဆက်သွယ်သွားလာနိုင်သောလမ်းများ တိုးချဲ့လျာထားဖောက်လုပ်ခဲ့ရာ လဟယ်–ကြူယမ်းလမ်း ၅၃မိုင်၊ လဟယ်–ယမ်းကြုံးလမ်း ၇၈မိုင်၊ လဟယ်–ပုံညိုလမ်း ၄၈မိုင်၊ လောင်ဝေါက်–ကျွန်းခေါင်လမ်း ၃၂မိုင်၊ အရီကြိမ်–ထန်ပါခွေလမ်း ၂၈မိုင်၊ ရောင်ကွန်–ကျားဝမ်လမ်း ၈မိုင်၊ လေရှီး–ပန်ဆပ်–ဆွမ္မရာလမ်း ၃၉မိုင်စသည့် တိုးချဲ့လမ်း ခုနစ်လမ်းစုစုပေါင်း ၂၈၆ မိုင်ကို ဖောက်လုပ်ရန် လျာ ထားခဲ့ကြောင်း၊ တိုးချဲ့လမ်း ၂၈၆ မိုင်တွင် ယနေ့အထိ မိုင် ၁၆၀ ကျော် ဖောက်လုပ်ပြီးဖြစ်ကြောင်း၊ ယခု ဘဏ္ဍာရေးနှစ်

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

စစ်ကိုင်းတိုင်း ခန္တီးခရိုင် လေရှီးမြို့တွင်ကျင်းပသော ၂၀၀၄ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် သဘာပတိ ဦးဆန်ခါးနောင်က အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



စာမျက်နှာ ၁၃ မှ

အတွင်းမှာပင် စက်ယန္တရားထုတ်နုတ် အသုံးပြုနိုင်မှု အပေါ်မူတည်ပြီး လျာထားချက်အတိုင်း အောင်မြင်အောင် ဖောက်လုပ်သွားမည်ဖြစ်ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာခြင်းကြောင့် နှစ်စဉ်ကျင်းပလျက်ရှိသည့် နာဂရိုးရာပွဲတော်ကြီးကိုနာဂဒေသ၏ နယ်ပေါင်းစုံ၌ ကျင်းပနိုင်ခြင်း ဖြစ်ကြောင်း၊ သို့မှလည်း မျိုးနွယ်စု အချင်းချင်း စီးပွား ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အသိအမြင်၊ ဗဟုသုတများ ဖလှယ်နိုင်ကြမှာဖြစ်ကြောင်း။

အေးချမ်းလုံခြုံမှုရှိ

ထို့အပြင် ညီအစ်ကိုနွယ်ဖွား နာဂတိုင်းရင်းသားများနေထိုင်သည့် ဒေသအသီးသီး၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် ဒေသ အာဏာပိုင်တို့၏ ယနေ့အထိ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကို တင်ပြရလျှင် လမ်းတံတားလုပ်ငန်းများအတွက် ငွေကျပ် ၂၁၉၄သိန်းကျော်၊ ကျန်းမာရေးလုပ်ငန်းအတွက် ငွေကျပ် ၆၂သိန်းကျော်၊ ပညာရေးလုပ်ငန်းများအတွက် ငွေကျပ် ၁၀၆ သိန်းကျော်၊ စွမ်းအင်လုပ်ငန်းအတွက် ငွေကျပ် ၁၀၃ သိန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအတွက် ငွေကျပ် ၉၁ သိန်းကျော်၊ ဆက်သွယ်ရေးလုပ်ငန်းအတွက် ငွေကျပ် ၁၀၆ သိန်းကျော်၊ အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းအတွက် ငွေကျပ် ၁၈၇ သိန်းကျော်၊ သာသနာရေးလုပ်ငန်းအတွက် ငွေကျပ်သိန်း ၃၀၀ ကျော်၊အခြား ထောက်ပံ့မှုများအတွက် ၈၆ သိန်း ကျော် စုစုပေါင်း ယနေ့အထိ ငွေကျပ် ၃၂၃၈ သိန်းကျော် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တိုင်းရင်းသားများ အနေဖြင့်လည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်နေရန်လိုကြောင်း၊ ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "တို့တိုင်းပြည် ခေတ်နောက်ကျကျန်ခဲ့ရခြင်းဟာ လွတ်လပ်ရေးနှင့်အတူ ဖြစ်ပေါ်လာတဲ့ ပြည်တွင်းပဋိပက္ခတွေကြောင့်ဖြစ်တယ်ဆိုတာ မေ့ပစ်လို့မရတဲ့ သင်ခန်းစာဖြစ်တယ်၊တို့လက်ထက်မှာ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပြီး ပြည်ထောင်စုကြီးတစ်ခုလုံး ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြလို့ ယနေ့ နိုင်ငံတော်မှာ အခြေအနေကောင်းတွေ ရရှိလာတာဖြစ်တယ်၊ဒါ့ကြောင့်ပြည်တွင်း ပဋိပက္ခတွေ အစဉ်ထာဝရ ချုပ်ငြိမ်းသွားဖို့လိုတယ်၊တိုင်းရင်းသား စည်းလုံးညီညွတ်မှုခိုင်မာမှု **'သမဂ္ဂါနံ တပေါ သုခေါ'** ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာသုခကို ရစေသည်ဆိုတဲ့ ဆိုရိုးစကားအတိုင်း တို့နိုင်ငံသားတွေဟာ အန္တရာယ်ကင်း ဘေးရှင်းပြီး အေးချမ်းလုံခြုံမှုရှိကြမှာ ဖြစ်တယ်" ဟု မိန့်ကြားလမ်းညွှန်ခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အစိုးရသည် နာဂဒေသကြီးကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် စေတနာထား ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ယခုကဲ့သို့ အဘက်ဘက်က အားပေးကူညီနေသည့် အချိန်အခါကောင်းတွင် နာဂတိုင်းရင်းသား ညီအစ်ကိုများအနေဖြင့် ဖြစ်ထွန်းတည်ရှိပြီးဖြစ်သည့် ငြိမ်းချမ်းသာယာခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းစသော အခြေခံကောင်းများ အစဉ်ထာဝရ တည်တံ့ခိုင်မြဲ တိုးပွားစေရအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တပ်မတော်နှင့် ပြည်သူလက်တွဲပြီး အဘက်ဘက်က မနားမနေ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (စစ်ကိုင်းတိုင်းတာဝန်ခံ) အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် မုံရွာမြို့ အစိုးရကွန်ပျူတာကောလိပ် ဒုတိယနှစ်ကျောင်းသူ လေရှီးမြို့နယ်မှ နာဂတိုင်းရင်းသူ မဆန်းစစ်ရီးက နာဂရိုးရာ နှစ်သစ်ကူးပွဲတော်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အမှတ်တရပေးအပ်

ဆက်လက်၍ လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား နာဂတိုင်းရင်းသား အကြီးအကဲ ဦးလှဖေက နှစ်သစ်ကူး ဂုဏ်ပြုလက်ဆောင် အဖြစ် နာဂရိုးရာ ခြုံထည်ကို အမှတ်တရ ပေးအပ်လှမ်းခြုံပေးသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်အား နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးထင်းကော့က နှစ်သစ်ကူး ဂုဏ်ပြုလက်ဆောင်အဖြစ်နာဂရိုးရာခြုံထည်ကို အမှတ်တရ ပေးအပ်လှမ်းခြုံပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် ဒုတိယ ဝန်ကြီးများအား နာဂတိုင်းရင်းသား အကြီးအကဲများက နှစ်သစ်ကူး ဂုဏ်ပြုလက်ဆောင်အဖြစ် နာဂရိုးရာ ခြုံထည်များကို အမှတ်တရ ပေးအပ် လှမ်းခြုံပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းသည် လေရှီးမြို့ ရေရရှိရေးအတွက် ရေပိုက်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူနိုင်ရန် အလှူငွေများကို လေရှီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ လဟယ်မြို့နယ် တိုးချဲ့ကွက်သစ် ဂါလန် ၁၅၀၀ ဆံ့ ရေကန်တစ်ကန် ဆောက်လုပ်ရန်နှင့် မူလတန်းကျောင်း ကိုးကျောင်း အမိုးသွပ်များအတွက် အလှူငွေများကို လဟယ်မြို့ နယ်မြေခံတပ်ရင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ရှစ်ကြူးအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် လေရှီး၊ လဟယ်၊ နန်းယွန်း၊ ခန္တီးနှင့် ဟုမ္မလင်းရှိ ဒေသခံတိုင်းရင်းသားများအတွက် အဝတ်အထည်များ၊ ဗလာစာအုပ်များ၊ ရုပ်မြင်သံကြားဖမ်းစက်များ၊ ဂြိုဟ်တုစလောင်းများ၊ စောင်များကို နာဂရိုးရာယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးထင်းကော့၊ ကော်မတီနာယက ဦးလှဖေ၊ လေရှီးမြို့နယ် ပညာရေးမှူး ဦးထန်ဒိုလန်၊ လဟယ်မြို့နယ်မှ ကိုယ်စားလှယ် ဦးပါကြောင်၊ ရပ်မိရပ်ဖ ဦးအာလုံး၊ နာဂတိုင်းရင်းသားအကြီးအကဲ ဦးရင်မန်းနှင့် နာဂတိုင်းရင်းသား အကြီးအကဲများအား ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နာဂတိုင်းရင်းသား အကြီးအကဲများအား စောင်များကိုလည်းကောင်း၊ ကုန်းမြင့်ဒေသ လယ်ယာဖော်ထုတ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ပေါက်ပြားအလက် ၁၀၀၀၊ တိုင်းရင်းဆေးမျိုးစုံနှင့် ရုပ်မြင်သံကြားဖမ်းစက်တို့ကို နန်းယွန်းမြို့နယ်မှ ကိုယ်စားလှယ် ဦးရှင်လန်း၊ နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌဦးထင်းကော့၊ နာဂတိုင်းရင်းသားအကြီးအကဲဦးကီရှီးမူးနှင့် မြို့နယ်များမှ ကိုယ်စားလှယ်များအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သာအေးက နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပရေးအတွက် ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ကုန်ပစ္စည်းများ၊ အားကစားဘောင်းဘီများကိုလည်းကောင်း၊ ဒေသခံတိုင်းရင်းသားများအတွက် စောင်များ၊ ရုပ်မြင်သံကြားဖမ်းစက်များနှင့် ဂြိုဟ်တုစလောင်းများကို နာဂတိုင်းရင်းသား အကြီးအကဲများနှင့် တာဝန်ရှိသူများအား လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်က ဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ အဝတ်အထည်များကို နာဂတိုင်းရင်းသားအကြီးအကဲများအား ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် စစ်ဗျူဟာမှူးဗိုလ်မှူးကြီးမင်းဆွေတို့က အလှူငွေများ၊ လက်ဆောင်ပစ္စည်းများကိုနာဂတိုင်းရင်းသားအကြီးအကဲများနှင့်တာဝန်ရှိသူများအားပေးအပ်ကြသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ဆက်လက်၍ ၂၀၀၂-၂၀၀၃ပညာသင်နှစ် အခြေခံပညာအထက်တန်း စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခန္တီး၊ လဟယ်၊ လေရှီးနှင့် နန်းယွန်းမြို့နယ်တို့မှ ကျောင်းသားကျောင်းသူများအား နာဂရိုးရာ ယဉ်ကျေးမှု ဗဟိုကော်မတီနာယကများဖြစ်ကြသည့် ဦးလှဖေနှင့် ဦးကီစီမူးတို့က ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ထို့နောက် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ လာရောက်လေ့လာကြသည့် ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ကမ္ဘာလှည့်ခရီးသည်များက နာဂတိုင်းရင်းသားအကြီးအကဲများအား လက်ဆောင်များပေးအပ်ကြသည်။

ယင်းနောက် သဘာပတိ ဦးဆန်ခါးနောင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး ၂၀၀၄ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ခရီးသည်များအား နာဂတိုင်းရင်းသားအကြီးအကဲများ၊ နာဂတိုင်းရင်းသားတိုင်းရင်းသူများက နာဂရိုးရာအစားအစာများဖြင့် ကျွေးမွေးဧည့်ခံကြသည်။

ထို့နောက် နာဂတိုင်းရင်းသားတိုင်းရင်းသူများက နာဂရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

မှတ်တမ်းဓာတ်ပုံရိုက်

နာဂရိုးရာ ကပြဖျော်ဖြေမှုများအပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နာဂတိုင်းရင်းသားအကြီးအကဲများ၊ နာဂတိုင်းရင်းသူများ၊ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ ကမ္ဘာလှည့်ခရီးသည်များနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံများရိုက်ကြသည်။

၂၀၀၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အောင်မြင်ခြင်းအထိမ်းအမှတ် မီးပုံပွဲကို ညနေ ၆ နာရီတွင် လေရှီးမြို့ ရိုးရာအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ၊ နာဂတိုင်းရင်းသား အကြီးအကဲများ၊ နာဂတိုင်းရင်းသားတိုင်းရင်းသူများ၊ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ ကမ္ဘာလှည့်ခရီးသည်များ တက်ရောက်ကြသည်။

မီးပုံပွဲဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ပွဲတော်စင်မြင့်ပေါ်တွင် ကွင်းလျှောပြုလုပ်တပ်ဆင်ထားသည့် မီးကွင်းကို မီးရှို့၍ မီးပုံပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် လေရှီးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက 'ဓာတိမာန်' သီချင်းကို စုပေါင်းသီဆိုကြသည်။

ယင်းနောက် နာဂရိုးရာယဉ်ကျေးမှု အကအဖွဲ့များက ရိုးရာအကများ ဖြင့် ဖျော်ဖြေကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ကမ္ဘာလှည့် ခရီးသည်များသည် မီးပုံပွဲတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး မီးပုံပွဲကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် မကျင်းပမီ နံနက်ပိုင်းတွင် ပွဲတော်အထိမ်းအမှတ်အဖြစ်ဖွင့်လှစ်ထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏အခမဲ့ဆေးကုသခန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စိုက်ပျိုးရေးပညာပေးပြခန်း၊ ကျန်းမာရေးပြခန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ညနေပိုင်းတွင် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် နာဂရိုးရာ ယဉ်ကျေးမှုပြတိုက်နှင့် နာဂရိုးရာ ယဉ်ကျေးမှုပစ္စည်းအရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ပွဲတော်အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများကိုလည်း ကျင်းပရာ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည့် ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများနှင့် လွန်ဆွဲပြိုင်ပွဲများကို အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

လက်ထပ်မင်္ဂလာဆောင်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဌေးအောင် (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း)နှင့် ဒေါ်ချော (အထက-၃၊ ဒဂုံ) တို့၏ တစ်ဦးတည်းသောသား

မောင်ကောင်းမြတ်အောင်

Certified Accounting Technician

ACCA˚(London)

Diploma in French (Alliance)

နှင့်

ပုသိမ်မြို့နေ

ဦးစိုးဝင်း (တိုင်းမန်နေဂျာ၊ ဧရာဝတီတိုင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)နှင့် (ဒေါ်ခင်သန်း)တို့၏ သမီးငယ်

မဖြူဖြူဝင်း

B Com. CPA

ACCA˚(London)

Auditor, Leroy Ried & Co., (London)

တို့သည် လန်ဒန်မြို့ Registered Office, District of Wandsworth တရားရုံး၌ လက်ထပ်ပြီး ဖြစ်ပါသဖြင့် ၁၇-၁-၂၀၀၄ရက်နေ့တွင် အင်းလျားကန်ဟိုတယ်၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ဝိုင်းဝန်းကူညီပေးကြသူများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကောင်းမြတ်အောင်-မဖြူဖြူဝင်း

စာမျက်နှာ ၁၂ မှ

နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီးတို့က ဝန်ကြီးဌာနအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသဆန်ဖူလုံရေးအတွက် ဆက်လက်ကြိုးပမ်းရန်လိုအပ်ပုံများ၊ ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ဦးဆောင်ဦးရွက်ပြု၍ စေတနာထား ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက လေရှီးဒေသ အခြေအနေများ၊ ဝန်ထမ်းများ၏ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု များ၊ လေရှီး-လဟယ်-နန်းယွန်း လမ်းပေါက်ရေးစီမံ ဆောင်ရွက်ရမည်များကို အသေးစိတ် ဆွေးနွေးမေးမြန်းပြီး လိုအပ်သည်များ မှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၅ရက် နံနက် ၁၀နာရီခွဲတွင် လေရှီးမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး လူနာများနှင့် ဆေးရုံအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်သင့်သည်များကို မြို့နယ်ဆရာဝန် ဒေါက်တာကျော်ခိုင်နှင့် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် လေရှီးမြို့ ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ဆရာတော်ဘဒ္ဒန္တသုဒဿနနှင့် နာဂတောင်တန်းဒေသမှ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ အတွင်းရေးမှူး(၁)က သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လေရှီးမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး Electronic Audio˚၊VisualRoom၊ Computer Skill Room နှင့် e-Education Learning Centre တို့ကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု စွမ်းရည်များကို မေးမြန်းအားပေးသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီး ဦးဆန်ထမ်းက လက်ရှိကျောင်းဆောင်များနှင့် ကျောင်းဆောင်သစ် လိုအပ်မှုတို့ကို ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားပြီး ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်မည့် နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် (စစ်ကိုင်းတိုင်း တာဝန်ခံ) အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့်အတူ မွန်းလွဲ ၂ နာရီတွင် လေရှီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးအောင်၊ ခန္တီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအောင်ချစ်လွင်၊ ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်တို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ လေရှီးမြို့နယ်မှ အသင်းဝင်များအား တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေးကိစ္စများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အသင်းများအတွက် ပံ့ပိုးငွေများကို ပေးအပ်သည်။

အဆိုပါ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် နာဂရိုးရာနှစ်သစ်ကူး ပွဲတော်သို့ လာရောက်လေ့လာကြသည့် ကမ္ဘာလှည့်ခရီးသည်များတည်းခိုသည့် အိပ်ဆောင်များ၊ စားသောက်ဆောင်များကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လေရှီးမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် ဂြိုဟ်တုတယ်လီဖုန်းစခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အား ဇန်နဝါရီ၁၅ ရက် မွန်းလွဲပိုင်းတွင် လေရှီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခန္တီးခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိအင်ဂျင်နီယာများက ထမံသီ-လေရှီး- ခန္တီးလမ်း၊ ခန္တီး-ဆင်သေ-လဟယ်လမ်းတို့နှင့် စပ်လျဉ်း၍ လမ်းအလိုက် တိုးတက်ကောင်းမွန်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

ဘုရားအနေကဇာတင်၊ ရဟန်းခံ၊ သိမ်ကျောင်းရေစက်ချပွဲကျင်းပ

တောင်ကြီး ဇန်နဝါရီ ၁၀

တောင်ကြီးမြို့ အေးသာယာ စက်မှုဇုန် ရှမ်းစတားဂျစ်နှင့် အောင်မြင်ရှမ်းစတားပစ်ကပ် မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်း မိသားစု၏ ဘုရား အနေကဇာတင်၊ ရဟန်းခံ၊ သိမ်ကျောင်းရေစက်ချ အလှူတော် မင်္ဂလာပွဲကို ဇန်နဝါရီ ၆ ရက်က အေးသာယာစက်မှုဇုန် လေသာတောင် အောင်ချမ်းသာ ဘုန်းတော်ကြီးကျောင်း အတွင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ရှမ်းစတားဂျစ်နှင့် အောင်မြင်ရှမ်းစတားပစ်ကပ် မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်း သိမ်အလှူဒါယကာ ဦးဘထူး–ဒေါ်တင်လှ၊ ဒေါ်တင်မြ၊ သား ဦးတင်အောင်နိုင်–ဒေါ်ယဉ်ယဉ်အေး၊ မခင်မြရင်၊ ကိုတင်မောင်ထွေး–မစိန်လှဝင်း မိသားစုတို့က အေးသာယာစက်မှုဇုန် လေသာတောင် အောင်ချမ်းသာကျောင်းအတွင်း သဒ္ဓမ္မဝေပုလ္လ သိမ်တော်ဆောက်လုပ်လှူဒါန်းခြင်း၊ သိမ်အထက် စေတီတော်နှင့် စေတီရံများ ထီးတော်တင်လှူခြင်း **(အပေါ်ပုံ)** နှင့် ဗုဒ္ဓရုပ်ပွားတော်များ အနေကဇာတင်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြောင်း သိရသည်။

(က–ပ)

သစ်သီးပန်းအလှပြင်သင်တန်းဆင်းပွဲ လှိုင်ကော်၌ကျင်းပ

လှိုင်ကော် ဇန်နဝါရီ ၅

ပြည်နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီနှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သော သစ်သီး ပန်းအလှပြင်သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က လှိုင်ကော်မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးက အမှာစကားပြောကြားပြီး အုပ်စုအလိုက် ဆုရရှိသူများအားဆုများချီးမြှင့်သည်။ ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခိုင်သက်မွန်က သင်တန်းတွင် တစ်ဦးချင်းဆုရရှိသူများအား ဆုချီးမြှင့်ပြီး ကျန်ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

(ခရိုင်ပြန်/ဆက်)

အုတ်တွင်းကန်ကျေးရွာ ရေဆိုးထုတ်မြောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်း ဒုတိယဝန်ကြီးစစ်ဆေး

တံတားဦး ဇန်နဝါရီ ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေသည်တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၅ ရက်က မန္တလေးတိုင်း တံတားဦးမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် အုတ်တွင်းကန်ကျေးရွာ ရေဆိုးထုတ်မြောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယ ဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့သစ်စွယ်တော် လမ်းသွယ် (၃)လမ်း ကျောက်ချောခင်းနေသည့် လုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီးလိုအပ်သည်များ မှာကြားခဲ့သည်။ **(အောက်ပုံ)(နယ်စပ်စည်ပင်)**

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ မြောက်ပိုင်းရပ်ကွက် (မူလွန်) အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မြင့်က ပထမတန်း ပထမဆုရရှိသော မမေမြတ်မွန်အား ဆုချီးမြှင့်စဉ်။

(က–ပ)

ကုန်းသာ–ပြင်ရွာ ရွာချင်းဆက်ကျောက်ချောလမ်းခင်း

မြောင်းမြ ဇန်နဝါရီ ၄

မြောင်းမြမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က ကုန်းသာ–ပြင်ရွာ ရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ် ငန်းများကို ဇန်နဝါရီ ၃ ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှတာဝန်ရှိသူများက စက်ယန္တရားများဖြင့် ရေဖျန်းခြင်း၊ လမ်းကြိတ်ခြင်း လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲဆုချီးမြှင့်

လှိုင်းဘွဲ့ ဇန်နဝါရီ ၅

လှိုင်းဘွဲ့မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို လှိုင်းဘွဲ့မြို့ (ခ)ရပ်ကွက် စေတနာ့ဝန်ထမ်းမူလတန်းကြို ကျောင်းခန်းမတွင် ကျင်းပသည်။

ဆုများပေးအပ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (ယာယီ) ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကြည်ဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲတွင်ဆုရရှိသော ကလေး ၁၆ဦးအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပညာအလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

နတ်တလင်း ဇန်နဝါရီ ၁၃

နတ်တလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပညာအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ကြိုးကြာကန်ကျေးရွာအုပ်စု၌ ဒီဇင်ဘာ ၂၉ရက်နံနက်က ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်၊ အတွင်းရေးမှူး ဦးသန်းလွင်နှင့်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်တင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်ပေးသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသည့် စာအုပ် ၅၀ကို ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးရွှေထံ ပေးအပ်လှူဒါန်းသည်။

(မြို့နယ်ပြန်/ဆက်)

လက်ပံတန်းမြို့၌ ဂဝံလမ်းသစ်ဖွင့်ပွဲကျင်းပ

လက်ပံတန်း ဇန်နဝါရီ ၅

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မအူကုန်းရပ်ကွက် မြို့ပြလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ကံကြီးလမ်း ဂဝံလမ်းကို လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းမြင့်နှင့် မအူကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ကံကြီးလမ်း ဂဝံလမ်းသစ်ကို အရှည်ပေ ၂၃၀၀၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မ ကုန်ကျငွေကျပ် ၁၆၈၀၇၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ လမ်းသည် လက်ပံတန်း–ဟင်္သာတလမ်းပိုင်း၊ တောင်ကြို့ကုန်း(ကျေးလက်) လမ်းတို့နှင့် ဆက်သွယ်သောလမ်းဖြစ်ပြီး ရာသီမရွေး အသုံးပြုနိုင်သော လမ်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ရက်က ဒေးဒရဲမြို့နယ် အထက(၂)တွင်ကျင်းပရာ မြို့နယ် ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးတင်ထွန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။

(မြို့နယ်စည်ပင်)

ဒီဇင်ဘာ ၂ ရက်က ဝန်ထမ်းများဘက်စုံထူးချွန်ဆု ချီးမြှင့်ခြင်း အခမ်းအနားကို မြစ်ကြီးနားမြို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပြည်နယ်မန်နေဂျာရုံး၌ ကျင်းပရာ ဝန်ထမ်းသက်သာဆောင်ရွက်မှုဆုရရှိသူ ဦးဘောမ်ဖုံးအား ပြည်နယ်မန်နေဂျာ ဦးကျော်ဇောမောင်က ဆုချီးမြှင့်စဉ်။

(က–ပ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို ဇန်နဝါရီ ၁၃ရက် နံနက် ၈ နာရီခွဲက ရခိုင်ပြည်နယ်စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ဒေါ်ခင်ခင်ဝင်း၊ တွဲဖက် အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များဖြစ်ကြသည့် ဒေါက်တာ မိုးမိုးခိုင်၊ဒေါ်ရင်ရင်လေး၊ဒေါ်ခင်မေစိုး၊ ဒေါ်နုနုရီ၊ အထောက် အကူပြုအဖွဲ့ဝင် လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါက်တာ ညွှန့်ညွှန့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၅၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကွင်းဆင်းအဖွဲ့ခေါင်းဆောင်ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက အဖွင့်အမှာစကားပြောကြားသည်။**(အောက်ယာပုံ)**

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေက ဖွဲ့စည်းပုံနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်းက စည်း ရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေး၊ စီမံရေးရာလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကိုရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ မိုးမိုးခိုင်က ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ရင်ရင်လေးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့နှင့်ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်မေစိုးက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ စည်းရုံးရေးအဖွဲ့ခေါင်းဆောင်ဒေါ်နုနုရီက ယဉ်ကျေးမှု၊အမျိုးသမီးငယ်ရွယ်နှင့်တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူငွေများ ပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးက ငွေကျပ် ၁၀ သိန်းနှင့် အဖွဲ့ဝင်(၁) ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးရဲနိုင်အောင်က ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီထံသို့ ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်မေမေရီနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ရခိုင်ပြည်နယ်ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ဇန်နဝါရီ ၁၂ ရက် ညပိုင်းတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို စစ်တွေတပ်နယ် ဗန္ဓုလ ဧည့်ရိပ်သာ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရှင်းလင်းဆွေးနွေးသည့် အချက်အလက်များ၊ ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက သိလိုသည်များ မေးမြန်းတင်ပြကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကွင်းဆင်းလေ့လာရေး အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာဒေါ်မေမေရီနှင့် အဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ယွန်းပညာကောလိပ်သင်တန်းများစတင်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၇

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပုဂံမြို့ယွန်းပညာကောလိပ် ၂၀၀၃–၂၀၀၄ ပညာသင်နှစ်အတွက် ဘွဲ့ရရှိပြီးသူများ တက်ရောက်ခွင့်ရှိသည့်ယွန်းပညာဒီပလိုမာ တစ်နှစ်သင်တန်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ တက်ရောက်ခွင့်ရှိပြီး စီးပွားရေးတက္ကသိုလ်သို့ သတ်မှတ်ချက်နှင့်အညီ တက်ရောက်ခွင့်ရှိသည့် ယွန်းပညာဒီပလိုမာ နှစ်နှစ်သင်တန်း အသီးသီးကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှစတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းသို့ သင်တန်းဝင်ခွင့်လျှောက်ထားသူများအား သင်တန်းတက်ရောက်ခွင့်အကြောင်းကြားစာများ တစ်ဦးချင်းထံပေးပို့ထားပြီး ဖြစ်သည်။ သင်တန်းတက်ရောက်ခွင့်နှင့် ပတ်သက်၍ အသေးစိတ်စုံစမ်းလိုပါက ရန်ကုန်ရုံးချုပ် ဖုန်း–၀၁–၆၆၁၃၅၃၊ ၆၆၁၀၄၆၊ ၆၆၁၂၁၃နှင့် ပုဂံယွန်းပညာကောလိပ် ဖုန်း–၀၂–၆၇၂၁၃၊၀၂–၆၇၂၀၈၊ အထက်မြန်မာပြည်ရုံးခွဲ ၀၂–၃၉၆၀၉၊ အောက်မြန်မာပြည်ရုံးခွဲ ၀၁–၂၂၂၂၃၅ တို့ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဒီဇင်ဘာ ၂၈ ရက်က သီရိသုမင်္ဂလာ မဏိဓောတရေ ဦးပွင့်ကောင်း ကွယ်လွန်သည့် ၁၀ နှစ်ပြည့်နှင့် ကျန်ရစ်သူအဂ္ဂမဟာသီရိသုမင်္ဂလာ ဒေါ်ခင်နွဲ့ရီ သားသမီး၊ မြေး၊မြစ်တစ်စုအတွက် သားဖြစ်သူ ဒေါက်တာဦးတင်စိုးလင်းက ဟိတေသီအဖွဲ့သို့ ငွေကျပ်ငါးသိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးလှမောင်လက်ခံစဉ်။

(က–ပ)

အရှင်အာစာရလင်္ကာရ တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက် သစ်ကျောင်းတိုက်ကြီးမှ သာမဏေကျော် ဓမ္မာစရိယ၊ ပဋ္ဌာနကာယဝိဒူ၊ ဂန္ထဝါစကပဏ္ဍိတ (ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ)သာသနာပြု ဓမ္မကထိကဆရာတော်အရှင်အာစာရ လင်္ကာရ အရှင်သူမြတ်သည် ဇန်နဝါရီ၁၇ ရက်နှင့် ၁၈ ရက်ညတွင် ပန်းတနော်မြို့ မြတောင်စာသင်တိုက် ဓမ္မသဘင်၊ ၁၉ ရက်ညတွင် (သန်လျင်) သုံးခွမြို့ ဗုဒ္ဓလမ်းစဉ် ဓမ္မသဘင်၊ ၂၀ ရက်ညတွင် မင်္ဂလာတောင်ညွန့် မြို့နယ် ဖို့မြေဓမ္မာရုံ ဓမ္မသဘင်၊ ၂၁ ရက်ညတွင် တာမွေ ကျောက်မြောင်းကျားကွက်သစ်ဓမ္မသဘင်၊ ၂၂ ရက်ညတွင် ပုသိမ်မြို့ ဝိနယာဓိက စာမေးပွဲ ရွှေရတုဓမ္မသဘင်၊ ၂၃ ရက် ညတွင် ပုသိမ်မြို့ နာရေးကူညီမှုအသင်း ဓမ္မသဘင်၊ ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ဒေးဒရဲ မြို့နယ် ကျေးရွာများ ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး ဆရာတော်နှင့် ဆက်သွယ်လိုပါက စစ်ကိုင်းရွှေဟင်္သာ ဖုန်း–၀၇၂–၂၂၁၇၀၊ ၂၁၁၆၉၊ ရန်ကုန် ဖုန်း–၀၁–၆၅၁၁၉၄၊ မယ်တော်ကြီး အမှတ် ၂၇/က အောင်မေတ္တာလမ်းသွယ် (၁–နောက်)အောင်သစ္စာလမ်းမ ကုလားကျောင်းမှတ်တိုင် သမိုင်းလမ်းဆုံအနီး မရမ်းကုန်း ရန်ကုန်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် စာချစာသင်သံဃာတော်များ အရဏ်ဆွမ်းရည်စုး၍ ပဓာနနာယက ဆရာတော်ကြီးများထံ ဆန်အိတ် ၃၀၊ ဆီပိဿာချိန် ၃၀ အား အလှူရှင်ဦးထွန်းဉာဏ်အကျဉ်းဦးစီး(ငြိမ်း) ဒေါ်စောရီ (ထားဝယ်) တို့က ဆက်ကပ်လှူဒါန်းစဉ်။

(၀၃၆)

စူဠဝဂ္ဂဒီအဋ္ဌကထာထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၁၇

ပိဋကတ်သုံးပုံ အဋ္ဌကထာ ကျမ်းများထဲမှ စူဠဝဂ္ဂဒီအဋ္ဌကထာကျမ်းကို သာသနာရေးဦးစီးဌာနမှ ပြန်လည်ထုတ်ဝေပြီး သစ္စာမဏ္ဍိုင် ပိဋကတ်စာပေတိုက် ဖုန်း–၂၈၁၄၃၁၊ ၃၈၀၅၃၈၊ ၀၉–၈၀ ၂၁၆၈၀ က ဖြန့်ချိသည်။ **(ယာပုံ)** **(က–ပ)**

သုဝဏ္ဏမြို့ဦးစေတီဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်တိုင်း သဃင်္န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ဦး ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ဒသမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၂ ရက်မှစတင်၍ စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒခံယူပြီး ၂၅ရက်တွင် ဘုရားအနေကဇာတင်ပူဇော်ပြီး ၂၇ ရက်မှ ၃၁ ရက်အထိ ငါးရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်း ကျမ်းမြတ်ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၅ ရက်တွင် ဆရာတော်သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်လောင်းလှူပြီး ဖေဖော်ဝါရီ ၇ ရက်မှ ၁၆ ရက်ထိ ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ **(၀၅၂)**

စီးပွားရေးနှင့်စိုက်ပျိုးရေး နက္ခတ္တဗေဒစာအုပ်

ရန်ကုန် ဇန်နဝါရီ ၁၇

ဆရာကြီး ဒေါက်တာကံညွှန့် (မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့) ရေးသားသော စီးပွားရေးနှင့်စိုက်ပျိုးရေး နက္ခတ္တဗေဒ စာအုပ်အား မျက်နှာဖုံး ခွင့်ပြုချက် ၁၇/၂၀၀၄ (၁)ဖြင့် ဦးအောင်ကျော်မိုး ဆိုင်အမှတ်(၃) မဟာဝိဇယစေတီတော် တောင်ဘက်မုခ်မှ ရိုက်နှိပ်ဖြန့်ချိရန် စီစဉ်နေကြောင်း သိရသည်။ **(အပေါ်ပုံ)**

(က–ပ)

ဆိုင်သစ်ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၇

New York Export Fashion II (Men, Ladies and Kids Wear) ခေတ်မီအဆင့်အတန်းရှိပြီး ဈေးနှုန်းချိုသာသော Export Quality အဝတ်အထည်များကို နှစ်သက်အားပေးကြသော မိတ်ဟောင်းမိတ်သစ်များ အားလုံးအတွက် New York Export Fashion ဆိုင်ခွဲ II ကို ဆိုင်ခန်းအမှတ် ၁/၂ (တပ်မတော်မှတ်တမ်းရုံးအနီး) မိုးကောင်းလမ်းမကြီးပေါ်တွင် ဇန်နဝါရီ ၁၇ရက်မှစ၍ ထပ်မံဖွင့်လှစ်လိုက်ပါပြီ။ ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၁၇ရက် မှ ဇန်နဝါရီ ၃၁ရက်အထိ ဝယ်ယူအားပေးသူများကို ၁၀ ရာခိုင်နှုန်းဈေးလျှော့ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

Financial Management သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၇

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်နှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီလုပ်ငန်းများ ပိုမိုစနစ်ကျ ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့်၊ မြန်မာ့လူ့စွမ်းအားအရင်းအမြစ်ကုမ္ပဏီ (MHR) မှ ဘဏ္ဍာရေးစီမံခန့်ခွဲမှုပညာ Financial Management Training နှစ်လသင်တန်းကို ဇန်နဝါရီလ တတိယအပတ်မှစပြီး ရုံးချိန်၊ ကျောင်းချိန်ပြင်ပတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

တက်ရောက်နိုင်

MBA/DMA အချိန်ပြည့် သင်တန်းများတက်ရောက်ရန် မအားလပ်သည့် စီးပွားရေး လုပ်ငန်းရှင်များနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာဆုံးဖြတ်ချက်ချပေးရသော စီမံခန့်ခွဲသူများ၊ ဌာနဆိုင်ရာရုံးဝန်ထမ်းများ၊ အလုပ် စတင်ဝင်ရောက်တော့မည့် ဝိဇ္ဇာ/သိပ္ပံဘွဲ့ရများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်သည်။

ဆက်သွယ်စာရင်းပေး

လူဦးရေ ကန့်သတ်ထားသဖြင့် MHR အခန်း အမှတ် (၉၀၅) (၉) လွှာ အဆင့်မြင့် သံဈေးကွန်ဒိုလမ်းမတော်လမ်း၊ ဖုန်း–၇၀၇၈၂၂ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နိုင်ငံတော်က စိမ်ထူးချွန် (တတိယဆင့်)ကို ချီးမြှင့်ခံရသော ပန်းဘဲတန်းမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းအတွက် ဝမ်းမြောက်ဂုဏ်ယူရပါကြောင်း။

ဥက္ကဋ္ဌ
(၁ မှ ၁၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ပန်းဘဲတန်းမြို့နယ်



Happy Birthday
" Ko Than Naing Win"

ကိုသန်းနိုင်ဝင်းရဲ့ နှစ် (၃၀)မြောက် မွေးနေ့မှသည် ထာဝရ အောင်မြင် ပျော်ရွှင် ကျန်းမာပါစေ။

ဆုဆုဝင်း



နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော်သန့်ဇင်ထွန်း ၁၂/ဒဂန(နိုင်) ၀၃၀၉၃၀ နှင့် ကျွန်မ ထက်ထက်ဝင်း ၇/ညလပ(နိုင်)၁၀၁၆၈၆ တို့သည် ၁၂-၁-၂၀၀၄ ရက်တွင် စမ်းချောင်းမြို့နယ် တရားရုံး၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

သန့်ဇင်ထွန်း
၁၂/ဒဂန(နိုင်)၀၃၀၉၃၀
ထက်ထက်ဝင်း
၁၂/ညလပ(နိုင်) ၁၀၁၆၈၆

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

ဝိဇ္ဇာခရေ နေလအထူးကုဆေးခန်းမှ

အစွမ်းထက်မြက်သောဆေးဝါးများဖြင့် ကိုယ်ခန္ဓာခုခံအား ကျဆင်းနေသော ရောဂါ၊ အသည်းရောင်အသားဝါ ရောဂါအမျိုးမျိုးနှင့် သွေးတိုး၊ နှလုံး၊ တီဘီ၊ လေးဘက်နာ၊ သွေးကင်ဆာ စသောရောဂါများကို အဆင့်မြင့်ကုထုံးများဖြင့် ကုသပေးနေပါသည်။ ဓာတ်ခွဲခန်းမှ ပိုးအင်အားတိုင်းတာမှု စစ်ဆေးချက်များဖြင့် ဤဆေးခန်းသို့ အမြန်ဆုံးလာရောက် ဆေးကုသမှုခံယူပါ။

ကိုယ်ခန္ဓာစွမ်းအားများ တိုးတက်ကောင်းမွန်လာသည်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင် သိရှိခံစားရပါမည်။ မည်သည့်ရောဂါမျိုးမဆို ဝိဇ္ဇာခရေ ဆရာများထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

ဝိဇ္ဇာခရေနေလအထူးကုဆေးခန်း

အမှတ် ၆၄၊ ၁၂၄ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေးအနီး
ဆေးခန်းဖွင့်ချိန်- နံနက် ၉:၃၀ နာရီမှ ညနေ ၅:၀၀
ပိတ်ရက်- တနင်္လာနေ့နှင့် လပြည့်လကွယ်နေ့များ

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(၁) Sales Promoter (မ)

၁၀တန်းအောင်ပြီး အသက် ၂၅ နှစ်အောက် ဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်ပြီး အပြောအဆို ပြေပြစ် ယဉ်မွန်ရမည်။

(၂) Sales Man (ကျား)

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး အသက် ၃၅ နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိ၍ သွက်လက်တက်ကြွစွာ တာဝန်ထမ်းဆောင်နိုင်သူ ဦးစားပေးမည်။

(၃) Secretary

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိရမည်။ တရုတ်ဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကား ရေးသားပြောဆိုနိုင်ပြီး ကွန်ပျူတာ Word,Excel ကျွမ်းကျင်သူဖြစ်ရမည်။

(၄) Driver (ကျား)

၁၀တန်းအောင်ပြီး "င"လိုင်စင်ရှိရမည်။ အသက် ၃၅နှစ်အောက်၊ ယာဉ်မောင်းကျွမ်းကျင်၍ ယာဉ်မောင်းသက်တမ်း အနည်းဆုံး ငါးနှစ်ရှိပြီး ကျန်းမာရေးကောင်းမွန်၍ နယ်ခရီးအတွေ့အကြုံရှိရမည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။

အထက်ပါရာထူးအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ခြောက်လအတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်၊ လိပ်စာအပြည့်အစုံရေးသား၍ No.520,7th Fl,Excel Treasure Tower,Kabaraye Pagoda Rd,Yangon. သို့ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။



မြေနေရာငှားရန်

မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် ဈေးအနီး အမှတ် (၃) လမ်းမကြီးဘေး (ပေ ၆၀ x ပေ ၁၂၀) အုတ်တံတိုင်းခတ်ပြီး ပါဝါမီတာ၊ ရေမီးစုံ။

ဖုန်း-၆၉၀၁၉၃
၆၉၀၄၄၄

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ Si Hein Tun Trading Co.,Ltdသစ်တောဖက်စပ်သို့ ငွေပေးသွင်းသည့် ချလန်အမှတ် ၀၃၀၆၂/၁၂-၃-၂၀၀၂သည် ပျောက်ဆုံးသွားပါဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဦးသိန်းဇော်**
ဖုန်း-၀၉-၉၉-၂၁၈၉၀

အမည်ပြောင်း

ဦးသင်အောင်၏သား အထက (၁) ဒဂုံကျောင်း နဝမတန်း(L)မှ မောင်ကျော်ဖြိုးသက်အား ယနေ့မှစ၍ မောင်ဖြိုးသီဟကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဖြိုးသီဟကျော်။

ဖခင်အမည်မှန်

အလလ(၃)ဗဟန်း ပဉ္စမတန်းမှ မောင်အောင်သီဟကျော်၏ ဖခင်အမည်မှန်မှာ ဦးယဉ်ထွန်းအောင် ဖြစ်ပါကြောင်း။

ဦးယဉ်ထွန်းအောင်။



အမည်ပြောင်း

အဖ ဦးမောင်မောင်ဦး၏သမီး မမြင့်မြင့်ဇော်(MGK-၀၄၇၇၆၉) အား ယနေ့မှစ၍ မမြင့်မြင့်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

အမြန်ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ဝေဘာဂီမြို့သစ်၊ (၇)ရပ်ကွက် ပေ ၃၀ X ပေ ၅၀မြေနှင့် ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုးနှင့်အုတ်ညှပ်အဆောက်အအုံ ရေမီး၊ကားထားရန်နေရာရှိ အောင်မင်္ဂလာအဝေးပြေးနှင့်နီး၊ ညိုနိုင်းဈေး၊ ဖုန်း-၆၉၉၈၈၃ (ရုံးချိန်ပြင်ပ)

အမည်ပြောင်း

ဦးထွန်းအောင်၏သား(အထက-မြဝတီ) အဋ္ဌမတန်း(က)မှ မောင်အောင်မြတ်ထွန်းအား မောင်မင်းသူဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းသူ။

အမည်ပြောင်း

ဦးကျော်သူရ၏သား အထက(၃) ဒဂုံ(မြောက်) အဋ္ဌမတန်း(J)မှ မောင်ဖြိုးဝေဟန်အား မောင်ကျော်စွာဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကျော်စွာဟိန်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၁၇၇၁ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ကညန၊ခရိုင်ရုံး(သရက်)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန(သရက်)

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

သီဟသုဓမ္မမဏိဇောတဓရ၊ လူမှုထူးချွန် တတိယဆင့် ဦးစိုးမြင့် ဥက္ကဋ္ဌ အမ်အက်(ဖ်)အက်(ဖ်) ကုမ္ပဏီအား ၄-၁-၂၀၀၄ လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၄)ဖြင့် ထုတ်ပြန်သည့် လူမှုထူးချွန်တံဆိပ် ဒုတိယဆင့် ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆက်လက်၍ လူမှုရေးလုပ်ငန်းများနှင့် တိုင်းပြည်အကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်းကို ကန့်ဘလူမြို့နယ်မှ လှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြို့မိမြို့ဖအဖွဲ့ ကန့်ဘလူမြို့။

မဟာရွှေစည်ကြီးစေတီတော် ဂေါပကအဖွဲ့ ကန့်ဘလူမြို့။

အလုပ်အမှုဆောင်အဖွဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ကန့်ဘလူမြို့နယ်။

ဝမ်းမြောက် ဂုဏ်ပြုခြင်း

သုဓမ္မမဏိဇောတဓရ ဆရာဦးဘိုကြီး (ရုပ်ပျို) ရွှေဘိုမြို့

နိုင်ငံတော်က "သုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသော ဆရာဦးဘိုကြီး (ရုပ်ပျိုတိုင်းရင်းဆေး) ရွှေဘိုမြို့ (ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း)အား ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆက်လက်၍လည်း နိုင်ငံ့အကျိုး၊ တိုင်းရင်းဆေးပညာအကျိုးများကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

စစ်ကိုင်းတိုင်းအသင်းခွဲ
မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း။





အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးတောင်ပိုင်းရပ်ကွက် မြန်မာ့ဂုဏ်ရည်လမ်း အမှတ် ၁၅၁ နေ ဦးတင်ရွှေ ၁၂/မဂတ(နိုင်)၀၄၇၆၆၀၊ ဒေါ်မြခင် ၁၂/မဂတ(နိုင်) ၀၆၈၄၆၉ တို့၏ သမီးဖြစ်သူ မမြင့်မြင့်လွင်(ခ)မွှေးမွှေး ၁၂/မဂတ(နိုင်)၀၄၈၀၀၉ သည် မိဘ၊အဒေါ်တို့၏ ဆိုဆုံးမစကားများကို အကြိမ်ကြိမ်မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှလည်းကောင်း၊ အမွေစားအမွေခံသမီးအဖြစ်မှ လည်းကောင်း ရာသက်ပန် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ (လုံးဝ) တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးတင်ရွှေ ၁၂/မဂတ (နိုင်) ၀၄၇၆၆၀
ဒေါ်မြခင် ၁၂/မဂတ(နိုင်) ၀၆၈၄၆၉

ကျေးဇူးဆပ်ပါမည်

ကျွန်တော် လာလ်ရိဇမ်း၏ နိုင်ငံကူးလက်မှတ် ၄၉၆၉၉၈ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၅၈၀၉၁၈

အမည်ပြောင်း

ဦးစောရွှေမောင်၏ သမီး အထကမြောက်ဦးမြို့ နဝမတန်း (H)မှ မခင်နှင်းနွယ်အား မနွေးအိလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၂၈၄၉ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် လ/၁၀၀၇ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးအေးမြင့် B.E (Metallurgy)
ဗိုလ်သင်တန်း အပတ်စဉ် (၅၈)

မုဒုံမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးရန်ပုံငွေပွဲအတွက် သွားရောက်ဖြေဖျော်ခဲ့စဉ်က မိသားစုပမာ အစစအရာရာစောင့်ရှောက်ကူညီပေးခဲ့သော အစ်ကို ဒုတိယဗိုလ်မှူးကြီးအေးမြင့် ၈-၁-၂၀၀၄ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ချစ်ကောင်း၊ မေဌက္ကာ၊ ပေါ်လေး၊ ငွေမိုး
ကျေညီမလေး၊ နွဲ့ဒါလီလင်း၊ နွေးနွေးချစ်ဖွယ်
မျိုးအောင်(ဆို/ပျော်)၊ စိုးထက်နိုင်(ဆို/ပျော်)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၇က/၇၁၁၆ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်သက်လင်းအောင် ၅/ငဇန (နိုင်)၀၄၄၆၇၄ အား ကြော်ငြာသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ငွေရေး၊ ကြေးရေးအရှုပ်အရှင်း၊ လူမှုရေး အရှုပ်အရှင်းများကို တာဝန်ယူ ဖြေရှင်းမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

အဖ - ဦးစက်မောင်
မြို့သာ၊ငါန်းဇွန်မြို့နယ်
မန္တလေးတိုင်း

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါက်တာချားလ်(စ)ပန်းဂီး
အထူးအရေပြားကုဆရာဝန်ကြီး(ငြိမ်း)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး
အသက်(၆၈)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က/ခ)ရပ်ကွက်၊ က/၄လမ်း၊ အိမ်အမှတ်၂၃၄ နေ (ဦးပန်းဂီး–ဂေါ့အိုင်ဒါ)တို့၏သား၊ (မန်းအောင်မြိုင်)–ဂေါ့တင်မေတို့၏သားမက်၊ဒေါ်ခင်သက်မူ**(DSY)**–ဦးစိုးဝင်းထွန်း၊ မန်းလင်းရွှေ၊ ဂေါ့ရို့(စ်) မေရီတို့၏အစ်ကို၊ ဂေါ့ရှယ်လီမြိုင် (ခေတ္တ–စင်ကာပူ)၏ ခင်ပွန်း၊ စ'အောင်သက်စိုး–မမြတ်ဝင်းကြည်၊ နန့်စပယ်သင်း–စောဂျွန်နသန်**(PC Myanmar)**၊ နန့်ဇာနည်အေး**(YIEC)**–ကိုအောင်ဖုန်းရှိန်၊ စ'ဇော်သက်နိုင်၊ နန့်မေနှင်းသက်(ခေတ္တ–စင်ကာပူ)၊ စ'အောင်သက်ဝေ **(B.E)**တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် စင်ကာပူနိုင်ငံ **(NUH)**၌ ၁၆–၁–၂၀၀၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားသဖြင့် ၂၀–၁–၂၀၀၄ ရက် (အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် မဟာဗန္ဓုလပန်းခြံလမ်း၊ ဓမ္မနွေလ နှစ်ခြင်းအသင်းတော်၌ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေ သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးမင်းသိမ်း
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၈လမ်း၊ အမှတ် ၃၄၅ နေ (ဦးမင်းဒင်–ဒေါ်ခင်လှနွယ်)တို့၏သား၊ ဦးမင်းဇော် (စီးကရက်စက်ရုံ)၊ ဦးရဲထွန်း(ဒု–အင်/ယာမှူးကြီး–ပဆင)–ဒေါ်သီဂီမင်း၊ ဦးမျိုးညွှန့်စိုး–ဒေါ်သီတာမင်း၊ ဦးဗညားမွန်–ဒေါ်နီလာမင်းတို့၏ ညီ/မောင်၊ မစန္ဒာမင်း၊ မောင်ကျော်ဇင်မင်း၊ မောင်ကျော်နှင်းသူတို့၏ဖခင်၊ ဒေါ်မြင့်မြင့်(M.I.C.C.L၊ အမှတ်(၁) ကြေးနီသတ္တုတွင်း)၏ ခင်ပွန်း၊ တူတူမ လေးယောက်တို့၏ ဦးလေးသည် ၁၆–၁–၂၀၀၄ ရက် (သောကြာနေ့) ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်အင်(ခ)ဦးရောင်
(မြိတ်/မော်လမြိုင်)
အသက်(၅၅)နှစ်

မြိတ်မြို့နေ (ဦးဘဂွမ်–ဒေါ်အစ်–ဒေါ်ဌါ) တို့၏သား၊ မော်လမြိုင်မြို့နေ (ဦးလှဖေ)– ဒေါ်ခင်လှစီတို့၏ သားသမက်၊ မြိတ်မြို့နေ ဒေါ်ကြည်ဝါ၏ မောင်၊ ဦးနွဲ့ကြူ၊ ဦးဂွမ်ကြူ–ဒေါ်နုနုရီ၊ ဦးစိုးအေး–ဒေါ်အေးအေးမူ၊မော်လမြိုင်မြို့နေ ဦးမျိုးအောင်–ဒေါ်ရီရီခင်၊ ဦးဖြိုးဝေ–ဒေါ်အေးအေးရီတို့၏အစ်ကို၊ မမြတ်သီဂီ (စီးပွားရေး)၊ မောင်ဝင်းကျော်စိုး (အင်္ဂလိပ်စာ)တို့၏ဖခင်၊ဒေါ်ညွှန့်ညွှန့်ရီ၏ ခင်ပွန်းသည် ၁၅–၁–၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၁–၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည်ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂–H) မြေကွက်အမှတ်($\overline{V}$ ၁၀) ဒေါ်ခင်ညွှန့်အမည်ရှိ နှစ်(၉၀)ဂရန်မြေအား အမှတ်(၁၄)၊ ၁၃၇ လမ်းနေ ဦးလှထွန်းအောင် [၁၂/တမန(နိုင်)၁၄၉၉၇၉]က မြေပုံကူးခွင့်လျှောက်ထားခြင်းနှင့်

၂။ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၄ အီး၊ မြေကွက်အမှတ်(၂၇၈–ဘီ) ဦးဘထွန်းအမည်ရှိ နှစ်(၉၀)ဂရန်မြေအား တာမွေမြို့နယ်၊ အမှတ် ၆၁၊ သမိန်ဗရမ်းလမ်းနေ ဦးစိုးမြင့် [၁၂/ဥကတ (နိုင်) ၁၂၄၃၅၆]+၆က မြေပုံကူးခွင့်လျှောက်ထားရာ ရက်ပေါင်း(၃၀) အတွင်းကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ် ၃၀၊ ယောမင်းကြီးရပ်ကွက်တွင်တည်ရှိသော CENTURY BRIGHT STAR Co.,Ltd.ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၆၆၀/၁၉၉၆–၁၉၉၇မှ ဥက္ကဋ္ဌဦးအောင်ကိုကို[၁၂/ဒဂန(နိုင်) ၀၂၆၁၆၉] က အောက်ဖော်ပြပါတံဆိပ်အမည် အမှတ်အသားများကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၄/၇၂၅၆/၂၀၀၃)အရ တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

red earth
၄/၇၂၅၆/၂၀၀၃

အထက်ဖော်ပြပါ ဤကုမ္ပဏီမှ ဖြန့်ဖြူးရောင်းဝယ်သော အလှကုန်ပစ္စည်းအမျိုးမျိုးဖြစ်သည့် Lips,Eye, Mascara, Nail, Face, Brushes'Black Handle With Pvc Bag, Sponges" Packed With Adhesive Opp Bag, Accessories, Skin Care အစရှိသည့် အလှကုန်ပစ္စည်းအမျိုးမျိုးတို့ကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးတို့အပေါ်တွင် အသားတံဆိပ်အဖြစ်လည်းကောင်း၊ ကပ်နိုင်၍လည်းကောင်း တစ်ဦးတည်းမူပိုင်အဖြစ် ထုတ်လုပ်ဖြန့်ချိရောင်းဝယ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်များကို အသုံးပြုကပ်နိုင်ပြီး ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊နဝဒေးလမ်း၊ အမှတ် ၃၀၊ယောမင်းကြီးရပ်ကွက်တွင်တည်ရှိသော Century Bright Star Co., Ltd. အရောင်းပြခန်းနှင့် ဆီဒိုးနားဟိုတယ်အရောင်းပြခန်းတို့မှ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်တံဆိပ်အမည်အမှတ်အသားများကို Century Bright Star Co.,Ltd. ၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ပုံတူကူးယူခြင်း၊ သွယ်ဝိုက်၍တုပပြုလုပ်ခြင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်သုံးစွဲခြင်း၊ ၎င်းအမှတ်အသားကို တစ်နည်းနည်းဖြင့်အသုံးပြုခြင်းများ လုံးဝမပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။အကယ်၍ တုပပြုလုပ်ပြီးထုတ်လုပ်ဖြန့်ဖြူး ရောင်းဝယ် လက်ဝယ်ထားရှိသူ မည်သူ့ကိုမဆို တွေ့မြင်သိရှိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

Century Bright Star Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ထူးထူးလွင် B.Sc., H.G.P., D.B.L., D.M.L
ဥပဒေအကျိုးဆောင်နှင့် ကုမ္ပဏီဥပဒေအကြံပေး
အမှတ်(၁၇/က)၊သီရိမင်္ဂလာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း–၅၃၅၃၉၅။

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်ထားရွှေ
ဒုရဲအုပ်(ငြိမ်း)သတင်းတပ်ဖွဲ့
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊မြလမ်း၊အမှတ် ၆၊ ဒုတိယလွှာနေ (ဦးသိန်းမောင်–ဒေါ်ထင်)တို့၏သမီး၊ (ဦးမောင်မောင်သွန်း) ရဲမှူး(ငြိမ်း) သတင်းတပ်ဖွဲ့၏ဇနီး၊ ဦးရိုန်မြင့် [ဦးစီးမှူး(ငြိမ်း) မြန်မာ့လျှပ်စစ်]–ဒေါ်အေးသိန်း [ဦးစီးမှူး(ငြိမ်း)မြန်မာ့လျှပ်စစ်]တို့၏အစ်မ၊ [ဦးနှင်းဝေလွင် (RO)]–ဒေါ်ခင်မမသွန်း(New Campus)၊ ဦးတိုးလွင်(Ex;C/O-MV-NTR)–ဒေါ်မီမီသွန်း (S.A.T အထက–၁၊တာမွေ)တို့၏မိခင်၊ မောင်ရဲမင်းထွဋ်၊ မောင်တင်မင်းထွဋ်၊ မငြိမ်းဆုတိုး(ဒုနှစ်၊ EP၊ သန်လျင်၊နည်းပညာကောလိပ်)၊ မဖြူသဲနု (အထက–၂၊ဒဂုံ)၊ မောင်ဟန်သွန်းတိုး (အထက–၂၊ဒဂုံ)တို့၏ အဘွားသည် ၁၇–၁–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၁–၂၀၀၄ ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်ဆွေ(ခ) ဦးမြင့်ရွှေ
UK သင်္ဘောကြားစက်နှင့်ပွဲရုံလုပ်ငန်း

ပျော်ဘွယ်မြို့၊ မန္တလေးတန်းရပ်နေ (ဦးကြီးခိုင်)–ဒေါ်ကြည်တို့၏သားကြီး၊ ဦးခင်မောင်လွင်၊ ဒေါ်ချို၊ ကိုအောင်သန်းဝင်း၊ ကိုအောင်မြင့်ဝင်းတို့၏အစ်ကို၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊မမေကြည်ခိုင်၏ဖခင်သည် ၁၆–၁–၂၀၀၄ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးငယ်လေး၊ ဦးညီ၊ ဦးပိန်။

ဦးမောင်ချမ်း(ခ)
ဦးချန်းနား
(ထန်းတပင်)
အသက်(၉၃)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ (၁၄/၃) ရပ်ကွက်၊ ဆပ်သွားဖူးလမ်း၊ အမှတ် ၄၉/၂ နေ (ဒေါ်ကြင်နု)၏ခင်ပွန်း၊ ဒေါ်နီနီ၊ ဒေါ်ဖြူဖြူ (အကထ–၁၊ စမ်းချောင်း၊ ငြိမ်း)၊ ဒေါ်ညိုညို၊ဒေါ်ဝါ(အထက–၂၊ တောင်ဥက္ကလာပ၊ငြိမ်း)၊ ဦးမြင့်ဦး(တရားရုံးချုပ်)၊ ဦးဇော်လင်း–ဒေါ်ခင်မွေး (အထက–၂၊ ဗဟန်း)၊ ဦးဇော်ဝင်း–ဒေါက်တာဒေါ်ကြည်ကြည်ဝင်း (ခေတ္တ–စင်ကာပူ)၊ ဒေါ်ယဉ်ယဉ်နု (ရန်ကုန်တိုင်းကျန်းမာ၊ငြိမ်း)၊ ဦးမင်းဟန်–ဒေါ်မြမြစန်း၊ဦးသန့်ဇင်(ဒါရိုက်တာပထမပုဂ္ဂလိကဘဏ်)–ဒေါ်ဝါဝါမြင့်၊ ဒေါ်အိအိသန့် (အထက–၄၊ တောင်ဥက္ကလာ)၊ ဦးတင်မောင်မောင်ဝင်း – ဒေါ်ဝင်းဝင်းသန့် (U.F.L) တို့၏ဖခင်၊ မြေး၁၃ယောက်တို့၏ အဘိုးသည် ၁၇–၁–၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၁–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ်၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်တင်
(ကြို့ကုန်းအရှေ့)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ၅ လမ်း(မြောက်)၊ အမှတ် ၉၄ နေ ဖြူးကုန်းတောရစာသင်တိုက် တိုက်အုပ်ဆရာတော် ဦးကုမာရ၏မယ်တော်၊ (ဦးထွန်းရင်)၏ ဇနီး၊ (ဦးမြဟန်)–ဒေါ်သန်းအေး၊ ဦးထွန်းလင်း–ဒေါ်ငြိမ်းငြိမ်း၊ (ဦးမြဒင်)–ဒေါ်သန်းရွှေ၊ ဦးထွန်းပ–ဒေါ်လှလှညွှန့်၊ ဦးအောင်မင်း–ဒေါ်သန်းရီ၊ ဒေါ်သန်းမေ၊ ဦးသန်းထွန်း–ဒေါ်ခင်ခင်ဝင်း၊ ဦးမြင့်သိန်း–ဒေါ်တင်အုန်း၊ ဦးစိန်ထွန်း–ဒေါ်တင်တင်ရီ၊ ဦးတင်ချို–ဒေါ်သန်းထွေးတို့၏မိခင်၊ မြေး ၃၆ ယောက်၊ မြစ် ၂၃ ယောက်တို့၏အဘွားသည် ၁၇–၁–၂၀၀၄ ရက် နံနက် ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

၂၃–၁–၂၀၀၄ ရက် (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်စိုး(ခ)ရှီကျန့်လုံ
အသက်(၈၄)နှစ်

မော်လမြိုင်မြို့၊ အမှတ် ၈၊ မျက်တန်းလမ်းနေ ဒေါ်လှမြင့်၏ခင်ပွန်း၊ ဒေါ်တင်တင်အေး–ဦးလှဖေမြင့်၊ ဦးစိုးမော်–ဒေါ်ဥမ္မာကြည်၊ ဦးအေးမော်–ဒေါက်တာယဉ်ယဉ်စိန်တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၆–၁–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၁–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးတိုက်အောင်(ငြိမ်း)
(အောင်လံ)
ဒု–ညွှန်မှူး(နယ်စပ်/စည်ပင်)(ငြိမ်း)
ဗိုလ်သင်တန်းအပတ်စဉ်(၄၂)
အသက်(၆၀)

အောင်လံမြို့၊ တရော်ကုန်းရပ်နေ (ဦးထွန်းဝင်း–ဒေါ်အေးတင်) တို့၏သား၊ (ဦးကြည်–ဒေါ်လုံးကြင်)တို့၏ သားသမက်၊ မုံရွာမြို့နေ ဒေါ်ကြည်ကြည်အောင်၏ခင်ပွန်း၊ ကိုအောင်ဆန်းဇော်–မသီဂီတိုး၊ ကိုရဲထွန်းအောင်–မနှင်းယုယုအောင်၊ကိုဇာနည်အောင်၊ ကိုအောင်ဆန်းထွေး၊ မခင်မြတ်မြတ်မိုးတို့၏ဖခင်၊ မြေးသုံးယောက်၏အဘိုးသည်၁၀–၁–၂၀၀၄ ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၁–၂၀၀၄ ရက် ညနေ ၄ နာရီတွင် မုံရွာမြို့၊ညောင်ပင်ရှည်သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စောဖြူချော (သာပေါင်း)
အသက်(၃၂)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မ/၁၁၂၂၊ ဦးထွန်းစိန်ကုန်း၊ ဟိုက်ပတ် ၂ လမ်း၊ တောင်သူကုန်း ရပ်ကွက်နေ ဦးစောသာပလေး–နော်စဲလေးဝါးတို့၏ သား၊ နော်မေရီဂျွန်၏ခင်ပွန်း၊ နော် Blessing၊ နော် Praising တို့၏ ဖခင်၊ သိက္ခာတော်ရ ဆရာဦးစောဂျွန်ချစ် (သက်ရင်းကုန်းအသင်းတော်)–နော်မူးရင်တို့၏ သားသမက်၊ နော်နုနုရွှေ (မီးမီး)၊ (ကိုမင်းမင်းထွန်း–မီးငယ်)၊ နော်ခင်သန္တာထွေး (ထွေးငယ်)တို့၏ အစ်ကိုသည် Cyprus (ဆိုက်ပရပ်) နိုင်ငံ၌ ၂၀–၁၂–၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇–၁–၂၀၀၄ရက် နံနက်၁၀နာရီတွင် ထိန်ပင် ခရစ်ယာန်သချိုင်း၌ မြေသို့ အပ်နှံပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

လင်စုဖွန်(ခ)ဒေါ်အေး
လှိုင်မြို့နယ်
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၉၁– A3၊ အခန်း ၄၊ သံလွင်လမ်းနေ (ဦးတင်မောင်(ခ)ခေါအိချွန်း) ၏ဇနီး၊ ဦးကြည်စိန်–ဒေါ်လတ်ခင်၊ ဦးမောင်မောင်အေး–ဒေါ်စန်းနွဲ့၊ ဦးသိန်းဟန်–ဒေါ်ခင်ခင်အေး၊ ဦးဘိုလေး– ဒေါ်မီမီ၊ ဦးဌေးအောင်–ဒေါ်သဇင်နွယ်၊ဒေါက်တာတင်အေး–ဒေါ်ထွေးဝင်းတို့၏မိခင်၊ မြေး ၁၉ ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၁၆–၁–၂၀၀၄ ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၁–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ဇရပ်၊ ရဟန်းဒါယိကာမကြီး
ဒေါ်ဘီဘီ
(စစ်ကိုင်း/ရွာထောင်)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ အမှတ် ၅၅၊ မန္တလေးလမ်းနေ (ဦးထွန်းကြိုင်)၏ ဇနီး၊ အမှတ် ၄၃၊ (၈၉)လမ်းနေ (ဦးထွန်းအောင်)–ဒေါ်မူနီ၏အစ်မ၊ ဦးမောင်မောင် – ဒေါ်အမာစိန် (ဗိုလ်ချုပ်ဈေး)၊ ဦးကျော်ဝင်းထွန်း–ဒေါ်အမာရီ (ယုဇနပလာဇာ)၊ ကိုမောင်မြင့်–မမာလာ(ဗိုလ်ချုပ်ဈေး)၊ မဝေဝေ (ဗိုလ်ချုပ်ဈေး)၊ကိုသက်တင်–မဆွေဆွေ၊ ကိုမောင်မောင်၊ ကိုမင်းအောင်–မသီဂီတို့၏ မိခင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁၆–၁–၂၀၀၄ ရက် ည ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၁–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအဝေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ယဉ်ယဉ်စမ်း
B.Sc,B.Ed
အ–ထ–ပြ(ငြိမ်း)၊အထက–(၁) ကျောက်တန်း
အသက်(၆၀)

ကျောက်တန်းမြို့နေ (ဦးချစ်ရင်–ဒေါ်အေးဆယ်)တို့၏သမီး၊ (ဦးလူကလေး–ဒေါ် ငွေကျင်)တို့၏သမီးချွေးမ၊ အမှတ် ၈၁၈(က)၊မာဃ ၁၀လမ်း၊(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေဦးအောင်သိန်း (ဦးစီးမှူး၊ ကျောက်တန်း သ/မဦးစီးဌာန၊ ငြိမ်း) ၏ဇနီး၊ ဒေါက်တာနိုင်လင်း (ပထမနှစ်၊ ဆေးပညာမဟာသိပ္ပံ၊ ခွဲစိတ်ကုပညာ၊ ဆေးတက္ကသိုလ်(၂)၊ရန်ကုန်)–ဒေါက်တာဖြူဝင်းအိ၊ ဒေါက်တာသီဂီဝင်း (လ/ထဆရာဝန်၊ ရန်ကုန်ကလေးဆေးရုံကြီး)တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၁၇–၁–၂၀၀၄ ရက်တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၁–၂၀၀၄ ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် စံပြဆေးရုံကြီးအအေးခန်းမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မသန္တာဝင်း(နီးနီး)
အသက် (၃၂)နှစ်

ရန်ကင်းမြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ တိုက် ၂၇၅၊ အခန်း ၁၃နေ ဦးဝင်းမောင်–(ဒေါ်လေးလေးရီ) တို့၏ သမီးလတ်၊ အမှတ် (၃)ရပ်ကွက်၊ ၁၂ လုံးတန်း၊ တိုက် ၂၁၅၊ အခန်း ၅ နေ ဦးအုန်းခင်–ဒေါ်သန်းချစ် တို့၏ သမီးချွေးမ၊ ကိုညီညီဝင်း–မမေမြတ်သူအောင်၊ မနီနီဝင်းတို့၏ညီမ၊ မကလျာဝင်း၏ အစ်မ၊ မစန္ဒာဝင်း၊ကိုလွင်မွန်–မသိန်းညို၊ ကိုမျိုးသန့်–မနီလာဝင်း တို့၏ညီမ၊ မောင်အောင်နိုင်ထွန်း၏ဇနီး၊မောင်ဝေယံထွဋ်၏မိခင်သည် ၁၇–၁–၂၀၀၄ ရက် (စနေနေ့) နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၁–၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(၁၂ လုံးတန်းနေအိမ်မှ ကားများ နံနက် ၁၁ နာရီ တွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ရွှေ
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်ကြီးရပ်ကွက်၊ အမှတ် ၅၁ ၊ဒဂုံသီရိလမ်းနေ (ဦးအုံးဂုံး–ဒေါ်ငွေညွန့်) တို့၏သမီး၊ (ဒေါ်ခင်မေ)၊ (ဦးထွန်းစိန်) တို့၏ညီမ၊ (ဦးစိန်မောင်–ဒေါ်အေးသန်း) တို့၏ အဒေါ်၊ (ဦးအောင်မြင့်)– ဒေါ်အေးသန်း တို့၏မိခင်၊ ကိုလှဌေး (MEPE)–မဌေးဌေးဝင်း(MEPE)၊ ကိုလှမင်း–မငယ်၊ ကိုမြင့်ဆွေ–မခင်ခင်အေး၊ ကိုမင်းမင်း–မစီစီလွင်၊ ကိုသီဟအောင်–မခိုင်စပယ်ဟန်တို့၏အဘွား၊ မြေး ၁၅ ယောက်၊ မြစ် ၂၁ ယောက်တို့၏အဘွားသည် ၁၇–၁–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉–၁–၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက် ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ဦးကြည်ရှိန် (အဖျောက်)
ကပရ(ငြိမ်း)၊ဘုရင့်နောင်
အသက်(၆၆)နှစ်

ဥက္ကံမြို့နေ(ဦးဘိုးဘ–ဒေါ်ကျင်စု) တို့၏သား၊ အဖျောက်မြို့နေ (ဦးစောရွှေ)–ဒေါ်ကြွက် တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ် လှည်းတန်း၊ ထန်းတပင်အနောက်ပိုင်းလမ်း၊ အမှတ် ၈ နေ ဒေါ်အမာတူး၏ခင်ပွန်း၊ ဦးဇော်ဝင်း–ဒေါ်ကြည်ကြည်မာ၊ ကိုနေမျိုးထွန်း (ခေတ္တ–မလေးရှား)၊ မမြမြစိမ်း (ဘုတ်ကြီး) တို့၏ဖခင်၊ မထူးပြည့်လှိုင် (X-A၊အထက–၂၊ ကမာရွတ်)၏အဘိုးသည် ၁၇–၁–၂၀၀၄ ရက် (စနေနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၁–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သီ (ရွှေဆိုင်)
မြစ်ကြီးနား
အသက်(၆၆)နှစ်

မြစ်ကြီးနားမြို့၊ အမှတ် ၄၈၊ မင်းရပ်နေ (ဦးကြီးမြင့်)၏ဇနီး၊ ကိုစိန်လင်း၊ မသဇင်ဝင်း၊ ကိုစိန်ဝင်း၊ မရင်ရင်ဟာ၊ ကိုစံဝင်း၊ မခင်ပြုံးမြင့်၊ ကိုကြည်ထွန်း၊ မလွယ်အောင်တို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် မန္တလေးမြို့တွင် ၁၇–၁–၂၀၀၄ ရက် (စနေနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၁–၂၀၀၄ ရက်တွင် ကြာနီကန်သုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမြင့်ဆွေ(ခ)ဦးမြင့်ရွှေ
UK˚ သင်္ဘောကြားစက်နှင့် ပွဲရုံလုပ်ငန်း
အသက်(၅၄)နှစ်

ပျော်ဘွယ်မြို့၊ မန္တလေးတန်းရပ်နေ (ဦးကြီးခိုင်)–ဒေါ်ကြည် တို့၏သားကြီး၊ ဦးခင်မောင်လွင်၊ ဒေါ်ချို၊ ကိုအောင်သန်းဝင်း၊ ကိုအောင်မြင့်ဝင်း တို့၏ အစ်ကို၊ ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်း၊ မမေကြည်ခိုင် (ဆဋ္ဌမတန်း၊ ပန်းစုံကျောင်း)၏ဖခင်သည် ၁၆–၁–၂၀၀၄ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၁–၂၀၀၄ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကိုမောင်မောင်
အုန်းတောဆင်မလိုက်
အသက်(၃၉)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက် အမှတ် ၉၇၊ အခန်းအမှတ် ၀၀၁ နေ (ဦးစံမြင့်)–ဒေါ်တွတ် တို့၏သား၊ ဦးစိုးမြင့်–(ဒေါ်အုန်းရီ)တို့၏ သားသမက်၊ ဦးမြင့်အောင်–ဒေါ်သန်းသန်းအေး တို့၏မောင်၊ မောင်ထက်အောင်ခိုင်၊ မောင်တင်ထွဋ်အောင် တို့၏ဦးလေး၊ မဆွေဇင်ဝင်း၊ မောင်အောင်ကျော်ဇင်၊ မခိုင်သဥ္ဇာပိုမို တို့၏ဖခင်၊ မမိမိမော်၏ ခင်ပွန်းသည် ၁၆–၁–၂၀၀၄ ရက် (သောကြာနေ့) တွင် ကွယ်လွန်သွား၍ ၂၀–၁–၂၀၀၄ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီ တွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်ကြီး
(မအူပင်ရေလဲ)
အသက်(၁၀၅)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ အမှတ်၁၂၆၊ သုခမလမ်းနေ ဒေါ်သန်းထုံ၏ ခင်ပွန်း၊ (ဦးမိုးတင်–ဒေါ်ကင်) တို့၏ သား၊ (ဦးချစ်ဆိုင်–ဒေါ်စောရွှေ)၊ (ဦးချစ်ဆိုင်–ဒေါ်မြကြိုင်)တို့၏ ဖခင်၊ မြေးရှစ်ယောက်၊ မြစ် ၁၁ ယောက်တို့၏ အဘိုးသည် ၁၇–၁–၂၀၀၄ ရက် (စနေနေ့) နံနက် ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉–၁–၂၀၀၄ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါက်တာချားလ်(စ)ပန်းဂီး
Dr.Charles Pangi
အရေပြားအထူးကုဆရာဝန်ကြီး (ငြိမ်း)
ရန်ကုန် ပြည်သူ့ဆေးရုံကြီး
အသက်(၆၈)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မြို့သစ် (က/ခ)ရပ်ကွက်၊က ၄လမ်း၊ အိမ်အမှတ် ၂၃၄ နေ (Mr.P. Pangi+Ida Pangi)တို့၏သား၊ (မန်းအောင်မြိုင်)–ဂေါ့တင်မေတို့၏ သားသမက်၊ ဂေါ့ရှယ်လီမြိုင် (ခေတ္တ–စင်ကာပူ) ၏ ခင်ပွန်း၊ ဒေါ်ခင်သက်မူ (ခ)Miranda Pangi (DSY)–ဦးစိုးဝင်းထွန်း၊(Rose Mary Pangi-(မန်းထွန်းဖေ)၊ Lincoln Pangi (ခ) ဦးစိုးအောင်–Jenny Win၊ ဦးတိုးအောင်၊ ဦးမျိုးအောင်(ခေတ္တ–တိုကျို)–ဒေါ်တိုးတိုးမြ၊ ဒေါ်နှင်းနှင်းအေး–ဦးအေးသွင် (ခေတ္တ–ကိုရီးယား)၊ မဇွန်သက်စိုးတို့၏ ဦးကြီးသည် စင်ကာပူနိုင်ငံ N.U.H ၌ ၁၆–၁–၂၀၀၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀–၁–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် မဟာဗန္ဓုလပန်းခြံလမ်း၊ ဓမ္မနွေလ နှစ်ခြင်းအသင်းတော် Immanuel တွင် ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေ သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ဦးကြည်ရှိန် (အဖျောက်)
ကပရ(ငြိမ်း)၊ဘုရင့်နောင်
အသက်(၆၆)နှစ်

ဥက္ကံမြို့နေ (ဦးဘိုးဘ–ဒေါ်ကျင်စု) တို့၏သား၊ အဖျောက်မြို့နေ (ဦးစောရွှေ)–ဒေါ်ကြွက် တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ် လှည်းတန်း၊ ထန်းတပင်အနောက်ပိုင်းလမ်း၊ အမှတ် ၈ နေ ဒေါ်အမာတူး၏ခင်ပွန်း၊ ဦးမြင့်အောင်–ဒေါ်မြသိန်း၊ ဦးကျင်အေး–(ဒေါ်မြင့်ကြည်)၊ ဦးစိန်–ဒေါ်ခင်မြင့်၊ ဦးထွန်းလှ၊ အဖျောက်မြို့နေ ဦးပါကြီး–(ဒေါ်လွန်းရွှေ)၊ ဦးပိုကာ–ဒေါ်တင်မေ၊ ဦးကြည်မောင်–ဒေါ်ခင်သန်းမူ၊ ဒေါ်ခင်စောမူ (ဒေါ်ငယ်မ လှည်းတန်းဈေး)၊ ဦးလှိုင်မိုး–ဒေါ်ခင်မြင့်မူတို့၏အစ်ကိုကြီးသည် ၁၇–၁–၂၀၀၄ ရက် (စနေနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၁–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်း၊မွေးရုံဒါယကာ
ဦးကျော်ဝင်း(ဖားကန့်)
မိုးသဇင်ထွန်း
ကျောက်မျက်ရတနာကုမ္ပဏီ
အသက်(၄၂)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၂)ရပ်ကွက်၊ ပ–၄/၆၁၊ ၆၂ လမ်း၊ ၄၁/၄၂ လမ်းကြားနေ ဒေါ်ခင်တင့်၏ခင်ပွန်း၊မောင်နေမျိုးထွန်း၊ မဇာဇာထွန်း၊ မောင်နေလင်းထွန်း၊ မမိုးသဇင်ထွန်းတို့၏ဖခင်သည် ၁၄–၁–၂၀၀၄ ရက် ည ၁၁ နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၁–၂၀၀၄ ရက်တွင် တောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

မြန်မာ့မဟာဂီတကိုစနစ်တကျလေ့လာသင်ယူနိုင်ရေးနှင့် နိုင်ငံတကာသို့ဝင်ဆံ့ရေး ယဉ်ကျေးမှုကဏ္ဍနှင့် ကွန်ပျူတာနည်းပညာကဏ္ဍများ ပေါင်းစပ်ကြိုးပမ်းထား မြန်မာ့မဟာဂီတအခြေခံစီဒီရွှမ်ပေါ်ထွန်းလာခြင်းအတွက် ချီးကျူးဂုဏ်ပြုကြောင်းဆို

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ **Inforithm-Maze Co.,Ltd.** မှ မန်နေဂျင်းဒါရိုက်တာ ဦးသောင်းစုငြိမ်းက မြန်မာ့မဟာဂီတ အခြေခံစီဒီရွှမ်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား မြန်မာ့မဟာဂီတ အခြေခံစီဒီရွှမ်သရုပ်ပြရှင်းလင်းခြင်းနှင့် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မြန်မာ့မဟာဂီတ အခြေခံစီဒီရွှမ်များ လက်ခံသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ Inforithm-Maze Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများ၊ ဂီတပညာရှင်များ၊ စာနယ်ဇင်းများမှပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ ကွန်ပျူတာပညာရှင်များအသင်း၊ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ ကွန်ပျူတာဝါသနာရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မဟာဂီတအခြေခံသင်ရိုးထိန်းသိမ်း

ရှေးဦးစွာ Inforithm-Maze Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးသောင်းစုငြိမ်းက မြန်မာ့မဟာဂီတ အခြေခံစီဒီရွှမ်အကြောင်း ရှင်းလင်းတင်ပြရာတွင် မြန်မာ့မဟာဂီတအခြေခံ CD-Rom ကို–

စာမျက်နှာ ၇ ကော်လံ ၁ ●

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နာဂရိုးရာနှစ်သစ်ကူးပွဲတော်တက်ရောက် နာဂတိုင်းရင်းသားအကြီးအကဲများအား လက်ဆောင်များပေးအပ်၊ အမှတ်တရဓာတ်ပုံရိုက် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအထောက်အကူပြု

ရန်ကုန် ဇန်နဝါရီ ၁၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စစ်ကိုင်းတိုင်း ခန္တီးခရိုင် လေရှီးမြို့ ရိုးရာအားကစားကွင်း၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် ကျင်းပသည့် ၂၀၀၄ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို တက်ရောက်အားပေးပြီး နာဂတိုင်းရင်းသားအကြီးအကဲများအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ▼

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ စစ်ကိုင်းတိုင်း ခန္တီးခရိုင် လေရှီးမြို့တွင် ကျင်းပသော ၂၀၀၄ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် နာဂတိုင်းရင်းသားအကြီးအကဲများနှင့် အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ **(သတင်းစဉ်)**